လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)

# ကလေးသူငယ်အခွင့်အရေးနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများအားကာကွယ်မှုဆိုင်ရာ

## သင်တန်းနည်းပြလမ်းညွှန်

# HOW TO GET INVOLVE IN CHILD PROTECTION

ကလေးတွေကိုဘယ်လို
ကာကွယ်ပေးနိုင်မှာလဲ

Plus

12

Chapters

## WHAT ARE CHILDREN

ကလေးဆိုတာဘာလဲ

ကလေးသဘာဝ၊ အဓိပ္ပာယ်နှင့်
ကလေးအခွင့်အရေးဆိုင်ရာ
အကြောင်းအရာများ



ကလေးစစ်သား
ပြဿနာ မြေမြှုပ်မိုင်းအကြောင်း

ကလေးစစ်သားများကို
စနစ်တကျမည်သို့
လက်နက်ဖြုတ်သိမ်းပြီး
လူ့အသိုင်းအဝန်းနှင့်သဟဇာတ
ဖြစ်ဖို့မည်သို့ပြန်လည်ပျိုးထောင်မည်နည်း။

ကလေးအခွင့်အရေးလုပ်ဆောင်သူတိုင်း မရှိမဖြစ်ကိုင်စွဲသင့်သည့်စာအုပ်ကောင်းတစ်အုပ်

# မာတိကာ




**သင်ခန်းစာ (၁)**
ကလေးသဘာဝနှင့် ကလေးသဘောသဘာဝ အရေးကြီးပုံ ၄

**သင်ခန်းစာ (၂)**
ကလေးအဓိပ္ပာယ်နှင့် ကလေးအခွင့်အရေးဆိုင်ရာ သဘောသဘာဝ ၉

**သင်ခန်းစာ (၃)**
နိုင်ငံတကာ ကလေးအခွင့်အရေးစာချုပ် ၁၂

**သင်ခန်းစာ (၄)**
ကလေးများကို ကာကွယ်ခြင်း ၁၉

**သင်ခန်းစာ (၅)**
လက်နက်ကိုင် ပဋိပက္ခအတွင်းရှိ ကလေးများ ၂၄

**သင်ခန်းစာ (၆)**
ကလေးစစ်သား ၂၈

**သင်ခန်းစာ (၇)**
မြေမြှုပ်မိုင်းများ ၃၀

**သင်ခန်းစာ (၈)**
လက်နက်ကိုင် ပဋိပက္ခအတွင်းရှိ ကလေးများနှင့် နိုင်ငံတကာဥပဒေများ ၃၅

**သင်ခန်းစာ (၉)**
လက်နက်ကိုင် ပဋိပက္ခအတွင်းရှိ ကလေးများနှင့်ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂ၏ အခန်းကဏ္ဍ ၃၈

**သင်ခန်းစာ (၁၀)**
ဆန္ဒမွန်ကတိပြုမှု စာချွန်လွှာနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ အကြံပြုချက်များ ၄၅

**သင်ခန်းစာ (၁၁)**
ဒီဒီအာ လုပ်ငန်းစဉ် ၅၀

**သင်ခန်းစာ (၁၂)**
လက်နက်ကိုင် ပဋိပက္ခအတွင်းရှိကလေးများ အခွင့်အရေးချိုးဖောက်ခံရမှုရပ်တန့်၊
လျော့နည်းလာစေရေးလုပ်ငန်းတွင် စစ်မှုထမ်းများ၏ အရေးကြီးသောအခန်းကဏ္ဍ ၅၄






# အမှာစာ

လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ) သည် လူ့အခွင့်အရေး ပညာပေးခြင်းလုပ်ငန်းကို အဓိကလုပ်ဆောင်လျက်ရှိသောအဖွဲ့ဖြစ်ရာ ကလေးသူငယ်ဆိုင်ရာအခွင့်အရေးပညာပေးခြင်းသည်လည်း အဓိကလုပ်ဆောင်နေသော အကြောင်းအရာတခုအဖြစ်ပါဝင်သည်။ ကလေးသူငယ် အခွင့်အရေးများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရှိပြည်သူများအကြားနှင့် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၊ ကလေးများကြားတွင် စဉ်ဆက်မပြတ် ပညာပေးပို့ချမှုများကို ၂၀၀၀ ပြည့်နှစ်မှ စတင်လုပ်ဆောင်ခဲ့ပါသည်။

ကလေးအခွင့်အရေးများအကြောင်း လှုံ့ဆော်ပညာပေးနေရင်း မြန်မာနိုင်ငံရှိလက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများအပေါ် ကျရောက်နေလျက်ရှိသောအဖြစ်အပျက်များကို သတိပြုမိလာပါသည်။ လက်နက်ကိုင်ပဋိပက္ခအတွင်းရှိကလေးများအားကာကွယ်စောင့်ရှောက်ရန် လိုအပ်ကြောင်းကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာကလဲ အထူးအာရုံစိုက်ကြိုးပမ်းလာရာ မြန်မာနိုင်ငံ လက်နက်ကိုင် ပဋိပက္ခရှိကလေးများအား ကာကွယ်စောင့်ရှောက်မှုများကို လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ထို့အတွက်ကြောင့် လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ) သည် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားနေသည့် မြန်မာနိုင်ငံနယ်စပ်ဒေသမှ အစိုးရမဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့ဆယ်ဖွဲ့အတွင်း ၂၀၀၄ ခုနှစ်မှစတင်၍ ကလေးအခွင့်အရေးနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများအား ကာကွယ်ရေးဆိုင်ရာ အသိအမြင်ဖွင့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။

ဤကလေးသူငယ်အခွင့်အရေးနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများအားကာကွယ်မှုဆိုင်ရာ သင်တန်းနည်းပြလမ်းညွှန်ကို ဖြတ်သန်းလာသော (၇)နှစ်တာသင်တန်းအတွေ့အကြုံများမှ အခြေပြုပြီး ပြုစုရေးသားထားခြင်းဖြစ်ပါသည်။ ကလေးသူငယ်အခွင့်အရေးနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများအား ကာကွယ်မှုဆိုင်ရာအကြောင်းအရာကို စစ်ဖက်ရေးရာဝန်ထမ်းများအတွက် သင်တန်းပုံစံဖြင့်ပို့ချနိုင်ရန် အထောက်အကူဖြစ်နိုင်မည့် သင်ခန်းစာပုံစံများအား လက်ရှိအခြေအနေနှင့်ကိုက်ညီသော သတင်းအချက်အလက်များနှင့် ဖြည့်စွက်ပြင်ဆင်ထားပါသည်။

ဤသင်တန်းနည်းပြလမ်းညွှန်ဖြစ်မြောက်ရေးအတွက်ကူညီပံ့ပိုးပေးသော ဝန်ထမ်းများနှင့် ငွေကြေးပံ့ပိုးပေးသော terre des hommes Germany ကို ကျေးဇူးအထူးတင်ရှိပါသည်။ ဤသင်တန်းလမ်းညွှန်သည် လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများအားကာကွယ်မှုအကြောင်း ပညာပေးစည်းရုံးလှုံ့ဆော်ရာတွင် တဖက်တလမ်းအနေဖြင့်အကျိုးပြုနိုင်မည်ဟု ယုံကြည်ပါသည်။

အောင်မျိုးမင်း
ဒါရိုက်တာ
လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)




**တည်းဖြတ်**
အောင်မျိုးမင်း

**ရေးသားသူ**
ပန်စွန် (ကလေးအခွင့်အရေးတာဝန်ခံ)

**ထုတ်ဝေသူ**
လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)

**ဂရပ်ဖစ်နှင့်လေးအောက်ဒီဇိုင်း**
လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)

**ထုတ်ဝေသည့်ခုနှစ်**
မတ်လ ၂၀၁၃

**ထုတ်ဝေသည့်အရေအတွက်**
အုပ်ရေ ၁၅၀၀

**ဆက်သွယ်ရန်**
hreburma@hreib.com

**သင်ခန်းစာ (၁)**

# ကလေးဘဝနှင့် ကလေးဘဝ အရေးကြီးပုံ

### ရည်ရွယ်ချက်

- ကလေးဘဝအဓိပ္ပာယ်ကို သိလာစေရန်။
- ကလေးဘဝဖွံ့ဖြိုးလာမှုအဆင့်များကို သိလာစေရန်။
- ကလေးဘဝအတွေ့အကြုံများကြောင့် လူကြီးဘဝတွင် သက်ရောက်စေနိုင်သည့် အကျိုးဆက်များကို သိလာစေရန်။

### လှုပ်ရှားမှု (၁) . . .

- အဖွဲ့ (၄)ဖွဲ့ခွဲသည်။
- အုပ်စုခွဲပြီး ကလေးဘဝကို ပြန်လည်သတိရလာစေရန် ကလေးဘဝကဆိုခဲ့သော ကလေးသီချင်းများကို အမူအယာနှင့်တကွ တဖွဲ့ပြီးတဖွဲ့ ဆိုစေသည်။

### ဆွေးနွေးမှု

- သီချင်းဆိုပြီးပါက သင်တန်းသူ/သားများအား ခံစားချက်များနှင့် ဘာ့ကြောင့်ထိုသို့ ခံစားရသလဲဆိုသည်ကို ပြောစေသည်။



### လှုပ်ရှားမှု (၂) . . .

- ကလေးသဘာဝပျော်ရွှင်စွာ ကစားနေသော အမှတ်ရစရာ ကလေးများ၏ ပုံရိပ်များကိုအုပ်စုလိုက် ပုံဖော်ရေးဆွဲစေသည်။

### ဆွေးနွေးမှု

- ထိုပုံရေးဆွဲပြီးပါက တဖွဲ့ချင်းစီမှ မိမိရေးဆွဲထားသောပုံကို အားလုံးသဘောတူသော အမည်ပေးစေမည်။
- တဖွဲ့ချင်းစီရေးဆွဲထားသောပုံများသို့ တဖွဲ့ပြီးအဖွဲ့လည်ပတ်ကာ ထပ်မံသိလိုသောအချက်များကို မေးမြန်းစေမည်။
- သင်တန်းသူ၊ သားများအား ထိုပုံရေးဆွဲနေစဉ် ဘယ်လိုခံစားရလဲနှင့် ဘာကြောင့်ထိုသို့ခံစားရသလဲ ဆိုတာကိုပြောစေသည်။
- ဒီလိုပျော်ရွှင်စရာများ သို့မဟုတ် အမှတ်ရစရာများနှင့် ပြည့်ဝနေတဲ့ အချိန်ကာလ အပိုင်းအခြားလေးကို ယေဘုယျအားဖြင့် လူ့ဘဝ၏ ဘယ်လိုအချိန် သို့မဟုတ် အစိတ်အပိုင်းဟု သတ်မှတ်ခေါ်ဝေါ်ကြပါသလဲ။ ( ထိုကာလအပိုင်းအခြားကို ကလေးဘဝ (childhood) ဟုခေါ်ပါသည်။)

**ဗဟုသုတပေးခြင်း**

**ကလေးဘဝအဓိပ္ပာယ်**

ကလေးဘဝဆိုသော စကားလုံးကို တိတိကျကျ အဓိပ္ပာယ်သတ်မှတ်ထားမှု မရှိပေ။ နို့စို့အရွယ်မှ အရွယ်ရောက်သူ အဖြစ်သို့မရောက်ခင် စပ်ကြားကာလကို ကလေးဘဝဟု ယေဘုယျ သတ်မှတ်ကြသည်။ ကလေးဘဝဆိုသည်မှာ ကလေး၏ ခန္ဓာဗေဒ ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာနေသော ကာလကိုဆိုလိုသည်။ ကလေးဆိုသည်မှာ မွေးကင်းစမှ လူလားမြောက် လာသည့်အရွယ် အပျို၊ လူပျိုဖော် ဝင်လာချိန်ကြား ကာလရှိ လူသားများကိုခေါ်သည်။ အချို့ဒေသများတွင် အမိဝမ်းထဲရှိ ကိုယ်ဝန်ဆောင်ကာလမှစပြီး အရွယ်မရောက်ခင်အထိ ကာလစပ်ကြားကို ကလေးဘဝဟု သတ်မှတ်ကြသည်။ [၁]

**ကလေးဘဝ ဖွံ့ဖြိုးတိုးတက်လာခြင်းအဆင့် (၅)ဆင့်**

- ❖ ကိုယ်ဝန်ဆောင်ကာလ – သန္ဓေတည်စမှ မွေးဖွားသည်အထိ
- ❖ နို့စို့အရွယ်ကာလ – မွေးကင်းစမှ ၂ နှစ်
- ❖ ကလေးဘဝအစောပိုင်း – အသက် ၂နှစ် – ၆နှစ်
- ❖ ကလေးဘဝအလယ်ပိုင်း – အသက် ၆နှစ် – ၁၂နှစ်
- ❖ ဆယ်ကျော်သက် (သို့မဟုတ်) ကလေးဘဝနှောင်းပိုင်း အသက် ၁၂နှစ်–၁၈ နှစ်

(သင်တန်းသူ/သားများ ရှင်းရှင်းလင်းလင်းသိစေရန် ပုံများပြသခြင်းကို ပြုလုပ်နိုင်သည်။)

1. http://en.wikipedia.org/wiki/Child

လူတယောက်အဖို့ ကလေးဘဝ၏ အောက်မေ့သတိရဖွယ်များသည် အကောင်းဆုံး၊ အဖိုးအတန်ဆုံးသော ရတနာများ ဖြစ်သောကြောင့် တကြောင်း၊ ငယ်ငယ်က ပျော်ရွှင်ချမ်းမြေ့ခြင်းမရှိသောကလေးသည် ကြီးလာသည်အထိ ပျော်ရွှင်ချမ်းမြေ့မှုကို မရတတ်သည့်အတွက်ကြောင့်တကြောင်း ကလေးတွေကို ငယ်စဉ်အခါ တတ်နိုင်သမျှ ပျော်ရွှင်မှုကို ပေးသင့်သည်။

ကျန်းမာဖွံ့ဖြိုးသောကလေးသည် ကျန်းမာသန်စွမ်းသောနှင့် ပြီးပြည့်စုံသောလူကြီးဘဝ၊ တာဝန်သိတတ် နားလည်သော နိုင်ငံသားကောင်း၊ စီးပွားရေးဆိုင်ရာ ကုန်ထုတ်စွမ်းအား မြင့်မားစေနိုင်သော၊ အားကောင်းသော လူမှုအဖွဲ့အစည်းနှင့် ရေရှည်တည်တံ့သော လူမှုအဆောက်အုံ တည်ဆောက်နိုင်ဖို့ ခိုင်မာသော အခြေခံအုပ်မြစ်များ ဖြစ်စေသည်ဟု ဆယ်စုနှစ်များအတွင်း သိပ္ပံပညာရှင်များ၏ များစွာသောလေ့လာချက်၊ ဥပဒေသများသည် တူညီသောကောက်ချက်ကို အားလုံးထောက်ပြထားသည်ကို တွေ့ရသည်။



- ❖ လူများသည် ပင်ကိုယ်စရိုက် (personality) များကို အမွေအဖြစ် လက်ခံရရှိလာသည်မဟုတ်ပဲ မိမိ ဖြတ်သန်းလာခဲ့ရသော အခြေအနေများမှ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ဥပမာ – အလွန်အကာအကွယ် ပေးခြင်းခံရပြီး ကြီးပြင်းလာသောကလေးသည် ကြီးလာသောအခါ ကြောက်စိတ်များကာ ကမ္ဘာကြီးကို မလုံခြုံသောနေရာအဖြစ် လက်ခံသွားတတ်သည်။
- ❖ လူများ၏ ကလေးဘဝက ခံစားမှု၊ ဖြတ်သန်းမှုများသည် တခါတလေမသိသာသည့်တိုင် လူကြီးဘဝ၏ ပင်ကိုယ်စရိုက်၊ အပြုအမူ၊ အနေအထိုင်များအပေါ် အကျိုးသက်ရောက်မှုရှိနေသည်ကို တွေ့ရသည်။
- ❖ လူများ၏ လူကြီးဘဝဆိုသည်မှာ ကလေးဘဝအတွေ့အကြုံများကို ဆွဲဆန့်လိုက်ခြင်း သဘောသာဖြစ်သည်။
- ❖ လူကြီးဘဝတွင်ဖြစ်ပေါ်နေသော ပင်ကိုယ်စရိုက်၊ အပြုအမူစရိုက်များ အားလုံးသည် မိမိ၏ကလေး ဘဝအတွေ့အကြုံများကို ဆွဲဆန့်လိုက်သလို တောက်လျှောက်ပါလာခြင်းဖြစ်သည်။
- ❖ ကလေးနှင့်လူကြီးအကြားမှာ ခန္ဓာကိုယ်အရွယ်ကြီး၊ ငယ်ကွာသွားခြင်း၊ အသုံးအဆောင်ပစ္စည်းများ ကွာခြားသွားခြင်းမျှသာဖြစ်သည်။ စိတ်ပညာအရ လူကြီးဘဝတွင် လုပ်ဆောင်ချက်များတွင် မိမိ၏ကလေး ဘဝက ဖြည့်ဆည်းခြင်းမခံခဲ့ရသောအရာများကို လူမှုပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုများက လက်ခံနိုင်သော နည်းလမ်းများဖြင့် ပြန်လည်ဖြည့်ဆည်းနေခြင်း ဖြစ်သည်ဟုဆိုသည်။
- ❖ အချုပ်အားဖြစ် ကလေးဘဝက ဖြတ်သန်းမှုအတွေ့အကြုံများသည် လူကြီးဘဝကို အကျိုးသက်ရောက်မှု ဖြစ်စေရုံမျှမက လူကြီးဘဝဖြစ်လာသည့်အခါ ဘယ်လိုပင်ကိုယ်စရိုက်နှင့် အမူအကျင့်ရှိသူ ဖြစ်လာနိုင်မလဲ ဆိုတာကိုပါ အဆုံးအဖြတ်ပေးနိုင်သည်။[၂]
- ❖ ကလေးဘဝအတွေ့အကြုံများကြောင့် လူတဦးချင်းစီပေါ်မူတည်၍ အနာဂတ်အကျိုးသက်ရောက်မှု ကွဲပြားမှုရှိသည်။ ကလေးဘဝတွင် ရက်စက်ကြမ်းတမ်းသောမိဘများနှင့် ကြီးပြင်းလာသောသူသည် မိမိပြုမူခြင်းခံရသကဲ့သို့ အကြမ်းဖက်ခြင်းသံသရာကို ဆက်လက်လက်ဆင့်ကမ်း တတ်ကြသည်။ အိမ်၊ ကျောင်း၊ အလုပ်ခွင်တို့မှာ အခက်အခဲပြဿနာများနှင့် ဖြတ်သန်းလာခဲ့ရသောကလေးသည် အသက်အရွယ်အလိုက် ပုံမှန်ကြီးထွားဖွံ့ဖြိုးမှုလမ်းကြောင်း ကနေသွေဖီသွားနိုင်သလို ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးသွားနိုင်ပါသည်။



**ကလေးဘဝအတွေ့အကြုံများ အနာဂတ်လူကြီးဘဝသို့ အကျိုးသက်ရောက်မှုများ**
**ကလေးများဟာ သူတို့ကြီးပြင်းလာသောပုံစံများမှ သင်ယူခြင်းများ။**

- ❖ အပြစ်တင် ဝေဖန်မှုများဖြင့် ကြီးပြင်းလာသော ကလေးသည် အပြစ်တင်ဝေဖန်ခြင်း များကိုသင်ယူမည်။
- ❖ ရန်လိုခိုက်ရန်ဖြစ်ပွားခြင်းဖြင့် ကြီးပြင်းလာသော ကလေးသည် ခိုက်ရန်ဖြစ်ခြင်းကို သင်ယူရရှိမည်။
- ❖ ကြောက်ရွံ့ထိတ်လန့်ခြင်းဖြင့် ကြီးပြင်းလာသော ကလေးသည် စိုးရိမ်ကြောင့်ကျမှုကို သင်ယူရရှိမည်။
- ❖ သနားခြင်း၊ ဂရုဏာသက်ခြင်းဖြင့် ကြီးပြင်းလာသော ကလေးသည် သူ့ကိုယ်သူအားငယ်ခြင်းများကို သင်ယူရရှိမည်။
- ❖ လှောင်ပြောင် သရော်ခံရခြင်းဖြင့် ကြီးပြင်းလာသော ကလေးသည် ရှက်ရွံ့မှုကို သင်ယူရရှိမည်။
- ❖ မနာလို ဝန်တိုခြင်းဖြင့် ကြီးပြင်းလာသော ကလေးသည် မလိုမုန်းထားမှုများကို သင်ယူရရှိမည်။
- ❖ အရှက်ကွဲခြင်းဖြင့် ကြီးပြင်းလာသော ကလေးသည် အပြစ်ရှိသည်ဟု လိပ်ပြာမသန့်ခြင်းများကို သင်ယူရရှိမည်။
- ❖ အားပေးအားမြှောက် ပြုခံရခြင်းဖြင့် ကြီးပြင်းလာသော ကလေးသည် မိမိကိုယ်မိမိယုံကြည်မှုကို သင်ယူရရှိမည်။
- ❖ သဘောထားကြီးစွာ နားလည်ပေးခြင်းခံရခြင်းဖြင့် ကြီးပြင်းလာသော ကလေးသည် စိတ်ရှည်သည်းခံခြင်းများကို သင်ယူရရှိမည်။
- ❖ ချီးကျူးထောပနာပြုခြင်း ခံရခြင်းဖြင့် ကြီးပြင်းလာသော ကလေးသည် တန်ဖိုးထား အသိအမှတ်ပြုခြင်းများကို သင်ယူရရှိမည်။
- ❖ လက်ခံအသိအမှတ်ပြုခြင်း ခံရခြင်းဖြင့် ကြီးပြင်းလာသော ကလေးသည် ချစ်ခြင်းကို သင်ယူရရှိမည်။

2. http://www.2knowmyself.com/how_childhood_experiences_affect_adulthood

- ❖ ထောက်ပံ့အားပေးခြင်းခံရခြင်းဖြင့် ကြီးပြင်းလာသောကလေးသည် မိမိကိုယ်မိမိ သဘောကျနှစ်သက်မှုများကို သင်ယူရရှိမည်။
- ❖ အသိအမှတ်ပြုလေးစားခြင်းခံရခြင်းဖြင့် ကြီးပြင်းလာသောကလေးသည် အသိအမှတ်ပြုလေးစားခြင်းဟာပန်းတိုင်သို့ပို့ဆောင်ပေးနိုင်သောအရာ ဖြစ်ကြောင်း သင်ယူရရှိမည်။
- ❖ မျှဝေခံစားခြင်းခံရခြင်းဖြင့် ကြီးပြင်းလာသောကလေးသည် သဘောထားကြီးခြင်းကို သင်ယူရရှိမည်။
- ❖ ရိုးသားမှုများဖြင့်ကြီးပြင်းလာသောကလေးသည် အမှန်တရားပြည့်ဝမှုများကို သင်ယူရရှိမည်။
- ❖ ကြင်နာခြင်းများနှင့် ငဲ့ညှာခြင်းခံရခြင်းဖြင့် ကြီးပြင်းလာသောကလေးသည် သူတပါးကိုလေးစားတတ်ခြင်းကို သင်ယူရရှိမည်။
- ❖ လုံခြုံမှုခံစားရပြီး ကြီးပြင်းလာသောကလေးများသည် မိမိကိုယ်မိမိနှင့် အခြားသူများကို ယုံကြည်စိတ်ချခြင်းများကို သင်ယူရရှိမည်။
- ❖ ခင်မင်ဖော်ရွေမှုများဖြင့် ကြီးပြင်းလာသောကလေးသည် ကမ္ဘာကြီးကို နေချင်စရာကောင်းသောနေရာအဖြစ် သင်ယူရရှိမည်။

ဒေါ်ရိုဒ်သီ လော နိုလ်တီ (ပီအိုတ်ချ်ဒီ)[၃]

(ဤကဗျာကို သင်တန်းသူ၊သားအဦးချင်းစီအား ဖတ်ခိုင်းပြီး ရှင်းပြစေခြင်းအားဖြင့် အားလုံးပါဝင်သော လေ့လာမှုဖြစ်စေနိုင်သည်။)

## လက်တွေ့ဘဝနှင့် ဆက်စပ်ပေးခြင်း

- သင်တန်းသူ၊ သားများကို အဖွဲ့ (၄)ဖွဲ့ခွဲကာ အောက်ပါ ကလေးဘဝပျောက်ဆုံးသွားခဲ့ရတဲ့ ကလေးဘဝဇာတ်လမ်းအဖြစ်အပျက်တခုစီကို ဆွေးနွေးစေမည်။
- အုပ်စုငယ်များ ဆွေးနွေးပြီးပါက မိမိအဖွဲ့ဆွေးနွေးသော ဇာတ်လမ်း၊ အချက်များကို အုပ်စုကြီးသို့ပြန်လည်တင်ပြစေမည်။

## ဖြစ်ရပ် (၁)

ကလေးငယ်သည် လွယ်အိတ်ကို ဝှေ့ရမ်းလျက် အိမ်ရှိရာသို့ အပြေးလာနေ၏။ လမ်းတွင် တွေ့သမျှ ရေအိုင်ငယ်၊ ရွှံ့ကွက်ငယ်တို့ကို လွှားခနဲ လွှားခနဲ ခုန်ကျော်၍လာသည်။ သူ့မျက်နှာမှာ အပျော်ဖြင့် ဝင်းပနေ၏။ အိမ်သို့ မြန်မြန် သူပြန်ရောက်ချင်လှပြီ။ သူ့အောင်မြင်မှုကို မိဘနှစ်ပါးအား ပြောပြချင်လှပြီ။ အားရဝမ်းသာ ဖြစ်သွားကြမည့် မိဘတို့၏ ပီတိမျက်နှာကို မြင်ချင်လှပြီ။ **“ဒါမှ ငါ့သား ကွ”** ဟူသော အဖေ၏ ချီးမွမ်းသံကို ကြားချင်လှပြီ။ ပြုံးရယ်လျက်ရှိသော အမေ၏ အနမ်းနွေးနွေးကို ခံယူချင်လှပြီ။ ကလေးငယ်သည် ခြေလှမ်းများကို အရှိန်ပိုမြှင့်လိုက်၏။

ရှေ့မှာ အိမ်ကို မြင်နေရပြီ။

အိမ်ရှေ့တွင် စိုက်ပျိုးထားသည့် တစ်ပေခွဲခန့် မြင့်သော ပုဏ္ဏရိပ်ပင်တန်းကို သူခုန်ကျော်လိုက်၏။ ခါတိုင်း ဘယ်လိုမှမလွတ်ဘဲ သစ်ခက်သစ်ညွန့်တို့ကို ခြေဖျား ဖြင့် ခတ်မိမြဲဖြစ်သော်လည်း သည်နေ့အဖို့ လုံးဝလွတ်လွတ်ကျွတ်ကျွတ် ဖြစ်သွားသည့်အခါ သူအံ့သြသွားလေသည်။ သို့ရာတွင် ကြာကြာမအံ့သြနိုင်ဘဲ အိမ်ပေါ်သို့ တဒုန်းဒုန်း ပြေးတက်သွားခဲ့သည်။ ပါးစပ်ကလည်း **“အဖေရေ – အမေရေ”** ဟု အော်ခေါ်လာခဲ့၏။

အဖေသည် ညှော့ခန်းထဲက ပက်လက်ကုလားထိုင်မှာ ထိုင်နေသည်။ ဆူညံစွာ ပြေးတက်လာသည့် သားဖြစ်သူကို မျက်မှောင်ကုတ်၍ ကြည့်နေ၏။ ကလေးငယ် သည် ဖခင်ကို မြင်သောအခါ အပြေးကလေး ချဉ်းကပ်သွားလေသည်။

**“အဖေရေ ကျွန်တော် စာမေးပွဲအောင်တယ်ဗျ သိလား”**

**“ဟင် ဟုတ်လား။ တယ်တော်ပါလား။ လာစမ်းပါဦးကွ”**

အနီးသို့ရောက်သည်နှင့် အဖေ၏ လက်တစ်ဖက် မြောက်တက်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရ၏။ မရှေးမနှောင်းပင် ဖြန်းခနဲ အသံနှင့်အတူ သူ့နားရင်းမှာ ပူခနဲ ခံစားလိုက်ရပြီး မျက်စိထဲမှာ ဝင်းခနဲ ဖြစ်သွား၏။ ကလေးငယ်၏ ဦးခေါင်းသည် ရှေ့သို့ စိုက်ခနဲ ကျသွားလေသည်။

မယုံနိုင်စွာ၊ ထို့နောက် ထိတ်လန့်စွာ မော့ကြည့်မိသောအခါ အဖေ၏ အနီရောင်မျက်နှာကို မြင်လိုက်ရသည်။

**“အောင်ရုံနဲ့ ဘာလုပ်ရမှာလဲ”**

ကလေးငယ်သည် ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသားနှင့် မော့ကြည့်နေ၏။ နှုတ်ခမ်းများ တုန်လှုပ်စပြုလာသည်။

**“ဟော့ကောင် ငါမေးနေတယ်လေ။ အောင်ရုံနဲ့ ဘာလုပ်ရမှာလဲ”**

ကလေးဆီမှ ဖြေသံအစား ရှိုက်သံတစ်ချက် ထွက်လာ၏။ အဖေသည် ဘီရိုပေါ်မှ ကြိမ်လုံးကို ဆွဲယူလိုက်သည်။

**“မေးမနေပါနဲ့ရှင်။ ဒီလောက် အဆော့မက်နေမှတော့ ထိပ်ဆင့် ဘယ်ချိတ်ပါ့မလဲ။ ပြောစမ်း ပထမက ဘယ်သူရသလဲ။ မေမီခိုး မဟုတ်လား”**

အိမ်ခန်းထဲမှ ထွက်လာသော မိခင်ဖြစ်သူ၏ အသံဖြစ်သည်။ မျက်ရည်ပေါက်ပေါက် ကျနေပြီဖြစ်သော ကလေးငယ်က ခေါင်းညိတ်လိုက်သည့်အခါ အမေက တစ်ချက်မဲ့လိုက်၏။

**“ဟင်း သူ့အမေနဲ့ဈေးထဲတွေ့ရင် တမင် စကားစပ်ပြီး ကြွားဦးမှာ။ သူများကြွားတာ ခံရအုံးမယ်၊ တောက် . . .”**

**“ကိုင်း . . လာခဲ့စမ်း။ ဟိုဘက်လှည့်”**

တင်ပါးပေါ်သို့ ကျရောက်လာတော့မည့် ကြိမ်လုံးကို အသက်အောင့် ငံ့လင့်နေသည့် ကလေးငယ်၏ မျက်လုံးများမှာ အရောင်မဲ့ မျက်လုံးသေများ ဖြစ်နေလေသည်။

---

3. http://www.empowermentresources.com/info2/childrenlearn-long_version.html

## ဖြစ်ရပ် (၂)

**“ကဲဟယ်”**
ဒေါက်ခနဲ ခေါင်းခေါက်ခံလိုက်ရသော ကလေးသည် မျက်ရည်လည်လာ၏။ မိခင်၏ အားမလို အားမရ ဖြစ်မှု၊ စိတ်မရှည်မှုတို့သည် ဒေါသအဖြစ် ပြောင်းသွားခဲ့ပြီ ဖြစ်သည်။
**“ဒီလောက်လေးမှ မတွက်တတ်ဘူးလားဟင်၊ ထောင်စမ်း။ ညာဘက်လက်က လက်လေးချောင်းထောင်။ ဘယ်ဘက်က လက်သုံးချောင်းထောင်။ ဟာ .. လေးချောင်း ထောင်ပါဆို။ မထောင်တတ်ဘူးလား၊ လေးချောင်း။ လေးချောင်း။ ဟောဒီလို လေးချောင်း”**
ကလေးမှာ အယောင်ယောင် အမှားမှား ဖြစ်နေရှာ၏။ သုံးကြိမ် အခေါက်ခံရပြီးမှ လက်လေးချောင်း ထောင်ဖြစ်သွားသည်။
**“ဟုတ်ပြီ ကဲ ပေါင်းတော့။ လေးနဲ့ သုံးပေါင်း။ ဟဲ့ ပေါင်းလေ။ ဘာကြောင်ကြည့်နေတာလဲ”**
**“တစ် – နှစ် – သုံး – ငါး – ခြောက်”**
**“ ဘာ .. သုံး ပြီးရင် ဘာလဲ၊ ဟဲ့ သုံး ပြီးတော့ ဘာလဲ ဟား တစ်နှစ်သုံးလေးတောင် မရေတတ်တော့ဘူးလားဟင်၊ အဖျင်း။ အအ။ အတုံး။ နင်တော်တော်ညံ့ပါလား၊ ဟိုဘက်အိမ်က မိနွယ်တို့ဆို အပေါင်းအနုတ်တောင် ရျောင်းရျောင်းပြေးနေပြီ၊ နင်ကတော့ ဆော့ဖို့ပဲ သိတဲ့ကောင်၊ သွား .. လက်ပိုက်ပြီး တစ်နာရီတိတိရပ်နေ။ သွားငါ မပြုတ်ခိုင်း သေးဘဲ လက်ဖြုတ်မယ် မကြံနဲ့ တိုင်မှာ ကြိုးနဲ့တုပ်ထားမယ်၊ သုံးနဲ့လေး မပေါင်းတတ်မချင်း ဆော့ရလိမ့်မယ် မထင်နဲ့”**
ဂဏန်းမပေါင်းတတ်သဖြင့် အခန်းထောင့်မှာ တွေဝေစွာ လက်ပိုက်၍ ရပ်နေရသော ကလေးငယ်သည် လေးနှစ်အရွယ် ဖြစ်ပါသည်။





## ဖြစ်ရပ် (၃)

**“ဖြန်း ... ဖြန်း”**
စားပွဲပေါ် ကြိမ်လုံးကျသံကြောင့် သူငယ်တန်း (ခ) ရုတ်ချည်း ငြိမ်ဆိတ်သွား၏။ ငါးနှစ်အရွယ် ကလေးငယ်တို့သည် မျက်လုံးကလေးများ ဝိုင်းကာ ဆရာမကို ကြည့်နေကြ၏။
**“ဆူလှချည်လား။ ပါးစပ်တွေ ပိတ်။ စာအုပ်တွေ ဖွင့်။ ဒါ အိမ်မဟုတ်ဘူး၊ ကျောင်း .. ကျောင်း”**
မျက်နှာတင်း၍ လေသံမာသော ဆရာမသည် ကြိမ်လုံးကို စားပွဲပေါ်သို့ အသံမြည်အောင် ပစ်တင်လိုက်သည်။
**“ကဲ အားလုံး ဗျည်း ကြီး တစ်မျက်နှာ ရေးကြရမယ်၊ အချိန်အတွင်း ပြီးအောင် ရေးရမှာနော်၊ နောက်ထပ် တစ်မျက်နှာကို အိမ်စာလုပ်ခဲ့ကြရမယ်၊ ကြားကြလား။ ကိုင်း ရေးကြတော့”**
တစ်တန်းလုံး တိတ်ဆိတ်လျက် ရှိသည်။ စာအုပ်တွေ ရှေ့မှာထားကာ ခုံတွေပေါ်မှာ ကလေးငယ်များ ငြိမ်ငြိမ်လေးတွေ ထိုင်နေကြသည်။ လက်ကလေးတွေက လွဲ၍ သူတို့ မလှုပ်ရှားနိုင်ကြ။ မလှုပ်ရှားဝံ့ကြ။
ဒုတိယခုံတန်းအစွန်းမှ မေမီစိုးသည် သူနှင့်ဘေးချင်းယှဉ်လျက် တစ်ဖက်ခုံစွန်းမှ စည်သူအောင် ဏကြီး အရေးမှားနေကြောင်းတွေ့လိုက်ရ၏။ သူက စည်သူ အောင်ကို တိုးတိုးလေး ခေါ်လိုက်သည်။
**“စည်သူအောင် စည်သူအောင် နင်ရေးတာ မှားနေတယ်၊ ဏကြီး ဖြစ်နေတယ်”**
စည်သူအောင်က တစ်ချက်လှည့်ကြည့်၏။ သူ့မျက်နှာမှာ စိတ်ရှုပ်ထွေးနေပုံရသည်။
**“ဟောဒီမှာ ဏကြီးက ဒီလိုရေးရတာ”**
မေမီစိုးက သူ့စာအုပ် ထောင်ပြလိုက်သည်။
**“မေမီစိုး”**
ဆရာမ၏ အသံက မိုးချုန်းသလို မြည်ဟည်းသွား၏။ မေမီစိုး၏ လက်ထဲက စာအုပ် လွတ်ကျသွားလေသည်။
**“ဘာဖြစ်လို့စကားပြောရတာလဲ။ အခုချက်ချင်း။ ခုံပေါ်မှာ ဒူးထောက်စမ်း။ ဒူးထောက်ပြီး ရေး။ နောက်တစ်ခါ လုပ်ဝံ့ လုပ်ကြည့်စမ်း။ ကြိမ်လုံးစာမိသွားမယ်”**
မေမီစိုးသည် ခုံပေါ်တွင် ဒူးထောက်လိုက်ရ၏။ သူ့တစ်ကိုယ်လုံး တုန်နေသည်။ ဒူးနှစ်ဖက်၏ အောက်မှာ ဇီးစေ့လား ကျောက်ခဲငယ်လေးလား မသိ၊ ဖိမိလျက် သား ဖြစ်နေသည်။ သို့သော် သူနေရာ မရွေ့ရဲ၊ မလှုပ်ရဲ၊ သည်အတိုင်း ပေ၍စာရေးရ၏။ ကြာသော် ဖိမိထားသည့် နေရာက တစ်စတစ်စ နာကျင်၍လာ သည်။ နဖူးမှာ ချွေးတွေ စို့လာ၏။ အတန်းထဲမှာ သူတစ်ယောက်တည်း ဒူးထောက်နေရသည့်အဖြစ်။ ဒူးအောက်က ပြင်းထန်လာသည့် ဝေဒနာ၊ အရှက်နှင့် နာကျင်မှု။ နာကျင်မှုနှင့် အရှက်။ အရှက်၊ နာကျင်မှု၊ အကြောက်၊ အကြောက်၊ အကြောက်။
သည်းမခံနိုင်တော့သည်၏ အဆုံး၌ မေမီစိုး ငိုချလိုက်လေသည်။
**“အောင်မယ် ဒူးထောက်ခိုင်းတာလေးကို ငိုတယ်ပေါ့၊ အတော် အငိုဝါသနာပါတယ်နဲ့တူတယ်။ ထွက်ခဲ့စမ်း ရှေ့ကို”**
ကြိမ်လုံးသံ ဖြန်းခနဲအောက်၌ သူငယ်တန်း (ခ) သည် တုန်လှုပ်သွားလေသည်။

## ဖြစ်ရပ် (၄)

**''သားသမီးကို ချစ်ရင် အိပ်ပျော်နေမှ နမ်းပါ''** တဲ့။

ဘယ်သောကာလတုန်းက စတင် ပေါ်ပေါက်ခဲ့တဲ့ အဆိုအမိန့်လည်း မသိပါဘူး။ ကြည့်ရတာ ကျွန်တော်တို့ရဲ့ ရှေးဟောင်း လူ့အဖွဲ့အစည်းအပေါ် ဩဇာကြီးခဲ့ပုံပေါ်တဲ့ ရှေးမြန်မာကြီးတစ်ယောက်ယောက်ရဲ့ အယူအဆဖြစ်မှာပါပဲ။ ဒီစကားကို ကျွန်တော်ငယ်ငယ်တုန်းက အဘိုးအဘွားတွေ ပြောကြ ဆိုကြတာ ကြားခဲ့ရဖူးပါတယ်။ တော်တော်ကြောက်စရာကောင်းတဲ့ သဘောထားပါ။ ကလေးတွေဟာ သူတို့ကို မိဘတွေက ချစ်မုန်းသိရင် ကဲတတ်တယ်၊ ရောင့်တတ်တယ်၊ ဆိုဆုံးမဖို့ မလွယ်တော့ဘူး။ ကြာရင်ပျက်စီးသွားမှာပဲလို့ ထင်ခဲ့ကြတာကိုး။ ဒါကြောင့်လည်း ကလေးဆိုတာ နှိမ်ထားမှ၊ ကြောက်အောင် လုပ်ထားမှ တန်ကာကျမယ်၊ နို့မဟုတ်ရင် **''ငယ်သော်ကား သား။ ကြီးသော် ကျွားတည့်။ ငယ်သော် သမီး။ ကြီးသော် မီးတည့်''** ဖြစ်သွားလိမ့်မယ်လို့ ယူဆလိုက်ကြတာပေါ့။ အဲဒီ ရှေးဟောင်း အယူဟာ အခုအချိန်အထိ အရှိန်မကုန်သေးပါဘူး။

**''အိမ်က သားက သုံးနှစ်ရှိပြီ၊ သိပ်ဆိုးတာပဲ။ အဖေလည်း မကြောက်။ အမေလည်း မကြောက်ဘူး၊ အိမ်ဘေးက ရာဂျူးဆိုတဲ့ ကုလားကြီးကိုတော့ ကြောက်တယ်။ သူဆိုးပြီ ငိုပြီဆိုရင် "ဦးရာဂျူးရေ" လို့သာ အော်ခေါ်လိုက် တစ်ခါတည်း ငြိမ်ပြီး တိတ်သွားတော့တာပဲ၊ ကလေးဆိုတာ သူကြောက်ရမယ့် လူတစ်ယောက်တော့ ရှိမှရှင့်''** လို့ မိခင်တစ်ယောက်က ပြောပါတယ်။ သူ့ခမျာ သူ့သားကလေးမှာ အကြောက်တရား ရှိတာကို ဂုဏ်ယူနေပုံပါပဲ။ သူ့စကား ကြားရတဲ့အခါ ကျွန်တော် ငယ်ငယ်တုန်းက ကြောက်အောင် အလုပ်ခံရပုံကို သတိရမိသေးတော့။ ကျွန် တော် ငိုကြွေးရှည်နေတဲ့အခါ ကျွန်တော့်ကို ထိန်းတဲ့ အဒေါ်ကြီးက **''ဟာလဝါကြီး လာနေပြီ။ လာနေပြီ''** ဆိုလိုက်ရင် ချက်ချင်း အငိုတိတ်ရတော့တာ၊ ဟာလဝါဆိုတာ ဘာမှန်း မသိဘဲနဲ့ ကြောက်လိုက်ရတာလေ။ နောင်ကြီး လာမှ ဟာလဝါဆိုတာ အတော်စားလို့ကောင်းတဲ့ မုန့်တစ်မျိုးမှန်း သိရတော့တာ။

သားသမီးကို အိပ်ပျော်နေမှ နမ်းရဲကြရှာတဲ့ မိဘမျိုးကို ငယ်ငယ်တုန်းက တွေ့ဖူး မြင်ဖူးပါတယ်။ သူတို့ခမျာ သားသမီးတွေ ရှေ့မှာ မျက်နှာကို တည်တည်ကြီး လုပ်ထားကြရရှာပါတယ်။ လေသံကိုလည်း တင်းတင်းမာမာ ဖြစ်အောင် အားစိုက်ပြီး ပြောကြရရှာပါတယ်။ ရိုက်နှက်အပြစ်ပေးဖို့ လိုလာပြီ ထင်ရင်လည်း လက်မနှေးအောင် ကြိုးစားကြရရှာပါတယ်။ ရင်ထဲက တကယ်ဖြစ်နေတဲ့ ချစ်ခြင်းမေတ္တာရဲ့ လက္ခဏာပုံရိပ်တွေ မပေါ်အောင် ဖိနှိပ်ချုပ်တည်းထားရတာ၊ အတွင်းစိတ် ခံစားမှုကို ဆန့်ကျင်ပြီး သရုပ်ဆောင်ပြနေရတာတွေဟာ အတော်တော့ ပင်ပန်းကြရှာမှာပါ။ ဘာဖြစ်လို့ သူတို့ အဲဒီလို ဖြစ်နေကြရတာလဲ။ **''မှားယွင်းတဲ့ အယူအဆကို လက်ခံ ယုံကြည်ထားလို့ပါ၊ ပြီးတော့ ကလေးရဲ့သဘာဝကို နားမလည်ကြလို့ပါ၊ ပြီးတော့ တန်ဖိုးထားမှုတွေ လွဲနေလို့ပါ''** လို့ စိတ်ပညာ ဆရာတစ်ပါးက ဆိုပါတယ်။

### ဆွေးနွေးမှု

- ဘာအဖြစ်အပျက်၊ ဇာတ်လမ်းလဲ။
- ဒီဇာတ်လမ်းကိုဖတ်ရတဲ့အခါ ဘယ်လိုခံစားရလဲ။ ဘာ့ကြောင့်လဲ။
- မိမိပတ်ဝန်းကျင်မှာ ဒီလိုကလေးဘဝအဖြစ်အပျက်မျိုး၊ ကလေးမျိုးတွေကို တွေ့ဖူးလား။ ဘယ်လိုပုံစံ တွေလဲ။
- မိမိရဲ့ ကလေးဘဝကို ဘယ်လိုဖြတ်သန်းခဲ့သလဲ ဆိုသည့်အချက်များကို အချင်းချင်းဆွေးနွေးဖလှယ်စေမည်။

### အုပ်စုဖွဲ့လုပ်ဆောင်ခြင်း

- သင်တန်းသူ၊ သားများကို အဖွဲ့ (၄)ဖွဲ့ခွဲကာ အောက်ပါခေါင်းစဉ်များကို ဆွေးနွေးစေမည်။
- အဖွဲ့ (၁) ကလေးဘဝအရေးကြီးပုံနဲ့ ပတ်သက်ပြီး ဘာတွေလေ့လာလိုက်ရသလဲ။
- အဖွဲ့ (၂) ဘာကြောင့်ကလေးဘဝကောင်းဖို့အရေးကြီးသလဲ။
- အဖွဲ့ (၃) ဘာကြောင့် မိမိတို့အနေနဲ့ ကလေးတွေနဲ့ ပတ်သက်တဲ့ဒီအကြောင်းတွေကို သိထားဖို့လိုသလဲ။
- အဖွဲ့ (၄) ဒီလို သိရှိထားခြင်းအားဖြင့် မိမိမိသားစု၊ ပတ်ဝန်းကျင်အတွက် ဘယ်လိုအကျိုးကျေးဇူးတွေကို ရရှိပါသလဲ။

သင်တန်းဦးဆောင်ပေးသူမှ အားလုံးရဲ့တင်ပြချက်အပေါ် အနှစ်ချုပ်ပေးခြင်းဖြင့် ဤသင်ခန်းစာကို အဆုံးသတ်ပေးမည်။

### လိုအပ်သောပစ္စည်းများ

- ကလေး ဗွီဒီယိုသီချင်းများ
- ကလေးဘဝနှင့်သက်ဆိုင်သောပုံများ
- ပုံဆွဲရန် စာရွက်အကြီးနှင့် ရောင်စုံခဲတံများ
- အချိန်အခါ၊ ဒေသ၊ ယဉ်ကျေးမှုနှင့် ကိုက်ညီသော ကလေးဘဝပျောက်ဆုံးခြင်းနဲ့ပတ်သက်သော ဇာတ်လမ်းများ

### လေ့လာရန်


- http://en.wikipedia.org/wiki/Child
- ကလေးသူငယ်များအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူညီစာချုပ်
- http://www.2knowmyself.com/how_childhood_experiences_affect_adulthood
- http://www.empowermentresources.com/info2/childrenlearn-long_version.html
- Myanmar Child Law
- Junior baby magazine (Burmese)

သင်ခန်းစာ (၂)

# ကလေးအဓိပ္ပာယ်နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောသဘာဝ

## ရည်ရွယ်ချက်

- ကလေးအဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်းသိလာစေရန်။
- ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောသဘာဝနှင့် အခြေခံလမ်းညွှန်ချက်များကို သိရှိလာစေရန်။
- ကလေးသူငယ်အခွင့်အရေး သမိုင်းကြောင်းကို လေ့လာသိရှိစေရန်။

## လုပ်ရှားမှု . . .

- စာရွက်အပိုင်းနှင့် ရောင်စုံခဲတံများကို ဝေမည်။
- ကလေးဆိုတာ ဘယ်လိုလူ (ခန္ဓာဗေဒ၊ အကျင့်၊ အတွေးအခေါ်၊ အနေအထိုင်၊ အပြောအဆို၊ ဂုဏ်အင်္ဂါရပ်) ရှိသူကိုခေါ်သလဲဆိုတာကို သရုပ်ဖော်သင်္ကေတပုံ တပုံစီရေးဆွဲဖော်ပြစေမည်။ (ဥပမာ – ကြိုးနဲ့တူတယ် – မိဘတွေရဲ့ ချစ်ခြင်းမေတ္တာကို ပိုမိုခိုင်မာစေသောသူ ဖြစ်သောကြောင့်)
- တဦးချင်းစီ၏ပုံနှင့် ဆွေးနွေးချက်တွေကို သင်ပုန်းပေါ်တွင်မှတ်တမ်းတင်ထားမည်။

## ဆွေးနွေးမှု

- တင်ပြချက်အားလုံးကို ပြီးဆုံးသွားပါက ထိုတင်ပြထားသော ကလေးအဓိပ္ပာယ်များမှ အားလုံးက အသင့်တော်ဆုံးဟု သဘောတူသောအဓိပ္ပာယ်ကို ရွေးချယ်မည်။
- ဥပမာ – အနာဂတ်၏ ကြယ်ပွင့်များ။ (ထိုသို့သော အဓိပ္ပာယ်များနှင့် ပြည့်ဝနေသော လူ့ဘဝ၏ အချိန်ကာလအပိုင်းအခြားကတော့ အသက် ၁၈ နှစ်အောက် ဖြစ်ပါတယ်။)

### ဗဟုသုတပေးခြင်း

**ကလေးအဓိပ္ပါယ်**

- ❖ "ကလေးလူငယ်"ဟု ဆိုရာ၌ အရွယ်ရောက်ခြင်းသို့ စောစွာမရောက်ရှိသေးသည်မှအပ အသက်အရွယ်အားဖြင့် ၁၈နှစ်အောက်ရှိ လူသားတိုင်းကို ဆိုလိုသည်ဟု နိုင်ငံတကာကလေးသူငယ်ဆိုင်ရာ စာချုပ်အရ သတ်မှတ်ထားသည်။[၄]
- ❖ မြန်မာနိုင်ငံ ဥပဒေအရ ကလေးသူငယ်ဆိုသည်မှာ အသက် ၁၆နှစ်မပြည့်သေးသောသူကို ဆိုလိုသည်။
- ❖ လူငယ်ဆိုသည်မှာ အသက် ၁၆နှစ်ပြည့်ပြီး အသက် ၁၈နှစ် မပြည့်သေးသောသူကိုဆိုလိုသည်။[၅]
- ❖ နိုင်ငံတကာကလေးအခွင့်အရေးစာချုပ်အပိုဒ် (၁) တွင် ၁၈နှစ်အောက်လူသားတိုင်းကို ကလေးဟုခေါ်ပါသည်။

(ထိုရွေးချယ်ထားသော ကလေးအဓိပ္ပာယ်အတိုင်း ကလေးတွေရှင်သန်နေထိုင်၊ ကြီးပြင်းလာနိုင်ဖို့ ဘာတွေလိုအပ်မလဲ။)

## လုပ်ရှားမှု . . .

သင်တန်းသူ၊ သားများကို အဖွဲ့ (၃) ဖွဲ့ခွဲပြီး

၁) ကြီးထွားဖွံ့ဖြိုးစေရန်။
၂) ကလေးများအပေါ်ကျရောက်လာနိုင်သော အန္တရာယ်များမှ ကာကွယ်ပေးရန်။
၃) ကလေးများအားပါဝင် လုပ်ဆောင်စေရမည့် အခန်းကဏ္ဍများ မြှင့်တင်ပေးရန် လုပ်ဆောင်ပေးသင့်သည့်လိုအပ်ချက်များကို အုပ်စုအလိုက် အောက်ပါ ဇယားအတိုင်း ဆွေးနွေးခိုင်းပါ။



4. ကလေးသူငယ်များအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူညီစာချုပ်
5. http://www.blc-burma.org/html/myanmar%20law/lr_e_ml93_09.html

| အသက် | လိုအပ်ချက်များ | | |
|---|---|---|---|
| ကာလအပိုင်းခြား | ကြီးထွား၊ ဖွံ့ဖြိုး တိုးတက်ရန် | ကလေးများအပေါ်ကျရောက်လာနိုင်သောအန္တရာယ်များမှ ကာကွယ်ပေးရန် | ကလေးများ ပါဝင်လုပ်ဆောင်စေရမည့်အခန်းကဏ္ဍများ မြှင့်တင်ပေးရန် |
| (၁) မမွေးခင် (ကိုယ်ဝန်ဆောင်စဉ်) | - | - | - |
| (၂) မွေးကင်းစမှ အသက် ၇နှစ် (ကလေးဘဝအစောပိုင်း) | - | - | - |
| (၃) အသက် ၈ – ၁၂ (ကလေးဘဝ အလယ်ပိုင်း) | - | - | - |
| (၄) အသက် ၁၃ – ၁၈ (ဆယ်ကျော်သက်) | - | - | - |

ထိုဆွေးနွေးချက်များကို အဖွဲ့ကိုယ်စား သင်တန်းသူ၊သားတဦးမှ အုပ်စုကြီးသို့ပြန်လည်တင်ပြစေမည်။

မှတ်ချက်။ အသက်အရွယ်အပိုင်းအခြား သတ်မှတ်ပေးထားခြင်းသည် ဆွေးနွေးမှုပြုလုပ်ရာတွင် အသက်အရွယ်မတူညီမှုအလိုက် မတူညီသောလိုအပ်ချက်များကို ပိုမိုအသေးစိတ်ဆွေးနွေးမှုကိုဖြစ်စေရန်ဖြစ်ပါသည်။

(ကလေးများသည် လူသားများပင်ဖြစ်သော်လည်း ထိုသို့အထူးစောင့်ရှောက်ပေးရန်လိုအပ်ချက်များ ရှိနေသောကြောင့် ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ပေါ်ပေါက်လာရခြင်းဖြစ်သည်။)

## ဗဟုသုတပေးခြင်း

**ကလေးအခွင့်အရေး သမိုင်းကြောင်း။**

❖ ကလေးနှင့်လူငယ်များသည်လည်း လူသားများပင်ဖြစ်ပါသဖြင့် လူ့အခွင့်အရေးတန်းတူရရှိသင့်သောကြောင့်။
❖ ကလေးနှင့်လူငယ်များအား အခွင့်အရေးပိုင်ဆိုင် ရရှိထားသူတွေအနေဖြင့် အမြဲလက်ခံ၊ နားလည်ခြင်းမရှိသောကြောင့်။
❖ ကလေးတိုင်းသည် အသက်အရွယ်ငယ်ရွယ်မှုနှင့် အတွေ့အကြုံ မရင့်ကျက်သေးသည့်အတွက် ကာကွယ်စောင့်ရှောက်ပေးမှုများ လိုအပ်သောကြောင့်။
❖ ကလေးနှင့်လူငယ်များသည် ကာကွယ်ပေးဖို့ လိုအပ်သူများ ဖြစ်သည့်အပြင် နိုင်ငံသားကောင်းတဦးဖြစ်လာဖို့ စွမ်းရည်မြှင့်တင်ပေးဖို့ လိုအပ်သောကြောင့်။
❖ ကလေးတွေမှာ မတရားပြုမူဆက်ဆံခြင်းများမှ အကာအကွယ်မဲ့ခြင်း မဖြစ်စေရန် အထူးကာကွယ်ခြင်းခံရဖို့ လိုအပ်သောကြောင့်။
❖ ဤအချက်များကို ကလေးနှင့် လူငယ်တိုင်းအတွက် အချိန်တိုင်း၊ အခြေအနေတိုင်းမှာ အကျုံးဝင်၊ ခံစားရရှိရန် လိုအပ်သောကြောင့်။
❖ ပထမနှင့် ဒုတိယကမ္ဘာစစ်အတွင်း စစ်ဒဏ်ကြောင့် ကလေးများသေဆုံးခဲ့ရမှုကို ဒုတိယကမ္ဘာစစ်အပြီးတွင် သတိမူစဉ်းစားလာခဲ့ကြရာမှ အစပြုခဲ့သည်။
❖ ပထမစစချင်း ဥရောပတိုက်ဆိုင်ရာ ကလေးများအပေါ်ဆက်ဆံရမည့် စံချိန်စံနှုန်းကြေငြာချက်ကို ထုတ်ပြန်ခဲ့ကြသည်။ သို့သော်လည်း ၎င်းကြေငြာစာတမ်းမှာ ဥရောပတိုက်တတိုက်တည်းအတွက်သာ အကြုံးဝင်၍ ကျန်ဒေသများနှင့် မသက်ဆိုင်ခဲ့ပါ။
❖ ကုလသမဂ္ဂမှ ပထမဦးဆုံး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကြေငြာစာတမ်းကို ၁၉၅၉တွင် ပြဌာန်းခဲ့သည်။
❖ ထိုစာချုပ်သည် လူ့ကျင့်ဝတ်ဆိုင်ရာများကို ပိုမိုအသားပေးထားကာ ဥပဒေအရ စည်းနှောင်အားကောင်းသော စာတမ်းမဖြစ်ခဲ့ပေ။
❖ ထို့ကြောင့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၄၄/၂၅ အရ [6] ဥပဒေအရစည်းနှောင်အားရှိသော ကလေးသူငယ်အခွင့်အရေးစာချုပ် (Convention on the Rights of the Child) ကို ကုလသမဂ္ဂမှ ၁၉၈၉ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အတည်ပြုပြဌာန်းခဲ့ပြီး ၁၉၉၀ခုနှစ်တွင် အသက်ဝင်လာသည်။
❖ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများဆုံးက လက်မှတ်ရေးထိုးထားသော နိုင်ငံတကာစာချုပ်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၆) နိုင်ငံအနက် လက်ရှိအချိန်အထိ ပဏာမလက်မှတ်ထိုးထားပြီးသော်လည်း အတည်ပြုလက်မှတ်မရေးထိုးရသေးသော နိုင်ငံ ၂ နိုင်ငံ ရှိ သည်။ ထိုနိုင်ငံများမှာ အမေရိကန်ပြည်ထောင်စုနှင့် ဆိုမာလီယာနိုင်ငံတို့ဖြစ်သည်။ လက်မှတ်လုံးဝမထိုးရသော နိုင်ငံမှာ လက်ရှိကမ္ဘာ့ကုလသမဂ္ဂ၏ နောက်ဆုံးအဖွဲ့ဝင်နိုင်ငံဖြစ်လာသော တောင်ဆူဒန်နိုင်ငံဖြစ်သည်။ [7]



ဤစာချုပ်တွင် နိုင်ငံသား၊ နိုင်ငံရေးဆိုင်ရာနှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးနှစ်မျိုးစလုံး ပေါင်းစပ်ပါဝင်ကာ ပြီးပြည့်စုံသောစာချုပ်ဖြစ်ပြီး ကလေးများအတွက် အထူးအပြည့်စုံဆုံးနှင့် အမြဲကလေးများကိုစနစ်တကျ ကာကွယ်မှုကို ဖော်ဆောင်စေသော စာချုပ်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဤကလေးသူငယ် အခွင့်အရေးဆိုင်ရာစာချုပ်ကို ၁၉၉၁ ခုနှစ် ဇူလိုင် ၁၅ ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ [8]

---

6. P.49 module on Human Rights and Children’s Rights for Bangsamoro Youth
7. http://unchildrights.blogspot.com/2011/01/chronological-order-ratifications-crc.html#signed
8. http://treaties.un.org/Pages/ViewDetails.aspx?src=TREATY&mtdsg_no=IV-11&chapter=4&lang=en#EndDec

**ကလေးသူငယ်အခွင့်အရေးစာချုပ်၏ အဓိကလမ်းညွှန်ချက် အခြေခံသဘောတရားများ။ (General Principles of CRC)**

**ခွဲခြားဆက်ဆံခြင်းမရှိစေခြင်း။ (non-discrimination)**

● မည်သည့်ကလေးကိုမှ မိမိ၏သဘာဝအရ ဖြစ်တည်မှုအပေါ်မှာအခြေခံပြီး ခွဲခြားဆက်ဆံခြင်းမပြုရဟု ကလေးသူငယ်အခွင့်အရေးစာချုပ် အပိုဒ် –၂ တွင် အတိအလင်း ဖော်ပြထားသည်။ မိဘအုပ်ထိန်းသူ၏ ဥပဒေဆိုင်ရာအဆင့်အတန်း (တရားဝင်၊ မဝင်)၊ အသားအရောင်၊ လူမျိုး၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးခံယူချက် သို့မဟုတ် ထင်မြင်ယူဆချက်၊ လူများစုဝင်လူမျိုး၊ လူနည်းစုဝင်လူမျိုး၊ လူမှုရေးဆိုင်ရာအဆင့်အတန်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ ခန္ဓာကိုယ်ခြားနား သန်စွမ်းနေခြင်းစသော အခြားမည်သည့်ကွဲပြားမှုအပေါ်အခြေပြုပြီး ခွဲခြားဆက်ဆံခြင်း မပြုရပါ။

**ကလေးများ၏ အကောင်းဆုံးအကျိုးအတွက် လုပ်ဆောင်ပေးခြင်း။ (Best interests of the child)**

● ကလေးများ၏အကောင်းဆုံးအကျိုးဆိုသည်မှာ ကလေးများအတွက်ပြုလုပ်ပေးသော မည်သည့်ပေါ်လစီ၊ လုပ်ငန်းစဉ်များ၌မဆို ထိုလုပ်ငန်းများ အကျိုးဆက်များသည် ကလေးများ၏ဘဝလုံခြုံမှုနှင့် သာယာပျော်ရွှင်စေသော ကလေးဘဝပိုင်ဆိုင်ရရှိစေဖို့ အာမခံချက်များပေးထားခြင်းကို ဆိုလိုသည်။ ကလေးသူငယ်အခွင့်အရေး စာချုပ်အပိုဒ် – ၃ တွင် ကလေးနှင့်သက်ဆိုင်သော ပုဂ္ဂလိက (သို့) အများဆိုင်ရာ တာဝန်ယူလုပ်ဆောင်နေသော လူမှုရေးအဆောက်အအုံများ၊ တရားရုံးအမှုခင်းများ၊ စီမံခန့်ခွဲရေးပိုင်းရှိ အာဏာပိုင်များ (သို့) ဥပဒေပြုအဖွဲ့များက ကလေးများ၏အကောင်းဆုံးအကျိုးကို မည်သည့်ကိစ္စတွင်မဆို အမြဲဦးစားပေးထည့်သွင်း စဉ်းစားရမည်။

**အသက်ရှင်ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရစေခြင်း။ ( Rights to life, survival and development)**

● ကလေးများ၏ ကာယ၊ စိတ္တ၊ မိတ္တ၊ ဉာဏ၊ ဘောဂ စသော ဗလ ငါးတန်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို အသေအချာအာမခံပေးခြင်းကိုဆိုလိုသည်။ ကလေးသူငယ်အခွင့်အရေးစာချုပ်အပိုဒ်–၆ တွင် အစိုးရများမှ မွေးရာပါအသက်ရှင်ခွင့်ကိုပိုင်ဆိုင်ရရှိစေရန်နှင့် အသက်ရှင်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့်ကို ကလေးတိုင်းပိုင်ဆိုင်ရရှိစေရန် တတ်နိုင်သမျှအမြင့်မားဆုံး အာမခံပေးရမည်ဟု ဖော်ပြထားသည်။

● **ကလေးများနှင့်သက်ဆိုင်သောကိစ္စရပ်များတွင် သူတို့၏ထင်မြင်၊ ယူဆချက်များကို ထည့်သွင်းစဉ်းစားခြင်း။ (The Views of the Child )**

ကလေးများနှင့်သက်ဆိုင်သောပေါ်လစီနှင့် ပရိုဂရမ်များကို ရေးဆွဲခြင်း၊ အကောင်ထည်ဖော်ခြင်းနှင့် ပြန်လည်သုံးသပ်ရာတွင် ကလေးများ၏ထင်မြင်ယူဆချက်များပါဝင်စေရန် အသေအချာအာမခံပေးခြင်းကို ဆိုလိုသည်။ ကလေးများအတွက် ပေါ်လစီချမှတ်သူများအနေဖြင့် ကလေးများသည် ထိုပေါ်လစီ၏ အကျိုးရလဒ်များကို လက်ခံရယူသူများအဖြစ်သာမဟုတ်ပဲ ပေါ်လစီများချမှတ်မှုလုပ်ငန်းစဉ်များတွင် အစိတ်အပိုင်းတခုအဖြစ် ပါဝင်မှုရှိလာစေရန် အားပေးသင့်သည်။ ကလေးသူငယ်အခွင့်အရေးစာချုပ်အပိုဒ် – ၁၂ တွင် အစိုးရများအနေဖြင့် ကလေးများအပေါ်သို့ (အဆိုး၊ အကောင်း) အကျိုးဆက်များဖြစ်စေလာနိုင်မည့် လုပ်ငန်းစဉ်များကို ဆုံးဖြတ်ချက်များချရာတွင် ကလေး၏အသက်အရွယ်နှင့် ရင့်ကျက်မှုအပေါ်မူတည်ပြီး ကလေး၏ ထင်မြင်ချက်၊ ယူဆချက်များကို လွတ်လွတ်လပ် လပ် တင်ပြနိုင်ခွင့်နှင့် ပြုလုပ်ရန် အာမခံပေးရမည်ဟု ဖော်ပြထားသည်။[၉]

## လက်တွေ့ဘဝနှင့် ဆက်စပ်ပေးခြင်း

သင်တန်းသူ၊သားများအား အဖွဲ့ (၃)ဖွဲ့ ခွဲမည်။

- အဖွဲ့ (၁) အထက်ပါ အခြေခံလမ်းညွှန်ချက်များသည် ကလေးများအတွက် အရေးကြီးပါသလား။ ဘာကြောင့်လဲ။
- အဖွဲ့ (၂) အထက်ပါ အခြေခံလမ်းညွှန်ချက်စံနှုန်းများကို ကျင့်သုံးရန် မိမိဒေသရှိ ဓလေ့၊ ယဉ်ကျေးမှုဆိုဆုံးမမှုများနှင့် ဘယ်လိုကိုက်ညီမှုရှိပါသလဲ၊ မရှိဘူးလဲ။ ဘာကြောင့်လဲ။
- အဖွဲ့ (၃) မိမိပတ်ဝန်းကျင်ရှိ လူကြီးတွေအနေနဲ့ အထက်ပါအခြေခံ လမ်းညွှန်ချက်များကို လက်တွေ့လက်ခံကျင့်သုံးမှု အခြေအနေ ဘယ်လိုရှိနေပါသလဲ။

အုပ်စုလိုက် ဆွေးနွေးမှုများကို အုပ်စုကြီးသို့ ပြန်လည်တင်ပြစေမည်။

## [illegible]

ယခုသင်ခန်းစာမှ ကလေးအဓိပ္ပာယ်နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောသဘာဝနဲ့ပတ်သက်ပြီး မိမိဘာတွေကိုလေ့လာလိုက်ရသလဲ။ ဘာတွေကို မှတ်မိလိုက်သလဲ တယောက်တချက်စီပြောစေမည်။

## လိုအပ်သောအရာများ

- ရောင်စုံစာရွက်အပိုင်းကလေးများနှင့် ရောင်စုံခဲတံ၊ ဘောလ်ပင်။
- ကလေးသူငယ်အခွင့်အရေးစာချုပ် လက်မှတ်ထိုးစဉ်ကပုံများ။
- အဓိက လမ်းညွှန်ချက်ကို လေ့လာရာတွင်အထောက်အကူပြုမည့် ရုပ်ပုံများ၊ ဇတ်လမ်းတို၊ မှတ်တမ်းခွေများ။

## လေ့လာရန်

- နိုင်ငံတကာကလေးသူငယ်အခွင့်အရေးစာချုပ် သမိုင်းကြောင်း
- မြန်မာနိုင်ငံကလေးဥပဒေ
- နိုင်ငံတကာကလေးသူငယ်အခွင့်အရေးစာချုပ်

9. Ibid

သင်ခန်းစာ (၃)

# နိုင်ငံတကာ ကလေးသူငယ်အခွင့်အရေးစာချုပ်

## ရည်ရွယ်ချက်

- နိုင်ငံတကာ ကလေးသူငယ်အခွင့်အရေးစာချုပ်၏ ဖွဲ့စည်းပုံကိုနားလည် သဘောပေါက်လာစေရန်။
- နိုင်ငံတကာ ကလေးသူငယ်အခွင့်အရေးစာချုပ်၏ အဓိကအခွင့်အရေးအုပ်စု (၄)မျိုးကို သေချာနားလည်သဘောပေါက်စေရန်။
- ကလေးများအခွင့်အရေးပိုင်ဆိုင်ရရှိစေရန် မည်သူတွေမှာ တာဝန်တွေရှိကြောင်း ရှင်းရှင်းလင်းလင်းသိရှိလာစေရန်။
- မိမိ၏တာဝန်ကိုသိပြီး ကလေးသူငယ်အခွင့်အရေးများကို ကလေးများပိုင်ဆိုင်ရရှိလာစေရန်အတွက် လုပ်ဆောင်လာနိုင်စေရန်။

## လုပ်ရှားမှု . . .

- အုပ်စု (၄) စုခွဲသည်။
- အုပ်စုတစုစီကို နိုင်ငံတကာ ကလေးသူငယ်အခွင့်အရေးစာချုပ်ပိုစတာ တခုချင်းစီဝေထားမည်။
- အုပ်စုတစုစီအား အောက်ပါခေါင်းစဉ် တခုစီပေး၍ သက်ဆိုင်ရာအပိုဒ်များကိုရွေးချယ်စေကာ ဆွေးနွေးစေမည်။
    - အသက်ရှင်ရပ်တည်ခွင့်
    - ဖွံ့ဖြိုးတိုးတက်ခွင့်
    - ကာကွယ်ခွင့်
    - ပါဝင်ခွင့်

## ဆွေးနွေးမှု

- အဖွဲ့တဖွဲ့စီမှ ဆွေးနွေးချက်များကို အုပ်စုကြီးသို့ပြန်လည်တင်ပြဆွေးနွေးစေမည်။
- အဖွဲ့များ၏ တင်ပြချက်များမှာ ဘာတွေထူးခြားတာတွေ့ရလဲ။ (ဥပမာ – အချို့အပိုဒ်များသည် အုပ်စု ၂ ခုတွင် ပါဝင်နေတာတွေ့ရနိုင်သည်)

### ဗဟုသုတပေးခြင်း

နိုင်ငံတကာ ကလေးသူငယ်အခွင့်အရေးစာချုပ်၏ အခြေခံသဘောတရားများ၊ ဖွဲ့စည်းထားပုံ
ထိုစာချုပ်တွင် အပိုဒ်ပေါင်း (၅၄) ပိုဒ်ပါဝင်သည်။
အပိုဒ်(၁) – ကလေး၏ အဓိပ္ပာယ် ဖွင့်ဆိုချက်။
အပိုဒ် (၂) မှ (၄၀) – အခွင့်အရေးနှင့် ကာကွယ်ခွင့်များ။
အပိုဒ် (၄၁) မှ (၅၄) – ကလေးသူငယ်အခွင့်အရေးကော်မတီ၏ တာဝန်။

အဓိကအခွင့်အရေးအုပ်စု (၄)မျိုး – အပိုဒ် (၂) မှ (၄၀) အတွင်းရှိအပိုဒ်များ

**အုပ်စု (၁) အသက်ရှင်ရပ်တည်ခွင့်**

ကလေးများ၏ အသက်ရှင်နိုင်ရန်အတွက် မရှိမဖြစ်လိုသည့်အရာများကို လုံလုံလောက်လောက်ရရှိစေရန်အတွက် အာမခံပေးခြင်းကို ဆိုလိုသည်။ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာစေရန်၊ ကာကွယ်ဆေးများ အချိန်မှန်မှန်ထိုးပေးရန်။ ၅ နှစ်အောက်ကလေး သေနှုန်းလျော့ကျလာစေရန်၊ အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ၊ အာဟာရချို့တဲ့မှု လျော့နည်းလာစေရန်၊ သန့်ရှင်းသော ရေနှင့်အစားအစာများနှင့် ကျန်းမာရေးနှင့် ကိုက်ညီသောပတ်ဝန်းကျင် စသည်တို့ ရရှိစေရန် အစီအစဉ်များကို မိဘများနှင့် အစိုးရတို့က တာဝန်ယူလုပ်ဆောင်ပေးရမည်။

**အုပ်စု (၂) ဖွံ့ဖြိုးတိုးတက်ခွင့်**

ဖွံ့ဖြိုးတိုးတက်ခွင့်ပေးရာတွင် ကလေးများကြီးထွားဖွံ့ဖြိုးလာဖို့ ဘက်စုံဖွံ့ဖြိုးစေရေး နည်းလမ်းများကို အသုံးပြုရမည်။ ဤအခွင့်အရေးရရှိလာစေရန် ကလေးများကို အရည်အသွေးရှိသော ပညာရေး၊ သင့်တင့်သောလူနေမှုအဆင့်အတန်း၊ လူမှုဘဝလုံခြုံမှု၊ ယုံကြည်ကိုးကွယ်မှုနှင့် ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုကိုလေးစားပေးခြင်း၊ ကစားခွင့်နှင့် အပမ်းဖြေအနားယူခွင့်ပေးခြင်းများကို မိဘများနှင့် အစိုးရမှ တာဝန်ယူလုပ်ဆောင်ပေးရမည်။

**အုပ်စု (၃) ကာကွယ်ခွင့်**

ကလေးများသည်ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာနာကျင်ခြင်း၊ မတော်မတရားပြုခြင်း၊ လျစ်လျူရှုထားခြင်း၊ အမြတ်ထုတ်စော်ကားခြင်းနှင့် အကြမ်းဖက်ခြင်းတို့မှ ကင်းလွတ်ခွင့် ရှိရမည်။ ကလေးများအပေါ် စော်ကားခြင်း၊ ကလေးများအကြား ခွဲခြားဖိနှိပ်မှု၊ ကူးသန်းရောင်းဝယ်ခြင်း၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်း၊ ကလေးစစ်သားအဖြစ်ခိုင်းစေခြင်း၊ သတ်ဖြတ်ခြင်း၊ ခန္ဓာကိုယ်ချို့တဲ့စေခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်းစသော ကလေးအခွင့်အရေးများ ချိုးဖောက်ခြင်းတို့မှ အကာအကွယ်ပေးရန်လိုသည်။ ထိုသို့ကျူးလွန်မှုများကိုတားမြစ်နိုင်ရန် ဥပဒေများထုတ်ပြန်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို လုပ်ဆောင်ရန် အစိုးရ၏ တာဝန်ဖြစ်သည်။ မိဘများနှင့် အစိုးရများအနေဖြင့် ကလေးများကို မိသားစုနှင့်ခွဲခွာစေခြင်းများကို (အထူးသဖြင့် အရေးပေါ်အခြေအနေများတွင်) မပြုလုပ်ရန် အာမခံပေးထားရမည်။ [၁၀]

10. P.50 module on Human Rights and Children's Rights for Bangsamoro Youth

**အပိုင်း (၄) မိသားစုဘဝ၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှုများတွင် အပြည့်အဝပါဝင်ခွင့်**

ကလေးများအပေါ် သက်ရောက်ဖြစ်ပေါ်လာနိုင်သည့် အကျိုးများနှင့် ပတ်သက်၍ မိသားစု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အဆင့်အထိ ကလေးများထုတ်ဖော်ပြောဆိုတတ်လာစေရန်အတွက် အဓိကအခန်းကဏ္ဍများတွင် တာဝန်ပေးအပ်ခြင်းဖြင့် ပါဝင်ခွင့်ကိုဖော်ဆောင်ပေးရမည်။ ကလေးများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်တင်ပြနိုင်ရန်၊ ကလေးများရဲ့ ဘဝကို သက်ရောက်စေနိုင်မည့်ကိစ္စများနှင့်ပတ်သက်ပြီး သိရှိခွင့်ရပြီး ပြောဆိုခွင့်ရရန်၊ အဖွဲ့အစည်းများတွင် ပါဝင်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခြင်းများရှိရန်လိုအပ်ပါသည်။

**ဗဟုသုတပေးခြင်းနှင့် လက်တွေ့ဘဝနှင့် ဆက်စပ်ပေးခြင်း**

- သင်တန်းသူ၊ သားများအား ကလေးအခွင့်အရေးအပိုဒ် (၄၀)မှ တယောက်ကို( ၂ )ပိုဒ် စီကို ဝေမည်။
- မိမိရရှိထားသောအပိုဒ်များကို မိမိနားလည်သလို ဆိုလိုရင်းနှင့် ဥပမာများတွဲပြီး ရှင်းပြစေမည်။
- အဓိပ္ပာယ်လွဲမှား၊ မပြည့်စုံဖြစ်နေပါက သင်တန်းနည်းပြမှ ထပ်ဖြည့်ဆွေးနွေးပေးခြင်း သို့မဟုတ် အခြားသင်တန်းသူ၊သားများကို ထပ်ဖြည့်ဆွေးနွေးကူပေးရန် ဖိတ်ခေါ်နိုင်သည်။

**ကလေးအခွင့်အရေးအပိုဒ် (၄၀) ပြဇယား**

| အပိုဒ် | အဓိပ္ပာယ်ဖွင့်ဆိုချက် | မှတ်ချက် |
|---|---|---|
| ၁ | ကလေး၏ တရားဝင်အသက်ကို (၁၈)နှစ် ဟု သတ်မှတ်ထားသည်။ | –နိုင်ငံတခုနှင့် တခုကွဲပြားခြားနားနိုင်သည်။ |
| ၂ | ကလေးများအားခွဲခြားမှုမရှိပဲ အခွင့်အရေးများကို တန်းတူခံစားခွင့်ရှိသည်။ | –မည်သည့်ကလေးကိုမှ အသားအရောင်၊ ကိုးကွယ်သည့်ဘာသာ၊ တရားဝင်မွေးဖွားမှု၊ ကိုယ်ခန္ဓာသန်စွမ်းမှု၊ လူမျိုးအပေါ် အခြေခံ၍ မခွဲခြားရ။ |
| ၃ | ကလေးများ၏ အကောင်းဆုံးအကျိုးကို ဦးစားပေးထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်။ | –ထိုသို့စဉ်းစားဆောင်ရွက်ရာတွင် ကလေးတဦးချင်းစီ၏ လိုအပ်ချက်၊ လုပ်ဆောင်နိုင်စွမ်းနှင့် အခြေအနေတခုချင်း အလိုက်ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်။ အားလုံးအတွက်ပုံသေ သတ်မှတ်၍မရနိုင်။ |
| ၄ | ကလေးများ၏ အခွင့်အရေးနှင့်ပတ်သက်၍ အစိုးရက အစွမ်းကုန်လုပ်ဆောင်ပေးရန်။ | –ကလေးအခွင့်အရေးနှင့်ပတ်သက်၍ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် အခြားကဏ္ဍများတွင် အစိုးရက သင့်တော်သလို လုပ်ဆောင်ပေးရန်၊<br>–ကလေးများကို ကာကွယ်ပေးသည့် ဥပဒေများပြဋ္ဌာန်းပေးရန်၊<br>–ကလေးများအတွက် လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန် နိုင်ငံတော်ဘတ်ဂျက်များကို အမြင့်မားဆုံးချမှတ်ဆောင်ရွက်ပေးရန်၊ |
| ၅ | မိဘများ၏အရေးပါပုံ၊ တာဝန်ရှိမှုကို နိုင်ငံတော်မှလေးစားရန်။ | – မိဘများသည် ကလေးများအပေါ် သင့်လျော်သောအုပ်ထိန်းလမ်း ညွှန်မှုများပေးရန် တာဝန်ရှိသည်။ မိဘများ၏ အုပ်ထိမ်းလမ်းညွှန်မှုများသည် ကလေးများ၏ တဖြေးဖြေးချင်း ရင့်ကျက်တိုးတက်လာမှု အဆင့်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်ရမည်။ |
| ၆ | ကလေးများအသက်ရှင်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့်။ | –ကလေးများအတွက် အန္တရာယ်ဖြစ်မည့်အရာ များကိုရှောင်ကြဉ်ရန်။<br>–ကလေးများဘက်ပေါင်းစုံဖွံ့ဖြိုးလာစေဖို့ လုပ်ဆောင်ပေးရန် ထိုသို့ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်၏ရင်းမြစ်များကို အစွမ်းကုန်အသုံးချ၍လုပ်ဆောင်ပေးရန်။ |
| ၇ | မွေးဖွားလာသည်နှင့် အမည်မှည့်ခွင့်၊ မှတ်ပုံ–တင်ခွင့်။ | –ကလေးများသည်မွေးလာကတည်းက အမည်မှည့် နိုင်ရမည်။<br>–တရားဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မွေးဖွားလာသောကလေးတိုင်းသည် မွေးစာရင်း ရရှိနိုင်ရမည်။ |
| ၈ | မိသားစုတော်စပ်ပုံနှင့် ကိုယ်ရေးအချက်အလက်များသိရှိခွင့်။ | –ကလေးများသည် မိမိတို့၏ မိဘနောက်ကြောင်းရာဇဝင်များ သိရှိခွင့်ရှိမည်။ သို့သော် ကလေး၏အကောင်းဆုံးအကျိုးကို ထိခိုက်နိုင်ပါက ကလေး၏ အကောင်းဆုံးအကျိုးကို ဦးစားပေးရမည်။ |
| ၉ | ကလေးများ၏ကောင်းကျိုးအတွက် မိဘများနှင့် ခွဲခွာခွင့်။ | –မိဘများနှင့် ကလေးတို့ကိုခွဲခွာထားခြင်းမရှိသင့်သော်လည်း အကယ်၍ မိဘများနှင့်နေခြင်းကြောင့်ကလေး၏အကောင်းဆုံးအကျိုးကို ထိခိုက်နိုင်မည်ဆိုပါကကလေးနှင့်မိဘ ခွဲခွာထားနိုင်သည်။ |
| ၁၀ | မိသားစု ပြန်လည်တွေ့ဆုံခွင့်။ | – တနိုင်ငံစီကွဲကွာနေသော မိသားစုများနှင့်အကြုံးဝင်သည်။ ထိုအခြေအနေတွင် မိသားစု တွေ့နိုင်ရန်အတွက် သက်ဆိုင်ရာနိုင်ငံများက လိုအပ်သော နိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း၊ ဗီဇာများထုတ်ပေးခြင်းများ လုပ်ရမည်။ |
| ၁၁ | ကလေးများအား နိုင်ငံခြားသို့ ပြန်လမ်းမရှိ ခေါ်ဆောင်ခြင်းမှ ကာကွယ်ပေးခြင်း။ | –မိဘများကပင်ဖြစ်စေ ကလေးများကို နိုင်ငံခြားသို့တရားမဝင်ခေါ်ဆောင်သွားခြင်း မလုပ်နိုင်အောင် အစိုးရများကတားဆီးပေးရမည်။ ထိုသို့သော အမှုများကို ကိုင်တွယ်ဖြေရှင်းရန် အတွက် နိုင်ငံများအကြားသဘောတူညီချက်များ ချမှတ်ထားရမည်။ |

| အပိုဒ် | အဓိပ္ပာယ်ဖွင့်ဆိုချက် | မှတ်ချက် |
|---|---|---|
| ၁၂ | ကလေးများ၏ အယူအဆများကို လေးစားခြင်း။ | -ကလေးများ၏ အယူအဆများထုတ်ဖော်ပြောဆိုလာစေနိုင်ရန်အတွက် ဖန်တီးပေးရန်၊ ထိုသို့ထုတ်ဖော်ပြောဆိုချက်များကို အလေးထားထည့်သွင်းစဉ်းစားရမည်။ |
| ၁၃ | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းများ ရယူခွင့်။ | -ကလေးများအနေဖြင့် မိမိတို့၏ဆန္ဒများကို နည်းလမ်းအမျိုးမျိုးဖြင့် ထုတ်ဖော်ပြောဆိုတတ်လာနိုင်ဖို့ ဖန်တီးပေးရန်။<br>-ကလေးများနှင့်ပတ်သက်သည့် သတင်းများကို ကလေးများသိအောင် ထုတ်လွှင့်ပေးရန်။ |
| ၁၄ | လွတ်လပ်စွာတွေးခေါ်ခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်။ | -မိမိယုံကြည်သည့်အတိုင်းကိုးကွယ်နိုင်ခြင်း၊<br>-ဘာသာကူးပြောင်းနိုင်ခြင်း။ |
| ၁၅ | လွတ်လပ်စွာအသင်းဖွဲ့ခွင့်၊ စုဝေးခွင့်။ | -ကလေးများဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့်အသင်းအဖွဲ့ များဖွဲ့စည်းပေးခြင်း၊ ပါဝင်စေခြင်း။ |
| ၁၆ | ဂုဏ်သိက္ခာနှင့်အညီနေထိုင်ခွင့်၊ ပုဂ္ဂလိကလွတ်လပ်ခွင့်။ | ကလေးများပါဝင်သောတရားအမှုများကို အများသိအောင်ကြေညာခြင်းမပြုရ၊<br>-ကလေးများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ထိခိုက်စေနိုင်မည့် အဖြစ်အပျက်များကို လူအများ သိစေရန် မပြုလုပ်ရ။ |
| ၁၇ | ကလေးများအတွက်ဖျော်ဖြေရေး အထူးအစီအစဉ်များရှိခွင့်။ | -ကလေးများအတွက် ဖျော်ဖြေရေးအစီအစဉ်များသက်သက်သာမဟုတ်ဘဲ အစိုးရအနေဖြင့် ကလေးများ၏ ဗလငါးတန်တိုးတက်စေမည့် အထူးအစီအစဉ်များကိုပါ ထုတ်လွှင့်ပေးရမည်။ |
| ၁၈ | မိဘများ၏ အဓိကတာဝန်ရှိမှုကို အသိအမှတ်ပြုပေးရန်နှင့် နိုင်ငံတော်အစိုးရ၏ တာဝန်ရှိမှု။ | -ကလေးများကို ထိန်းကျောင်းပဲ့ပြင်ရာတွင် မိဘအုပ်ထိန်းသူများ၏ အဓိကတာဝန်ဖြစ်သလို အစိုးရကလဲ မိဘအုပ်ထိန်းသူများကို ထောက်ပံ့ကူညီမှုများ ပြုလုပ်ရမည်။ |
| ၁၉ | စော်ကားမှုအမျိုးမျိုးမှ ကာကွယ်ပေးမှု။ | -ကလေးများအပေါ် မိသားစုဝင်များအပါအဝင် အခြားသူများက ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်း စော်ကားမှုများ၊ လျစ်လျူရှုမှုများမပြုလုပ်နိုင်စေရန်အစိုးရက နည်းအမျိုးမျိုးဖြင့်ကာကွယ်ပေး ရမည်။ |
| ၂၀ | မိသားစုနှင့်ကင်းဝေးနေသော ကလေးများအား အထူးကူညီစောင့်ရှောက်မှု။ | -မိသားစုနှင့် ဝေးကွာနေသောကလေးများအား အခြားနည်းများဖြင့် ကာကွယ်စောင့်ရှောက်ပေးရမည်။<br>-ကလေး၏အကောင်းဆုံးအကျိုးကိုဦးစားပေးထည့်သွင်းစဉ်းစားပေးရမည်။<br>-မတတ်နိုင်သည့်အဆုံးမှ ဂေဟာများသို့ ပို့ဆောင်ရမည်။ |
| ၂၁ | ကလေးငယ်များအား ဥပဒေဖြင့် မွေးစားခွင့်ပြုခြင်း။ | -ကလေးများ၏ အကောင်းဆုံးအကျိုးဖြစ်မှသာ မွေးစားခြင်းကို ခွင့်ပြုရမည်။<br>-တာဝန်ရှိသူကခွင့်ပြုသော မွေးစားခြင်းမျိုးဖြစ်ရမည်။<br>-အခြားနည်းမရှိတော့သည့် နောက်ဆုံးမှသာ အခြားနိုင်ငံများသို့ ခေါ်ဆောင်မွေးစားခြင်းကို ခွင့်ပြုရမည်။ |
| ၂၂ | ဒုက္ခသည်ကလေးများ၏ အခွင့်အရေး။ | -ဒုက္ခသည်ကလေးများကို ဒုက္ခသည်စာချုပ်ပါအချက်များအတိုင်း ကူညီပေးရမည်။<br>-ဒုက္ခသည်ကလေးတဦးချင်းကိုလည်း လက်ခံအသိအမှတ်ပြုရမည်။<br>-အန္တရာယ်ရှိပါက နေရပ်ရင်းသို့အတင်းအကြပ်ပို့ဆောင်ခြင်း မပြုရ။ |
| ၂၃ | အခြားနည်းဖြင့်သန်စွမ်းသောကလေးများ။ | -အခြားနည်းများဖြင့်သန်စွမ်းနေသောကလေးများကို အခြားကလေးများနှင့်တန်းတူ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးလုပ်ဆောင်ပေးရမည်။ |
| ၂၄ | ကျန်းမာရေးစောင့်ရှောက်ခံပိုင်ခွင့်။ | -ကလေးတိုင်း ကျန်းမာရေးစောင့်ရှောက်မှု ခံစားရရှိစေရန်၊<br>-မွေးကင်းစကလေးများနှင့် ငါးနှစ်အောက်ကလေးများ သေဆုံးမှုလျော့ကျစေရန်၊<br>-မိခင်များကလေးမမွေးခင်နှင့် ကလေးမွေးပြီးကျန်းမာရေးစောင့်ရှောက်မှု ခံစားပိုင်ခွင့်ရရှိရန်၊<br>-ရောဂါထူပြောမှုနှင့် အဟာရချို့တဲ့မှုပပျောက်ရန်၊<br>-ကလေးနှင့် မိခင်များကို ကျန်းမာရေးပညာပေးနိုင်ရန်နှင့် ကလေးများ အတွက်အန္တရာယ် ဖြစ်စေမည့် ကျန်းမာရေးကုထုံးများဖြင့် ကုသခြင်းများပပျောက်စေရန် အစိုးရများက လုပ်ဆောင်ပေးရမည်။ |
| ၂၅ | အစိုးရစောင့်ရှောက်မှုဂေဟာအောက်ရှိ ကလေးများအား ပုံမှန်စစ်ဆေးခွင့်။ | - စောင့်ရှောက်ရေးဂေဟာများတွင်ထားသော ကလေးများကို ပစ်ထား၍မရပါ။ ထိုကလေးများ၏အခြေအနေတိုးတက်မှုကိုအချိန်မှန်မှန် စောင့်ကြပ်လေ့လာရမည်။ |

| အပိုဒ် | အဓိပ္ပာယ်ဖွင့်ဆိုချက် | မှတ်ချက် |
|---|---|---|
| ၂၆ | လူမှုဖူလုံရေး ခံစားပိုင်ခွင့်။ | – မိဘများကို ထောက်ပံ့ပေးသော လူမှုဖူလုံရေးအထောက်အပံ့များတွင် ကလေးများ အတွက်ပါထည့်သွင်းစဉ်းစားပေးရမည်။ ကလေးများ၏အကောင်းဆုံးအကျိုးကို ဦးစားပေး ထည့်သွင်းစဉ်းစားရမည်။ |
| ၂၇ | သင့်တော်သောလူနေမှုအဆင့်အတန်းရရှိခွင့်။ | – ကလေးများ၏ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် လူနေမှု အဆင့်အတန်း ရရှိရေးသည် မိဘများ၏တာဝန်ဖြစ်သလို အစိုးရကလည်း လိုအပ်သောအစီအစဉ်များ ထောက်ပံ့ပေးရမည်။ |
| ၂၈ | ပညာသင်ကြားခွင့်။ | – ကလေးတိုင်း အခြေခံပညာကို အခမဲ့မသင်မနေရဖြစ်ရမည်။<br>– အလယ်တန်းနှင့် အဆင့်မြင့်ပညာများကို လူတိုင်းသင်ကြားနိုင်ရမည်။<br>– ကျောင်းများတွင်ထုတ်ပြန်ထားသော စည်းကမ်းများသည် ကလေးအခွင့်အရေးစာချုပ်၏ လမ်းညွှန်ချက်များနှင့် လိုက်လျောညီထွေဖြစ်ရမည်။ |
| ၂၉ | တန်ဖိုးရှိသောပညာရေးရရှိခွင့်။ | – ပို့ချသောပညာရေးပုံစံသည် ကလေးများ၏အရည်အချင်း၊ စွမ်းရည်တို့ကို တိုးတက်စေရုံ သာမက ကလေးများ၏ ဘဝအတွက်အသုံးကျ၍ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးတန်ဖိုးများကို သဘောပေါက်စေသော ပညာရေးပုံစံဖြစ်ရမည်။ |
| ၃၀ | လူနည်းစုများနှင့် တိုင်းရင်းသားကလေးများ၏ အခွင့်အရေးများ။ | – လူနည်းစုဝင်ကလေးများကို မခွဲခြားရ။<br>– မိမိတို့၏ ယဉ်ကျေးမှုများကို ကျင့်သုံးနိုင်ရမည်။<br>– မိရိုးဖလာယုံကြည်မှုနှင့် ဘာသာစကားများကိုကျင့်သုံးနိုင်ရမည်။ |
| ၃၁ | အပမ်းဖြေအနားယူခွင့်။ | – ကလေးများအတွက် အပန်းဖြေအနားယူချိန်ရရှိရမည်။<br>– အားလပ်ချိန်များတွင် အခြားကလေးများနှင့် ပေါင်းသင်းဆက်ဆံ၍ အနုပညာလုပ်ငန်းများ လုပ်ကိုင်နိုင်ရမည်။ |
| ၃၂ | စီးပွားရေးအမြတ်ထုတ်မှုမှကာကွယ်ပေးခြင်း။ | အစိုးရအနေဖြင့်<br>– အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်ကို သတ်မှတ်ပေးခြင်း၊<br>– အလုပ်ခွင်အနေအထားနှင့် အလုပ်ချိန်များကို သတ်မှတ်ပေးခြင်း၊<br>– ချိုးဖောက်သူများကို အရေးယူခြင်း၊<br>– ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အကျင့်သီလ စာရိတ္တကို ထိခိုက် စေမည့်အလုပ်မျိုးစေခိုင်းခြင်းမှ ကာကွယ်ပေးခြင်းများကို လုပ်ဆောင်ရမည်။ |
| ၃၃ | ကလေးများအား မူးယစ်ဆေးဝါးလုပ်ငန်းများတွင် အသုံးချခြင်းမှ တားဆီးပေးခြင်း။ | –ကလေးများ မူးယစ်ဆေးဝါးအသုံးပြုခြင်းကို တားဆီးခြင်း၊<br>–ကလေးများအား မူးယစ်ဆေးဝါးသယ်ဆောင်ခိုင်းသူများကို အရေးယူခြင်း၊<br>–ထိုသို့မဖြစ်စေရန် ဥပဒေပြဌာန်းခြင်း၊ ပညာပေးလုပ်ငန်းများ လုပ်ဆောင်ပေးခြင်း။ |
| ၃၄ | လိင်ပိုင်းဆိုင်ရာစော်ကားအမြတ်ထုတ်ခြင်းနှင့် ပြည့်တန်ဆာအဖြစ်စေခိုင်းခြင်းမှ ကာကွယ် ပေးခြင်း။ | – ကလေးများအား လိင်ဆက်ဆံခြင်း၊<br>–ငယ်ရွယ်သောကလေးများအား အကြပ်ကိုင်၍ လိင်ဆက်ဆံခြင်း၊<br>–ကလေးများအား ပြည့်တန်ဆာအဖြစ်စေခိုင်းခြင်း၊<br>–ညစ်ညမ်းစာစောင်များတွင်အသုံးပြုခြင်းကို တားဆီးကာကွယ်ပေးရမည်။ |
| ၃၅ | ကလေးများအား ရောင်းချခြင်း၊ ကူးသန်းရောင်း ဝယ်ခြင်း၊ ပြန်ပေးဆွဲခြင်းတို့မှကာကွယ်ပေးခြင်း။ | – ကလေးများအား အမြတ်ထုတ်ရန်ရည်ရွယ်ချက်ဖြင့် ကူးသန်းရောင်းဝယ်ခြင်း၊ သယ် ဆောင်ခြင်း၊ လက်ခံခြင်း၊<br>– ကလေးများအား မွေးစားလိုသူများထံရောင်းချရန်နှင့် လိင်လုပ်ငန်းများတွင် အသုံးပြုရန် ပြန်ပေးဆွဲခြင်းတို့ကို အစိုးရမှကာကွယ်ပေးရမည်။ |
| ၃၆ | ကလေးများအပေါ် အခြားနည်းများဖြင့် အမြတ် ထုတ်ခြင်းကို ကာကွယ်ပေးခြင်း။ | – အထက်တွင်ဖော်ပြထားသော ကလေးများအပေါ် အမြတ်ထုတ်ခြင်း အမျိုးအစားများတွင် မပါဝင်သေးသော အခြားသောနည်းများကိုလဲကာကွယ်ပေးရမည်။ |
| ၃၇ | ကလေးများအား နှိပ်စက်ခြင်းနှင့် လွတ်လပ်ခွင့် ပိတ်ပင်ခြင်းအား တားဆီးခြင်း။ | –ကလေးများအား အကြောင်းမရှိဘဲ လွတ်လပ်ခွင့်ကိုပိတ်ပင်ခြင်း မရှိအောင်၊ ကလေးများအ ပေါ်နှိပ်စက်ညှင်းပမ်းခြင်းမရှိအောင် စောင့်ရှောက် ပေးရမည်၊<br>–ကလေးများကိုထိန်းသိမ်းထားပါက လူကြီးများနှင့် ရောနှော၍မထားရ။ |

| အပိုဒ် | အဓိပ္ပာယ်ဖွင့်ဆိုချက် | မှတ်ချက် |
|---|---|---|
| ၃၈ | ကလေးစစ်သားများအဖြစ်အသုံးပြုမှု။ | – အသက် (၁၅)နှစ်အောက်ကလေးများအား လက်နက်စစ်ပွဲများတွင် စစ်သားများအဖြစ်စေခိုင်းခြင်းအားတားဆီးရမည်။ |
| ၃၉ | ကလေးများပြန်လည်နာလံထလာစေရေး အစီအစဉ်များ ရရှိခံစားခွင့်။ | စော်ကားမှု၊ အကြမ်းဖက်မှု၊ အမြတ်ထုတ်မှု၊ နှိပ်စက်မှုနှင့် လက်နက်ကိုင် စစ်ပွဲများကြောင့် ထိခိုက်ခဲ့ရသောကလေးများကို ပြန်လည်နာလံထလာစေရန် ပြုစုပျိုးထောင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးရမည်။ |
| ၄၀ | ကလေးများကို ကလေးဥပဒေဖြင့်သာ တရားစီရင်ခြင်း။ | တရားရေးအမှုအခင်းများတွင် ပါဝင်ပတ်သက်နေသောကလေးများသည်<br>–စီရင်ချက်မချမချင်းအပြစ်မရှိဟု သတ်မှတ်ခံပိုင်ခွင့်၊<br>–စွပ်စွဲချက်ကို သိရှိခွင့်၊<br>–တရားရေးအကူအညီရရှိခွင့်၊<br>–လျင်မြန်၊ မှန်ကန်သော တရားစီရင်မှုရရှိခွင့်၊<br>–ဆန္ဒမပါဘဲသက်သေထွက်ဆိုခြင်းအား ငြင်းဆိုပိုင်ခွင့်၊<br>–ဘာသာပြန်ရရှိခွင့် စသည်တို့ကို ခံစားခွင့်ရှိသည်။<br>အစိုးရသည်အပြစ်စီရင်နိုင်သော ကလေး၏အနိမ့်ဆုံးအသက်ကို သတ်မှတ်ထားရမည်။ |

(ဆွေးနွေးမှုတွင် ငြီးငွေ့မှုလျော့နည်းစေရန် – ကလေးအခွင့်အရေးပုံပါအပိုဒ်များကိုဝေပြီး အုပ်စုငယ်များဖွဲ့ပြီးဆွေးနွေးခြင်း၊ တဦးချင်း သို့မဟုတ် အုပ်စုလိုက် သရုပ်ဆောင်စေခြင်း၊ ကလေးအခွင့်အရေးအပိုဒ်ပါ ပုံများကိုပြပြီး အဓိပ္ပာယ်ခန့်မှန်းစေခြင်းစသည့်နည်းလမ်းများဖြင့်လည်း ဆွေးနွေးနိုင်ပါသည်)

### လှုပ်ရှားမှုဆောင်ရွက်ခြင်း (၁)

- အထက်ပါဆွေးနွေးခဲ့သော ကလေးအခွင့်အရေးများကို မရရှိပါက ကလေးများ၏ အနာဂတ်ကို ဘယ်လိုထိခိုက်စေနိုင်ပါသလဲ ဆိုတာကို အုပ်စုကြီးတွင် ဆွေးနွေးစေမည်။
- ထိုနောက် သင်တန်းသားများကို အဖွဲ့ (၅) ဖွဲ့ခွဲစေမည်။
- အဖွဲ့တဖွဲ့စီကို အောက်ပါမေးခွန်းများကို ဆွေးနွေးစေမည်။

  အုပ်စု (၁) ထိုသို့ထိခိုက်မှုများမရှိ၊ လျော့ပါးစေရန် မိဘတွေမှာ ဘယ်လိုအရေးကြီးတဲ့ တာဝန်တွေရှိသလဲ။
  
  အုပ်စု (၂) ထိုသို့ထိခိုက်မှုများမရှိ၊ လျော့ပါးစေရန် ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ဘယ်လိုအရေးကြီးတဲ့ တာဝန်တွေရှိသလဲ။
  
  အုပ်စု (၃) ထိုသို့ထိခိုက်မှုများမရှိ၊ လျော့ပါးစေရန် လက်နက်ကိုင်အဖွဲ့များမှာ ဘယ်လိုအရေးကြီးတဲ့ တာဝန်တွေရှိသလဲ။
  
  အုပ်စု (၄) ထိုသို့ထိခိုက်မှုများမရှိ၊ လျော့ပါးစေရန် အစိုးရမှာ ဘယ်လိုအရေးကြီးတဲ့ တာဝန်တွေရှိသလဲ။
  
  အုပ်စု (၅) ထိုသို့ထိခိုက်မှုများမရှိ၊ လျော့ပါးစေရန် နိုင်ငံတကာအသိုင်းအဝိုင်းမှာ ဘယ်လိုအရေးကြီးတဲ့ တာဝန်တွေရှိသလဲ။
- ထိုအုပ်စုငယ်ဆွေးနွေးတင်ပြချက်များကို အုပ်စုကြီးသို့ပြန်လည် တင်ပြစေမည်။

### ဗဟုသုတပေးခြင်းနှင့် လက်တွေ့ဘဝနှင့် ဆက်စပ်ပေးခြင်း

အခွင့်အရေးနှင့် တာဝန်ဒွန်တွဲလက်ရှိကြောင်း



- အခွင့်အရေး အခွင့်အရေး
  ကလေးအခွင့်အရေး။
- အခွင့်အရေးနဲ့ တာဝန်ဟာ
  အမြဲတွဲနေတာ။
- အခွင့်အရေးဆိုတာရယူဖို့
  တာဝန်ကတော့ ပေးဆပ်ဖို့။
- ရဖို့တစ်ခုတည်းလုပ်ဆောင်တာ
  အခွင့်အရေးမဟုတ်ပါ။
- တာဝန်မှန်သမျှကျေပွန်မှ
  အခွင့်အရေးရ။

မောင်မောင်ငြိမ်းအေး

| **Rights** **အခွင့်အရေးများ** | **Responsibilities** **တာဝန်များ** |
|---|---|
| We have a right to study… ကလေးတွေမှာ ပညာသင်ကြား၊ လေ့လာဆည်းပူးခွင့် ရှိပါတယ်၊ | and a responsibility to study hard. ကလေးတွေမှာ ကြိုးစားလေ့လာဖို့ တာဝန်ရှိပါတယ်။ |
| We have a right to be respected by our teachers … ကလေးတွေမှာ ဆရာ၊ ဆရာမတွေစီက လေးစားမှုကို ခံစားခွင့်ရှိပါတယ်၊ | and a responsibility to respect our teachers. ကလေးတွေအနေနဲ့ ဆရာ၊ ဆရာမတွေကို လေးစားဖို့ တာဝန်ရှိပါတယ်။ |
| We have a right to express our own opinion … ကလေးတွေမှာ မိမိ၏ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ခွင့်ရှိပါတယ်၊ | and a responsibility to listen to the opinions of others. ကလေးတွေကလဲ အခြားသူတွေရဲ့ထင်မြင်ယူဆချက်ထုတ်ဖော်မှုများကို နားထောင်ပေးဖို့ တာဝန်ရှိပါတယ်။ |
| We have a right to make mistakes… ကလေးတွေမှာ အမှားလုပ်မိခွင့်ရှိပါတယ်၊ | and a responsibility to learn from our mistakes. ကလေးတွေမှာ အမှားထဲက သင်ခန်းစာယူတတ်ဖို့ တာဝန်ရှိပါတယ်။ |
| We have a right to play… ကလေးတွေမှာ ကစားခွင့်ရှိပါတယ်၊ | and a responsibility to take others part into our game. ကလေးတွေကလဲ အခြားသူများကို ပါဝင်ကစားခွင့်ပေးဖို့ တာဝန်ရှိပါတယ်။ |
| We have a right not to be battered… ကလေးတွေမှာ ထိခိုက်နာကျင်ခံရမှုမှ ကင်းလွတ်ခွင့်ရှိပါတယ်၊ | and a responsibility not to batter others. ကလေးတွေမှာ အခြားသူတွေအပေါ် ထိခိုက်နာကျင်အောင်မလုပ်ဖို့ တာဝန်ရှိပါတယ်။ |
| We have a right to be respected… ကလေးတွေမှာ လေးစားမှုများကို ခံစားပိုင်ခွင့်ရှိပါတယ်၊ | and a responsibility to respect others. ကလေးတွေမှာ အခြားသူများကိုလေးစားဖို့ တာဝန်ရှိပါတယ်။ |
| We have a right to get information about our world… ကလေးတွေမှာ ကမ္ဘာကြီးအကြောင်း ဗဟုသုတရရှိခွင့်ရှိပါတယ်၊ | and a responsibility to share information with others. ကလေးတွေမှာ အချင်းချင်းအကြား ဗဟုသုတများဝေမျှဖို့ တာဝန်ရှိပါတယ်။ |
| We have a right to be protected from hard work… ကလေးတွေမှာ အလုပ်ကြမ်းလုပ်ရခြင်းကနေ ကင်းလွတ်ခွင့်ရှိပါတယ်၊ | and a responsibility to help others. ကလေးတွေမှာ အချင်းချင်းရိုင်းပင်းကူညီဖို့ တာဝန်ရှိပါတယ်။ |
| We have a right to feed healthy… ကလေးတွေမှာ အာဟာရပြည့်ဝသော အစားအစာရရှိခွင့်ရှိပါတယ်၊ | and a responsibility not to throw food. ကလေးတွေမှာ အစားအသောက်များကို အလေအလွင့်မလုပ်ဖို့ တာဝန်ရှိပါတယ်။ |
| We have a right to live in a safe and Convenience house… ကလေးတွေမှာ လုံခြုံသောနေရာ၊ နေအိမ်ရရှိခွင့်ရှိပါတယ်၊ | and a responsibility to help house keeping well. ကလေးတွေမှာ မိမိနေတဲ့နေရာ၊ အိမ်ကို ထိန်းသိမ်းဖို့ တာဝန်ရှိပါတယ်။ |
| Children with disabilities have a right to have a special care… အခြားနည်းဖြင့် သန်စွမ်းတဲ့ကလေးတွေမှာ အထူး ဂရုစိုက်မှုရရှိခွင့်ရှိပါတယ်၊ | and a responsibility to help to take care of people who need special care. ကလေးတွေမှာ အထူးဂရုစိုက်မှုလိုအပ်သူများကို ကူညီဖေးမဖို့ တာဝန်ရှိပါတယ်။ |
| We have a right to be loved and to get a care… ကလေးတွေမှာ ချစ်ခြင်းနှင့် ဂရုစိုက်မှုများ ခံစားခွင့်ရှိပါတယ်၊ | and a responsibility to love and to take care others. ကလေးတွေမှာ သူများတွေအပေါ် ချစ်ဖို့၊ ဂရုစိုက်မှုများပေးဖို့ တာဝန်ရှိပါတယ်။ |
| We have a right to have a qualified treatment… ကလေးတွေမှာ ကောင်းမွန်သော ဆေးဝါးကုသမှု ခံစားပိုင်ခွင့်ရှိပါတယ်၊ | and a responsibility to take care of our health. ကလေးတွေမှာ မိမိကျန်းမာရေးကို ဂရုစိုက်ဖို့ တာဝန်ရှိပါတယ်။ |

## အဖြေရှာလုပ်ဆောင်ခြင်း (၂)

- ကလေးများအခွင့်အရေး အပြည့်အဝရရှိလာစေရန် မိမိတဦးချင်းအနေဖြင့် တတ်နိုင်သမျှ ဘာတွေလုပ်ဆောင်သွားနိုင်မလဲ။
(သင်တန်းသူ၊ သားများအား စာရွက်အပိုင်းလေးများကိုပေးပြီး မိမိလုပ်ဆောင်မည့် ဆုံးဖြတ်ချက်များကို တယောက်ပြီးတယောက်တင်ပြစေမည်။)

## လိုအပ်သောပစ္စည်းများ

- ရောင်စုံစာရွက်အပိုင်းကလေးများနှင့် ရောင်စုံခဲတံ၊ ဘောလ်ပင်
- ကလေးအခွင့်အရေးအပိုဒ် (၄၀)ပါစာအုပ် (သို့) ပိုစတာ (၄)ခု

## လေ့လာရန်

- မြန်မာနိုင်ငံကလေးသူငယ်ဥပဒေ
- နိုင်ငံတကာကလေးသူငယ်အခွင့်အရေးစာချုပ်
- ကလေးများနှင့် သက်ဆိုင်သောစာအုပ်များ (ဥပမာ – ဂျူနီယာဘောဘီ၊ ယူနီဆက်၊ --- စသည်တို့မှ ထုတ်ဝေသောစာအုပ်များ)
- မြန်မာအစိုးရမှ ကလေးသူငယ်အခွင့်အရေး ကော်မတီသို့တင်သွင်းသော အစီရင်ခံစာများ
- ကလေးသူငယ်အခွင့်အရေး ကော်မတီသို့တင်သွင်းသော မြန်မာနိုင်ငံဆိုင်ရာယှဉ်ပြိုင်အစီရင်ခံစာများ



သင်ခန်းစာ (၄)

# ကလေးများကို ကာကွယ်ပေးခြင်း

## ရည်ရွယ်ချက်

- ကလေးတွေကို ဘာကြောင့်အထူးကာကွယ်ပေးဖို့ လိုအပ်သလဲ ဆိုတာသိစေရန်။
- မည်သည့်အချိန်၊ နေရာ၊ အခြေအနေအတွင်းမှာရှိနေသော ကလေးမျိုးကို အထူးကာကွယ်ပေးဖို့လိုအပ်ကြောင်းသတိထားမိလာစေရန်။
- ကလေးတွေကို ကာကွယ်ပေးထားတဲ့ ဥပဒေ၊ ပေါ်လစီတွေရှိကြောင်း လေ့လာမိစေရန်။
- မိမိတို့အဖွဲ့အစည်းအနေဖြင့် ကာကွယ်ပေးရန် အထူးလိုအပ်နေသော ကလေးများကို ကာကွယ်ပေးနိုင်မည့် နည်းလမ်းများကို စဉ်းစားမိလာစေရန်။

## လှုပ်ရှားမှု . . .

- သင်ပုန်းပေါ်တွင် ကလေးပုံ (၁)ပုံကို ကပ်ထားမည်။
- ကလေးများမှာလူကြီးတွေနဲ့ ဘာတွေကွာခြားချက်တွေရှိသလဲဆိုတာကို ရေးရန်စာရွက်အပိုင်းများကိုဝေမည်။
- ထိုစာရွက် တရွက်တွင် အချက် တချက်စီကို ချရေးစေမည်။
- ထိုစာရွက်အပိုင်းလေးဖြင့် တင်ပြချက်များကို သင်ပုန်းပေါ်တွင် ကပ်ထားစေမည်။

## ဆွေးနွေးမှု

- ထိုအချို့သောကွာခြားချက်များကြောင့် ကလေးများအားဘယ်လို ထိခိုက်လွယ်မှု၊ အမြတ်ထုတ်နိုင်ဖို့ အားနည်းချက်များဖြစ်နိုင်မလဲ။

(ထိုကွာခြားချက်များကြောင့် ကလေးတွေမှာ အန္တရာယ်တွေကျရောက်လာနိုင်သဖြင့် အထူးကာကွယ်ပေးဖို့လိုအပ်ပါသည်။ ကလေးတွေမှာ ဘယ်လို အန္တရာယ်မျိုးကျရောက်နိုင်တယ်ဆိုတာကို ဥပမာ နှစ်ခုလောက်ရှင်းပြမည်။ ထိုသို့သောအန္တရာယ်တွေကို တွေ့ကြုံရနိုင်သည့်အတွက် ကလေးတွေကို အကာအကွယ်ပေးဖို့ အရေးကြီးသည်။ )

### ဗဟုသုတပေးခြင်း

- **ကလေးကာကွယ်ပေးခြင်း အဓိပ္ပာယ်**

ကလေးတိုင်းသည် အသက်အရွယ်ငယ်ရွယ်မှုနှင့် အတွေ့အကြုံ မရင့်ကျက်သေးသည့်အတွက် ကာကွယ်စောင့်ရှောက်ပေးမှုများကို လိုအပ်သည်။ မိမိအနေဖြင့် အိမ်နီးချင်း၊ သူငယ်ချင်း၊ မိဘ၊ ဆွေမျိုး၊ ကလေးထိန်းသူ၊ ဆရာ၊မ၊ ဆရာဝန် သို့မဟုတ် ကလေး၊ လူငယ်များနှင့် ဆက်စပ်လုပ်ဆောင်သော အလုပ်စသည်ဖြင့် တနည်းမဟုတ်တနည်း ကလေးများနှင့် ဆက်စပ်မှုရှိနေလိမ့်မည်။ ထို့ကြောင့် ကလေးများကို ကာကွယ်ရန် မိမိတွင်တာဝန်ရှိသလို ကလေးများ၏ လုံခြုံရေး သို့မဟုတ် ကလေးများအပေါ်ကာကွယ်ပေးရေးသည် လူသားအားလုံး၏ တာဝန်ဖြစ်သည်။ ကလေးကာကွယ်ရေးဟုဆိုရာတွင် ကလေးများကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း၊ သို့မဟုတ် လျစ်လျူရှုပစ်ပယ်ထားခြင်းများကို ကာကွယ်ပေးခြင်းဖြစ်သလို အရေးပေါ်အခြေအနေမျိုးတွင် ကာကွယ်ပေးခြင်းများလည်းပါဝင်သည်။ တနည်းအားဖြင့် ကလေးများကို လူကြီးဘဝသို့ ပျော်ရွှင်ကျန်းမာစွာဖြင့် ယုံကြည်ချက်ပြည့်ဝစွာ ရောက်ရှိလာစေရန်အတွက် ကူညီထောက်ပံ့ပေးခြင်းဟုလည်း ဆိုနိုင်သည်။ အတိုချုံးပြောရလျှင် ကလေးများကိုထိခိုက်စေနိုင်သော၊ အန္တရာယ်ဖြစ်စေနိုင်သော အရာမှန်သမျှမှ အကာအကွယ်ပေးခြင်း၊ ကလေးတိုင်းကို လုံခြုံမှုရစေခြင်း ဖြစ်သည်။[၁၁] ကလေးများအတွက် ကာကွယ်ခြင်းဆိုင်ရာအခွင့်အရေးများသည် နေရာတိုင်း၊ အချိန်တိုင်းအခြေအနေတိုင်းအတွက် အကြုံးဝင်စေရမည်။

ကလေးများကို ကာကွယ်ပေးခြင်းနှင့်ပတ်သက်ပြီး မည်သည့်ကလေးကိုမှ ခွဲခြားဖိနှိပ်မှုမရှိအောင် ကာကွယ်ပေးခြင်း၊ ကလေးများအပေါ် အမြတ်ထုတ်မှုများလုံးဝမရှိအောင် ကာကွယ်ပေးခြင်းနှင့် ကာကွယ်ပေးမှုများအားနည်းတတ်သည့် အရေးပေါ်အခြေအနေများတွင် ကလေးများကို အထူးကာကွယ်ပေးခြင်းဟူ၍ ဖော်ပြထားသည်။[၁၂]

| ခွဲခြားဖိနှိပ်မှုမရှိအောင် ကာကွယ်ပေးခြင်း | အမြတ်ထုတ်စော်ကားမှုမှ ကာကွယ်ပေးခြင်း | အရေးပေါ်အခြေအနေမျိုးတွင် ကာကွယ်ပေးခြင်း |
|---|---|---|
| – ခွဲခြားဆက်ဆံမှု၊<br>– အမည်မှည့်ခွင့်နှင့် တိုင်းရင်းသားဖြစ်ခွင့်၊<br>– အခြားနည်းဖြင့် သန်စွမ်းသောကလေးများအား တန်းတူဖွံ့ဖြိုးတိုးတက်ခွင့်၊<br>– တိုင်းရင်းသားလူနည်းစုများအား မခွဲခြားခြင်း၊ | – ရောင်းစားခြင်း၊<br>– စော်ကားပစ်ပယ် လျစ်လျူရှုခြင်း၊<br>– မူးယစ်ဆေးဝါးလုပ်ငန်းများတွင် ကလေးများကို အသုံးချခြင်း၊<br>– နှိပ်စက်ခြင်း၊<br>– ကလေးစစ်သားအဖြစ်သုံးခြင်း၊<br>– ပြည့်တန်ဆာအဖြစ် စေခိုင်းခြင်း၊<br>– ကလေးလုပ်သားစေခိုင်းခြင်း၊ | – မိသားစုနှင့် ပြန်လည်တွေ့ဆုံခွင့်၊<br>– ဒုက္ခသည်ကလေးများအား စောင့်ရှောက်ခြင်း၊<br>– လက်နက်ကိုင်ပဋိပက္ခအတွင်းကျရောက်နေသောကလေးများအား ကူညီကယ်ဆယ်ခြင်း၊<br>– သဘာဝဘေးအန္တရာယ်အတွင်းကျရောက်နေသောကလေးများ၊<br>– ပြန်လည်ပြုစုပျိုးထောင်ရေးအစီအစဉ်များ လုပ်ဆောင်ပေးခြင်း၊ |

11. http://www.leics.gov.uk/index/social_services/children_young_people/children_at_risk/child_protection_everybodys_business
12. HREIB human rights educational pack

## ကလေးများကို ကာကွယ်ပေးထားသော မြန်မာနိုင်ငံ ဥပဒေများ

**မြန်မာနိုင်ငံကလေးသူငယ်ဥပဒေ ၁၉၉၃**

❖ အခန်း (၅) အပိုဒ် ၈ – ၂၇ အတွင်း ကလေးသူငယ်အခွင့်အရေးများနှင့် ကာကွယ်မှုများကို ဖော်ပြထားပါသည်။
❖ အခန်း (၅) အပိုဒ် ၃၂ – ၃၆ အတွင်း အထူးကာကွယ်မှုနှင့် စောင့်ရှောက်ပေးရန်လိုသော ကလေးများအကြောင်းကို ဖော်ပြထားပါသည်။
  - မိဘ၊ အုပ်ထိမ်းသူမဲ့နေသော ကလေးများ၊
  - မိမိအသက်ရှင်သန်ရေးအတွက် တောင်းစား (သူတောင်းစား)နေသောကလေးများ၊
  - မိဘ၊ အုပ်ထိန်းသူများမှ မထိမ်းကျောင်းနိုင်လောက်အောင် ဆိုးသွမ်း၊ စာရိတ္တပျက်ပြားနေသော ကလေးများ၊
  - ဆိုးသွမ်း၊ ရိုင်းစိုင်းသော မိဘ၊ အုပ်ထိန်းသူများနှင့် နေရသောကလေးများ၊
  - စိတ်မနှံ့သောကလေးများ၊
  - ရောဂါဝေဒနာကူးစက်ခံစားနေသော ကလေးများ၊
  - မူးယစ်ဆေးစွဲနေသော သို့မဟုတ်  ထုံထိုင်းမှိုင်းနေသောအခြေအနေရှိနေသည့် ကလေးများ၊
  - လူမှုဝန်ထမ်းဦးစီးဌာန၏ အချိန်ကာလအလိုက် ပြဌာန်းသတ်မှတ်ချက်များတွင် ပါဝင်သောကလေးများ ပါဝင်ပါသည်။ [၁၃]

**မြန်မာနိုင်ငံလူကုန်ကူးခြင်းကာကွယ်တားဆီးရေးဥပဒေ ၂၀၀၅**

ထိုဥပဒေအရ လိင်နှင့် အလုပ်သမားကူးသန်းရောင်းဝယ်ခြင်းကို ရာဇဝတ်ပြစ်မှုအဖြစ် သတ်မှတ်ထားပါသည်။ ကလေး၊ လူငယ်နှင့် အမျိုးသမီးများကို ကုန်ကူးသန်းရောင်းဝယ်ပါက ထောင်ဒဏ် ၁၀နှစ်မှ တသက်တကျွန်းအပြင် ငွေဒဏ်ပါကျခံစေရမည်ဟု ပြဌာန်းထားသည်။ [၁၄]

**ရာဇသတ်ကြီး (ပြစ်မှုဆိုင်ရာ ဥပဒေ)**

အခြားနိုင်ငံများတွင် ရာဇဝတ်ပြစ်မှုဖြင့်အရေးယူနိုင်သောကလေးအသက်မှာ ၁၁၊ ၁၂ (သို့) ၁၅ အဖြစ် သတ်မှတ်ထားသည်ကို တွေ့ရှိရသော်လည်း မြန်မာနိုင်ငံတွင် အသက် ၇ နှစ်အဖြစ် သတ်မှတ်ထားသည်ကို တွေ့ရသည်။ အသက် ၇ နှစ်ဆိုသောအရွယ်မှာ မှား၊ မှန်ဘာမှ မခွဲခြားတတ်သေးသောအရွယ်ဖြစ်ပါသည်။ [၁၅]

**မြန်မာနိုင်ငံ ကာကွယ်ရေးဥပဒေ  (စစ်ဥပဒေ)**

❖ ၁၉၇၄ ခုနှစ် မြန်မာနိုင်ငံ စစ်တပ်ဥပဒေအမှတ် ၁၃၊ ၇၃ အရ အသက် ၁၈ နှစ်မပြည့် သေးသောသူများကို စစ်တပ်တွင်းဝင်ခွင့်မပြုဟု ကာကွယ်ထားပါသည်။
❖ တပ်မတော်သည် အသက် (၁၈)နှစ် ပြည့်ပြီးသော မိမိဆန္ဒအလျောက်ဝင်လာသူများနှင့် ဖွဲ့စည်းထားသည်ဟု လည်း ဆိုပါသည်။

### လက်တွေ့ဘဝနှင့် ဆက်စပ်ပေးခြင်း

- သင်တန်းသူ၊ သားများကို အဖွဲ့ (၄)ဖွဲ့ ခွဲကာ အောက်ပါ ကလေးများအကာအကွယ်မဲ့ဖြစ်နေခဲ့ရတဲ့ သတင်းတပုဒ်စီကို ဆွေးနွေးစေမည်။
- အုပ်စုငယ်များဆွေးနွေးပြီးပါက မိမိအဖွဲ့ ဆွေးနွေးထားသော သတင်းများကို အုပ်စုကြီးသို့ပြန်လည်တင်ပြစေမည်။

### ဖြစ်ရပ် (၁)

**ကလေးအိမ်ဖော်ကို နှိပ်စက်ညှဉ်းပန်းသူ ဖမ်းဆီးအရေးယူခံရ**

အသက် ၁၁ နှစ်အရွယ် မိန်းကလေး ငယ်တဦးကို ကလေးအလုပ်သမား အိမ်စေအဖြစ် ခိုင်းစေရာမှာ အမျိုးမျိုးနှိပ်စက် ညှဉ်းပန်းတဲ့အတွက် အိမ်ရှင်ဖြစ်သူကို ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရဲစခန်းက ဖမ်းဆီးထားတယ်လို့ စုံစမ်း သိရှိရပါတယ်။

အသက် ၁၁ နှစ်အရွယ် ကလေးအလုပ်သမား မသီရိဆွေ (အမည်ရင်းမဟုတ်) သည် မိဘတွေ ဆင်းရဲနွမ်းပါးတဲ့အတွက် လွန်ခဲ့တဲ့နှစ် လကျော်လောက်ကစပြီး မင်္ဂလာမြို့နယ်၊ (၁၂၆) လမ်းနေ ဒေါ်နီနီလှိုင်ရဲ့ နေအိမ်မှာ အိမ်ဖော်အဖြစ် လုပ်ကိုင်ခဲ့ရာမှာ နေ့စဉ်နေ့တိုင်း အရွယ်နဲ့မမျှအောင် အလုပ်ခိုင်းစေခံရတဲ့အပြင် ကြိမ်လုံး၊ သံပိုက်လုံး စတာတွေနဲ့ ရိုက်နှက်တာလည်း ခံရတယ်လို့ ဆိုပါတယ်။ သူ နှိပ်စက်ခံရပုံကို မသီရိဆွေက အခုလို ပြောပြပါတယ်။

"ကြိမ်လုံးနဲ့ ရိုက်ရင် ကြိမ်လုံးက ခဏခဏ ကြေသွားတယ်၊ ဝယ်ရတာ ပိုက်ဆံလည်း ကုန်တယ်တဲ့။ အဲဒီတော့ သူ့အိမ်မှာရှိတဲ သံလုံးနဲ့ ခေါင်းကိုခေါက်တယ်။ ခြေထောက်တွေ၊ ကျောကုန်းတွေကိုလည်း ရိုက်တယ်။ ဘာအပြစ်မှ မရှိလည်း စိတ်မထင်ရင် အဲဒီလိုဘဲရိုက်တယ်"

အခု လဆန်းပိုင်းကတော့ မသီရိဆွေကို ခိုင်းစေရင်းကနေ အလိုမကျတဲ့အတွက် ဓာတ်ငွေ့မီးဖိုပေါ်ကနေ ချထားတဲ့ ဒယ်အိုးပူနဲ့ မျက်နှာနဲ့လက်မောင်းကို ကပ်ပြီး အပြစ်ပေးခဲ့တယ်လို့ မသီရိဆွေက ပြောပြပါတယ်။

သမီးထံ အလည်လာတဲ့ ဖခင်ဖြစ်သူ ဦးလှသန်းနဲ့ အမှိုက်ပစ်ရင်း တွေ့ဆုံရာမှာ အကျိုးအကြောင်း ပြောပြတဲ့အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး အကူအညီနဲ့ ရဲစခန်းကို တိုင်ကြားရာမှာ တိုင်ချက်အမှတ်– ၅၂၅/၂၀၁၁ အရ ပုဒ်မ (၃၂၆) နဲ့ အမှုဖွင့် အရေးယူထားတယ်လို့ သိရပါတယ်။

သတင်းဌာနက လက်ခံရရှိတဲ့ ဓာတ်ပုံတွေအရ မသီရိဆွေဟာ ညာဘက်ပါးပြင်နဲ့ ညာဘက်လက်မောင်းမှာ မီးလောင်ဖုဒဏ်ရာတွေ ရှိနေတဲ့အပြင် ခြေတွေလက်တွေမှာလည်း ဒဏ်ရာဒဏ်ချက်တွေ ရှိနေတာကို တွေ့ရပါတယ်။ ဖြစ်ရပ်မှန် သတင်း။

---

13. www.blc-burma.org/html/myanmar law/lr_e_ml93_09.html
14. http://www.humantrafficking.org/countries/burma
15. http://mmtimes.com/2011/news/605/news3160509.html

## ဖြစ်ရပ် (၂)

**မြန်မာစစ်တပ်မှ ကလေးစစ်သားတယောက် သေဒဏ်ချမှတ်ခံရ**

ရှမ်းပြည်မြောက်ပိုင်း လောက်ကိုင်မြို့နယ်ရှိ ခမရ ၃၂၂ က အသက် ၁၆ နှစ်အရွယ် တပ်သား မောင်အောင်ထွေး (အမည်ရင်းမဟုတ်) ဟာ စစ်သားတယောက်ကို ပစ်ခတ်မှုနဲ့ လားရှိုးထောင်မှာ သေဒဏ် စီရင်ချမှက် ခြင်းခံထားရပါတယ်။ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ်က ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်နေ ဦးလှဝင်း၊ ဒေါ်သိန်းဌေး တို့ရဲ့ သား၊ ၈ တန်း ကျောင်းသား မောင်အောင်ထွေးဟာ ကျောင်းသွားရင်း ပျောက်ဆုံးသွားခဲ့ပါတယ်။ ပျောက်ဆုံးပြီး တလအကြာမှာ လောက်ကိုင်မြို့ ခမရ ၃၂၂ က မိသားစုကို ဆက်သွယ်လာခဲ့တာကြောင့် မောင်အောင်ထွေး စစ်တပ်ထဲ ရောက်နေတာ သိရတယ်လို့ အစ်မဖြစ်သူက ပြောပါတယ်။ အဲဒီနောက် ၅ လ အကြာမှာ မောင်အောင်ထွေးက အစ်မဖြစ်သူတွေဆီကို ဆက်သွယ်ပြီး သူစစ်တပ်မှာ မပျော်တော့ကြောင်း၊ အိမ်ပြန်ချင်ကြောင်း ပြောခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီ နောက်ပိုင်းကတည်းက မောင်အောင်ထွေးနဲ့ အဆက်အသွယ် ပြတ်သွားခဲ့တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ခြောက်လလောက်ကတော့ အစ်မဖြစ်သူက လောက်ကိုင်မြို့က ခမရ ၃၂၂ ကို ဆက်သွယ်ပြီး မောင်အောင်ထွေးရဲ့ အခြေအနေကို မေးမြန်းကြည့်တဲ့အခါ မောင်အောင်ထွေးဟာ သေဒဏ် ချမှတ်ခံထားရကြောင်း သိခဲ့ရတယ်လို့ အာအက်ဖ်အေကို ပြောပါတယ်။

**အစ်မ။** ။ "မကြီးက အိပ်မက်တွေ မကောင်းလို့ဆက်ကော။ ကျွန်မ မောင်လေးတယောက် ဘယ်လို ဖြစ်နေလဲ အိပ်မက်တွေမကောင်းလို့ ပေ့ါနော်။ အဲဒါ သူ့ တပ်ရင်းက ဖုန်းကိုင်ရော။ ကိုင်တော့ မသိဘူးလားတဲ့၊ အောင်ထွေးအကြောင်းတဲ့။ အောင်ထွေးက ဒီကေဘီအေကို သတ်လို့တဲ့ ထောင်ကျနေတယ်၊ သေဒဏ် ချထားတယ် သူ့ကိုတဲ့။ အဲဒါ ညီမတို့ လိုက်စုံစမ်းတော့ သူ့ကို သေဒဏ်ချနေပြီ၊"

အခုလို သေဒဏ်ချမှတ်ခံထားရတဲ့ အကြောင်းကတော့ မောင်အောင်ထွေးအပါအဝင် မြန်မာစစ်သားလေးယောက်နဲ့ ဗုဒ္ဓဘာသာကရင်တပ်မတော် ဒီကေဘီအေ တပ်သားတယောက် အချင်းများကြရာက ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာမှာ ဒီကေဘီအေတပ်သား သေဆုံးသွားခဲ့ပါတယ်။ မြန်မာစစ်သားတစ်ယောက်က ထွက်ပြေး သွားခဲ့ပြီး မောင်အောင်ထွေးနဲ့ ကျန်တယောက် အဖမ်းခံခဲ့ကြရပါတယ်။ အခု သူတို့အပေါ် သေဒဏ်ချမှတ်ခဲ့တာကို ဘယ်သူ့ကိုမှ အသိမပေးဖို့ တပ်တွင်းအရာရှိ တယောက်က ပြောဆိုခဲ့တဲ့အတွက် မိသားစုဝင်တွေ အနေနဲ့ မပြောရဲပဲ နေခဲ့ကြရတယ်လို့ အစ်မဖြစ်သူက ဆိုပါတယ်။

**အစ်မ။** ။ "သေဒဏ်ချထားတာ အဲဒီက အကုန်လုံး သိတယ်။ ညီမတို့က မသိဘူး ထင်လို့ပေ့ါနော်၊ ပထမက သူ့ရဲ့ အရာရှိက ဖုန်းဆက်တာ။ ဒီအမိန့်က အိတ်ပိတ်လာတာပါတဲ့၊ ဘယ်သူမှမပြောပါနဲ့ပေ့ါနော်။ သေဒဏ်တဲ့၊ အိတ်ပိတ်တဲ့။ ဒီမှာက သေဒဏ်ချထားတာ ဘယ်သူ့ကိုမှ မပေါက်ကြားစေပါနဲ့တဲ့။ ညီမတို့ကို နားလည်တဲ့ လူတွေက ပြောတယ်၊ စစ်တပ်က သူ့သားကိုသူ သေအောင် မသတ်ဖူးပေ့ါနော်။ ညီမတို့ကလည်း အဲဒါနဲ့ ဘာမှမပြောပဲ၊ ဘာမှ ဟိုဥစ္စာအကြောင်း ဘယ်သူ့ကိုမှ မဖွင့်ပြောပဲနဲ့ ဒီအတိုင်း နေနေတာ၊ သူတို့က မပေါက်ကြားစေနဲ့ ဆိုလို့။"

ပြီးခဲ့တဲ့ အင်္ဂါနေ့က အစ်မဖြစ်သူက မောင်အောင်ထွေးကို အကျဉ်းကျနေရာ လားရှိုးထောင်ကို သွားရောက်တွေ့ဆုံခဲ့ပါတယ်။ မောင်အောင်ထွေးဟာ အသက် ၁၆ နှစ်ကျော်ကျော်သာ ရှိသေးတဲ့ ကလေးတဦး ဖြစ်နေတာကြောင့် အခုလို သေဒဏ်အပြစ်ချမှတ်တာဟာ တရားနည်းလမ်းမကျကြောင်း၊ မောင်အောင်ထွေးရဲ့ ပြစ်ဒဏ် လျော့ပေ့ါသက်သာစေဖို့အတွက် တတ်ကျွမ်းနားလည်သူတွေနဲ့ လုပ်ဆောင်သွားမှာဖြစ်တဲ့အကြောင်း အစ်မဖြစ်သူက အာအက်ဖ်အေကို ပြောခဲ့ပါတယ်။
**ဖြစ်ရပ်မှန်သတင်း။**

## ဖြစ်ရပ် (၃)

ကလေးသူငယ်များ၊ လူမမယ်ကလေးများအား အသုံးချ၍ပုံစံအမျိုးမျိုးဖြင့် ငွေကြေးရှာဖွေခြင်းများရှိနေပြီး ကလေးအကြောင်းပြု ငွေကြေးရှာဖွေ တောင်းရမ်းမှုများ က ဈေးကွက်သဖွယ် တွေ့မြင်နေရကြောင်း ရန်ကုန်မြို့နေ ပြည်သူများထံမှ သိရသည်။

ယင်းကဲ့သို့ ကလေးများကို အကြောင်းပြု၍ ငွေကြေးရှာဖွေမှုများသည် ဘတ်စကားဂိတ်များ၊ လမ်းဆုံ လမ်းခွများ၊ လူစည်ကားရာနေရာများနှင့် ဆင်ခြေဖုံးရပ် ကွက်များတွင်လည်း ရှိနေကြောင်း သိရှိရပါသည်။

"တချို့ကျတော့လည်း ဆင်းရဲပြီး ပညာကလည်းမရှိတော့ စားဝတ်နေရေးအတွက် ခက်ခက်ခဲခဲ ရုန်းကန်ကြရတယ်၊ တချို့ကျတော့ မကြိုးစားဘဲ အလွယ်လိုက် ကြတယ်။ ကလေးတွေ၊ အသက်ကြီးတဲ့ အဘိုးအဘွားတွေတင်မကဘူး။ သက်လတ်ပိုင်းတွေတောင် လမ်းပေါ်ရောက်နေကြတယ်၊ ပိုဆိုးတာကတော့ ကလေးငယ် လေးတွေကို ချီပြီး ပိုက်ဆံလိုက်တောင်းနေကြတာပါ" ဟုရန်ကုန်မြို့နေ ပြည်သူတစ်ဦးက ပြောပြခဲ့ပါသည်။

ကုမာရာ ရာမပရဟိတကျောင်းမှ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကုမာရကလည်း "ဘုန်းကြီးကျောင်းမှာတော့ ကလေးဦးရေဘယ်လောက်အထိကိုပဲ လက်ခံမယ် ဆိုပြီး သတ်မှတ်ထားတာတော့မရှိပါဘူး။။ မိဘရှိပေမယ့် ဆင်းရဲပြီး မကျွေးမွေးနိုင်လို့ လမ်းပေါ်ရောက် လေလွင့်နေကြတဲ့ ကလေးတွေ၊ တချို့ကျတော့ ပထွေး က ပိုက်ဆံလိုက်တောင်းခိုင်းတယ်၊ သတ်မှတ်ထားတဲ့ ပိုက်ဆံမပြည့်တော့ ထုပ်တန်းမှာတွဲလောင်း ချီရိုက်နှက်နှိပ်စက်ခံနေရတဲ့ ကလေးတွေရှိပါတယ်၊ ဒီလိုမျိုး ကလေးတွေကို ရပ်ရွာကတွေ့ပြီး ကျောင်းကို လာအပ်ကြတဲ့အတွက် ဘုန်းကြီးတို့ကျောင်းမှာ အသက်သုံးနှစ်ကနေ ၁၃ နှစ် အထိပဲ လက်ခံမယ်လို့ သတ်မှတ် ထားပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အခြေအနေမပေးလို့ လာအပ်ရင်လည်း လက်ခံပါတယ်"ဟု တည်ထောင်ထားသည့် ပရဟိတကျောင်းမှ ကလေးသူငယ် စောင့်ရှောက်လက်ခံမှုအပိုင်း နှင့်ပတ်သက်၍ မိန့်ကြားခဲ့ပါသည်။

"ကလေးဘဝဆိုတာက ဘဝမှာ နေစထွက်တဲ့အချိန်ပါ၊ ဒီအချိန်မှာကတည်းက ဘဝမှာအရေးပါတဲ့အချိန်ပါ၊ ဒီအချိန်မှာ ပျိုးထောင်ပြုစုစောင့်ရှောက်ဖို့က အရေးအ ကြီး ဆုံးပါ၊ ဒီလိုပါပဲ။။ ဘဝမှာသက်တမ်း ကုန်ဆုံးခါနီး ဆည်းဆာချိန်ကလည်း အရေးကြီးပါတယ်၊ ဒါကြောင့် ဒီလိုအရေးပါတဲ့ အချိန်နှစ်ခုအတွက် ကလေးစောင့် ရှောက်ရေးဂေဟာတွေ၊ လူအိုရုံတွေ အများကြီးပေါ်ထွန်းလာဖို့ အရေးကြီးပါတယ်" ဟု ကလေးစောင့်ရှောက်ရေးဂေဟာနှင့် လူအိုရုံများထူထောင်ရန်ကြိုးပမ်း

နေသည့် ပရဟိတလုပ်ငန်းများ လုပ်ဆောင်နေသူတစ်ဦးက ပြောပြခဲ့ပါသည်။

“ရပ်ကွက်ထဲမှာ ကလေးလေးတွေ အိုးတိုက်ဖွဲပြာ လိုက်ရောင်းနေကြတာတွေ၊ ကလေးသေးသေးလေးတွေချီပြီး နေပူပူမိုးရွာရွာ ဈေးလိုက်ရောင်းနေကြတဲ့သူတွေ ရှိပါတယ်။။ တချို့ကျတော့ မလိုအပ်ပေမယ့်လည်း သနားပြီး ဝယ်လိုက်ကြတာတွေ ရှိပါတယ်။။ နောက်ပိုင်းကျမှ ကလေးကို ဈေးရောင်းဖို့အတွက် သူများကလေး ငှားလာတာ ဆိုတာကို သိရပါတယ်” ဟု မြောက်ဒဂုံမြို့နယ် နေသူတစ်ဦးက ပြောပြခဲ့ပါသည်။

## ဖြစ်ရပ် (၄)

ပဲခူးတိုင်း ပဲခူးမြို့ ဒုတိယမြို့နယ် တရားသူကြီး၏ဇနီးက မီးပူဖြင့် လက်ရောက်ကျူးလွန်ပြီးနောက် အမှုမပေါ်ပေါက်စေရန် ထိန်းချုပ်ခြင်းကို ခံထားရသည်ဟု သတင်းထွက်နေသောအသက် ၁၅ နှစ် အရွယ်အိမ်ဖော် မအေးအေး (အမည်ရင်းမဟုတ်) နေရပ်ရင်းသို့ ပြန်ရောက်ပြီဖြစ် ကြောင်း မိခင်ဒေါ်ကြူကြူက ပြောဆိုသည်။

ပဲခူးမြို့ ဉသျှမြို့သစ်ရပ်ကွက်ရှိ တရားသူကြီး ဦးအောင်ဖုန်းဝင်း၏ ဇနီး ဒေါ်ဖြူဝင်းသက်က ၄င်းတို့ထံတွင် အိမ်ဖော်အဖြစ် လုပ်ကိုင်နေသော မအေးအေးအား မီးပူဖြင့် အရေပြားများ ပျက်စီးသည်အထိ ကျူးလွန်ခဲ့ပြီး တလခန့်မိဘထံ ပြန်မပို့ဘဲ ထိန်းသိမ်းထားပြီးနောက် ဒဏ်ရာများပျောက်ကင်းမှ ပြန်ပို့ခဲ့ခြင်းဖြစ်ကြောင်း မိခင်ဖြစ်သူကပြောသည်။

“မနေ့ညနေပိုင်းက ဦးအောင်ဖုန်းဝင်းကိုယ်တိုင် သမီးကို ကားနဲ့လာပို့သွားတယ်၊ ကလေးပြန်ရရှိကြောင်းလည်း လက်မှတ်ပြန်ထိုးပေးလိုက်တယ်ဟု” ဒေါ်ကြူကြူက ရောဝတီသို့ ပြောသည်။

မအေးအေး အိမ်သို့ပြန်ရောက်လာသော်လည်း အမှုဖြစ်စဉ်နှင့် ပတ်သက်၍အိမ်ရှင် ဦးအောင်ဖုန်းဝင်းနှင့် ဒေါ်ဖြူဝင်းသက် တို့၏ နောက်ကွယ်မှ ထိန်းချုပ်ခြိမ်းခြောက်ထားခြင်းကို ခံထားရကြောင်းနှင့် စိတ်ကျန်းမာရေးချို့ယွင်းမှုဖြစ်ပေါ်နေကြောင်း မိခင်ဖြစ်သူ ဒေါ်ကြူကြူက စွပ်စွဲပြောဆိုသည်။

“ဖြစ်ခဲ့တာတွေနဲ့ပတ်သက်ပြီး သမီးက မပြောပြချင်ဘူး၊ ညရောက်မှ ချော့မေးကြည့်တော့မှ ဒေါ်ဖြူဝင်းသက်က သူမီးပူနဲ့ ကပ်တဲ့ကိစ္စကို သူတို့မိသားစုတခုလုံး ဒုက္ခရောက်သွားမှာဖြစ်တဲ့အတွက် မပြောပါနဲ့ဆိုပြီး သမီးဆီက ကတိတောင်းတယ် ပြောတယ်၊ နောက် ဘုရားမှာ သစ္စာရေသောက်ပြီး ကျိန်ခိုင်းတယ်တဲ့၊ ဒီဘဝ တင်မကဘူး နောက်ဘဝထိပါ မပြောပါဘူး၊ ပြောရင် ကျမတို့ မိသားစုလည်း ဒုက္ခရောက်ရပါစေဆိုပြီးတော့”ဟု ဒေါ်ကြူကြူက သမီးဖြစ်သူ ပြောပြချက်များကို ကိုးကားပြောဆိုသည်။

## ဆွေးနွေးရန်

- ဘယ်ကလေးအခွင့်အရေးတွေ ချိုးဖောက်ခံနေရတာကိုတွေ့ရသလဲ။
- ဒီလိုချိုးဖောက်တာတွေကိုတွေ့၊ မြင်၊ ကြားသိရတော့ ဘယ်လိုခံစားရသလဲ။
- မိမိပတ်ဝန်းကျင်မှာ ဒီလိုကလေးဘဝအဖြစ်အပျက်မျိုး၊ ကလေးမျိုးတွေကို တွေ့ဖူးလား။ ဘယ်လိုပုံစံတွေလဲ။

## အကြံပြုလုပ်ဆောင်ခြင်း

- အကာအကွယ်မဲ့နေသော၊ အခွင့်အရေးချိုးဖောက်ခြင်းခံနေရသော ကလေးများကိုတွေ့ရှိပါက မိမိတို့အဖွဲ့အစည်းအနေနဲ့ ဘယ်လိုအကူအညီတွေ လုပ်ဆောင်ပေးသင့်သလဲ။

(ထိုဆွေးနွေးချက် စာရွက်အပိုင်းများကို ရှင်းပြပြီးသင်ပုန်းမှာ ကပ်စေမည်။ သင်တန်းသားများကို စာရွက်အပိုင်းများကိုဝေမည်။)

## လိုအပ်သောအရာများ

- ကလေးပုံတပုံ (ယောကျ်ားလေးနှင့် မိန်းကလေးတွဲနေပုံ)
- ရောင်စုံစာရွက်အပိုင်းလေးများနှင့် ရောင်စုံခဲတံ၊ ဘောလ်ပင်

## လေ့လာရန်

- လူ့အခွင့်အရေးနည်းပြ လမ်းညွှန် ၂၀၀၇
- ကလေးကာကွယ်ရေးနဲ့ပတ်သက်သော စာအုပ်များ
- ကလေးများဆိုင်ရာမြန်မာနိုင်ငံဥပဒေများ

သင်ခန်းစာ (၅)

# လက်နက်ကိုင်ပဋိပက္ခအတွင်းရှိကလေးများ

## ရည်ရွယ်ချက်

- လက်နက်ကိုင်စစ်ပွဲများ၏ ကလေးများအပေါ် သက်ရောက်မှုအကြောင်း သိမြင်လာစေရန်။
- လက်နက်ကိုင်ပဋိပက္ခအတွင်းရှိကလေးများနှင့် ပတ်သက်သောနောက်ဆက်တွဲစာချုပ်အကြောင်း လေ့လာသိရှိစေရန်။
- လက်နက်ကိုင်စစ်ပွဲများကြောင့် ကလေးအခွင့်အရေးဆုံးရှုံးမှုများကို နားလည်သဘောပေါက်ပြီး အခွင့်အရေးဆုံးရှုံးမှုများ၏ နောက်ဆက်တွဲ ဆိုးကျိုးများကို သိမြင်လာစေရန်။

## လုပ်ရှားမှု . . .

- စစ်အတွင်းရှိဒုက္ခသည်ကလေးပုံများကိုပြခြင်း သို့မဟုတ် ပါးထက်ကမျက်ရည်ဆိုသည့်သီချင်းနားထောင်ခိုင်းမည်။

## ဆွေးနွေးမှု

- ဘာတွေတွေ့လိုက်ရလဲ။
- ဘယ်လိုခံစားရလဲ။ ဘာကြောင့်လဲ။
- စစ်ပွဲအတွင်းမှာ ကျရောက်နေသော ကလေးတွေမှာ ဘယ်လိုအန္တရာယ်မျိုးကြုံရနိုင်သလဲ။
- ထိုကြုံတွေ့ရသော အန္တရာယ်များကြောင့် ဘယ်လိုရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများဖြစ်လာနိုင်သလဲ။

(ဆွေးနွေးချက်များကို သင်ပုန်းတွင်မှတ်တမ်းတင်ရေးထားမည်။)

### ဗဟုသုတပေးခြင်း (၁)

လက်နက်ကိုင်စစ်ပွဲများ၏ ကလေးများအပေါ် တိုက်ရိုက်ထိခိုက်၊ သက်ရောက်မှုများ။

**အခြေခံလိုအပ်ချက်များရရှိမှု ဆုံးရှုံးသွားခြင်း**

စစ်ပွဲဖြစ်ပွားပါက ကလေးများ၏အခွင့်အရေးအားလုံးကို ထိခိုက်ပျက်စီးသွားစေသည်။ စစ်ပွဲအတွင်းပိတ်မိနေခြင်းနှင့် စစ်၏ ဂယက်ရိုက်ခတ်မှုကြောင့် အစာရေစာများရှားပါးခြင်း၊ မလုံလောက်ခြင်း၊ ကလေးများ၏ အခြေခံလိုအပ်ချက်များဖြစ်သော အစားအစာ၊ သောက်ရေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါး၊ လုံခြုံရာနေရာစသော လိုအပ်ချက်များကို ဆိုးဆိုးဝါးဝါးထိခိုက်စေသည်။ ကလေးများနှင့်ပတ်သက်သော အခြားလူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများဖြစ်သည့် ပညာသင်ယူခွင့်၊ လူမှုဖူလုံရေးခံစားခွင့်စသည်တို့ကိုလည်း ထိခိုက်စေသည်။

**မိကွဲဖကွဲကလေးများ၊ မိဘမဲ့များနှင့် ပြည်တွင်းလှည့်လည်သွားနေသူများနှင့် ဒုက္ခသည်ကလေးများဖြစ်လာခြင်း**

စစ်ပွဲများကြောင့် ကလေးများကို ဆင်းရဲသားကလေးများ၊ ၊ အိုးအိမ်မဲ့များ၊ ပြည်တွင်းလှည့်လည်ပုန်းအောင်းသွားနေသောကလေးများ၊ စစ်ပွဲဇုံအတွင်းကျရောက်နေသောကလေးများနှင့် ပညာသင်ကြားနိုင်မှု လက်လှမ်းမမီသောကလေးများဖြစ်လာစေနိုင်သည်။ ထိုကလေးများသည် လေလွင့်ကလေးများဖြစ်လာကာ ကလေးစစ်သားဖြစ်လာဖို့ အလားအလာများစွာ ရှိသည်။ ကလေးများသည် စစ်ပွဲကြောင့် ပြည်တွင်းလှည့်လည်ပုန်းအောင်းသွားလာနေသူများနှင့် ဒုက္ခသည် များအဖြစ်သို့ရောက်ရှိလာပြီး မိသားစုဝင်များနှင့်တကွဲတပြား ဖြစ်သွားခြင်းများဖြစ်လာစေသည်။

လက်ရှိကမ္ဘာပေါ်တွင် ကလေးသန်းပေါင်း (၂၀) သည် လက်နက်ကိုင်ပဋိပက္ခများ၏ ဆိုးကျိုးသက်ရောက်မှုများကြောင့် အဓမ္မရွှေ့ပြောင်းခံရခြင်း၊ ဒုက္ခသည်များအဖြစ် အိမ်နီးနားချင်းနိုင်ငံများတွင် ခိုလှုံနေရခြင်း၊ နိုင်ငံအတွင်းလှည့်လည်ပုန်းအောင်းနေထိုင်နေရခြင်းများကို ခံစားနေကြရသည်။

**ကလေးစစ်သားများ**

- စစ်ပွဲ၏ အကျိုးသက်ရောက်မှုကိုခံရသော ကလေးအတော်များများသည် ကလေးစစ်သားများဖြစ်ရန် တွန်းပို့နေလျက်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် စစ်တပ်ထဲခိုလှုံဝင်ရောက်ခြင်းသည် ထိုကလေးများ၏ အသက်ရှင် ရပ်တည်နိုင်ရန်အတွက် တခုတည်းသော ရွေးချယ်စရာနည်းလမ်း ဖြစ်နေသောကြောင့်ဖြစ်သည်။ မိန်းကလေးငယ်များမှာလည်း အများအားဖြင့် စစ်တပ်၏ဝေယျာဝစ္စများကို လုပ်ပေးသူများအဖြစ် စစ်တပ်အတွင်း သွတ်သွင်းခြင်းခံရလေ့ရှိသည်။ ကလေးများသည် သူတို့ဘဝအသက်ရှင်ဖို့အတွက် စစ်တပ်တွေမှာ အစားအစာချက်ပြုတ်သူ၊ သန့်ရှင်းရေးလုပ်သူတွေ စသည့် အလုပ်မျိုးများအား လုပ်ကိုင်လာတတ်ကြသည်၊ ထို့အပြင် တချို့သောအခြေအနေမျိုးတွင် လိင်ပိုင်းဆိုင်ရာဖျော်ဖြေပေးရန် တာဝန်ပေးခံရခြင်း၊ လိင်ကျွန်များအဖြစ်စေခိုင်းခြင်း၊ အတင်းအကြပ်ဖိအားပေး လက်ထပ်ယူခြင်းများကို ခံရတတ်သည်။
- လက်နက်တီထွင်ရာတွင် နည်းပညာဆိုင်ရာအလွန်တိုးတက်လာသည်နှင့်အမျှ အသေးစားစစ်လက်နက်ပစ္စည်းများကို တီထွင်အသုံးပြုလာခြင်းသည် ကလေးစစ်သား အသုံးပြုလာစေရန်အတွက် တဖက်တလမ်းကအားပေးနေသည်။ အော်တိုအပေါ့စား လက်နက်များသည် အသုံးပြုရန်ပေါ့ပါးပြီး အသုံးပြုဖို့အတွက်လည်း အလွန်လွယ်ကူစေသည့်အတွက် သန်သန်မာမာစစ်သားမျိုးဖြစ်ရန် မလိုတော့ဘဲ အရွယ်ငယ်သော ကလေးများကို အသုံးပြုလာနိုင်သည်။ ထိုအချက်သည်လည်း ကလေးငယ်များကို စစ်တပ်အတွင်း ပိုမိုသိမ်းသွင်းလာစေပါသည်။
- ကလေးစစ်သားအဖြစ် သွပ်သွင်းခံရသည်နှင့် ပေါ်တာ၊ ထမင်းချက်၊ အစောင့်၊ သတင်းပို့၊ သတင်းပေးများအဖြစ် ချက်ချင်းခိုင်းစေခြင်း ခံရတတ်သည်။ အချို့သည် မြေမြုပ်မိုင်းများ ချထားသည့်နေရာများနှင့် ရှေ့တန်းစစ်မျက်နှာသို့ အရွယ်ရောက်ပြီးသော စစ်သားများနှင့်အတူ အတင်းအကြပ်

စေလွှတ်ခြင်းကို ခံရကြသည်။ အချို့ကလေးများသည် အသေခံတပ်သားများ၊ လူသားကျည်ကာများ၊ မိုင်းရှင်းကိရိယာများအဖြစ် အသုံးပြုစေခိုင်းခြင်းများကိုလည်း ခံရတတ်သည်။

**အကြမ်းဖက်မှုများ**

စစ်ပွဲကာလအတွင်းတွင် ကလေးများဟာ ကလေးများနှင့်မအပ်စပ်သည့် အကြမ်းဖက်မှုများနှင့် လူသတ်မှုများကို မျက်မြင်မြင်တွေ့ရတတ်သည်။ ထိုကလေးမျိုးသည် အကြမ်းဖက်မှုကို ယဉ်ပါးသွားတတ်ကြပြီး အကြမ်းဖက်ရန် ဝန်မလေးတော့ချေ။

ထို့ပြင် မိမိအုပ်ထိန်းသူများ၏ အကြမ်းဖက်ခြင်းများအပြင် မိသားစုဝင်မဟုတ်သူများ၊ နှစ်ဘက်သောတပ်ဖွဲ့များမှ စစ်သားများ၏ အကြမ်းဖက်ခြင်းကို ခံရဖို့အလားအလာများစွာရှိသည်။

**လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ**

စစ်ပွဲဇုံအတွင်းကျရောက်နေချိန် တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ လူမှုရေးစောင့်စည်းထိန်းသိမ်းမှု မရှိခြင်း၊ ငြိမ်းချမ်းရေး ဆိတ်သုဉ်းနေခြင်း၊ လူ့ကျင့်ဝတ်များစောင့်စည်းမှုမဲ့ခြင်းများကြောင့် ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ အနိုင်အထက်ပြုမှုများ ပိုမိုတိုးပွားလာစေသည်။ စစ်မြေပြင်အတွင်းကျရောက်နေသော ကလေးမျိုးဖြစ်သည့် ကလေးစစ်သား၊ စစ်တပ်အတွင်း ဝေယျာဝေစ္စများကိုလုပ်ပေးသူကလေးများ၊ မိန်းကလေးများသည်ပိုမိုအန္တရာယ်ကျရောက်ခံရနိုင်သူများဖြစ်သည်။

**မြေမြှုပ်မိုင်း၏ သားကောင်များ**

ကလေးများသည် မြေမြှုပ်မိုင်း၏သားကောင်များ တနေ့တခြားပိုဖြစ်လာနေသည်။ စစ်ပွဲဇုံအတွင်းရှိကလေးများအနေဖြင့် သူတို့၏ကစားကွင်းသည် စစ်မြေပြင်အတွင်းကျရောက်နေသဖြင့် မြေမြှုပ်မိုင်းများရှိနေခြင်းသည် သူတို့အတွက်အန္တရာယ်များ ဖြစ်လျက်ရှိသည်။ ကလေးများရဲ့ သဘောသဘာဝအတိုင်း ကစားလိုခြင်း၊ အမှားအမှန် ချင့်ချိန်စဉ်းစားနိုင်စွမ်း အားနည်းခြင်း၊ ကောင်းမွန်စွာ အုပ်ထိန်းကြပ်မတ်မည့်သူများမရှိခြင်း၊ တောထဲမှာ အမြဲထွက်ပြေးတိမ်းရှောင် လှည့်လည်နေရခြင်းတို့ကြောင့် မြေမြှုပ်မိုင်းဖြင့် သေဆုံးထိခိုက်ခံရသူများထဲတွင် ကလေးငယ်အတော်များများပါဝင်နေရခြင်းဖြစ်သည်။

**လက်နက်ကိုင်စစ်ပွဲများ၏ ကလေးများအပေါ် နောက်ဆက်တွဲ ထိခိုက်နစ်နာစေမှုများ**

- **ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ**
  - ခန္ဓာကိုယ်အပြင်းအထန်ဒဏ်ရာရပြီး ချက်ချင်းသေဆုံးသွားခြင်း၊
  - ထိုဒဏ်ရာများတွင် ရောဂါပိုးဝင်၍ သို့မဟုတ် သွေးအဆိပ်တက်၍ နောက်ပိုင်းသေဆုံးသွားခြင်း၊
  - ဆေးဝါးကုသမှုမရှိခြင်း သို့မဟုတ် ဆေးဝါးမလုံလောက်ခြင်းတို့ကြောင့် နာတာရှည်ရောဂါများစွဲကပ်သွားခြင်း၊
  - ခြေလက်အင်္ဂါများဆုံးရှုံးပျက်စီးသွားကာ ဒုက္ခိတများဖြစ်သွားခြင်း
  - အမြင်၊ အကြားအာရုံများ ဆုံးရှုံးသွားခြင်း၊
  - အာဟာရချို့တဲ့မှုများ၏ နောက်ဆက်တွဲ ပြဿနာများကို ခံစားရခြင်း၊
  - သန့်ရှင်းမှုမရှိခြင်းများကြောင့် အဟာရချို့တဲ့ခြင်း၊ တော်ပြတ်ခြင်း၊ ကူးစက်ရောဂါများ ပြန့်ပွားခြင်း၊
  - ကလေးစစ်သားများသည် များသောအားဖြင့် မူးယစ်ဆေးဝါး၏ သားကောင်များ ဖြစ်လာခြင်း၊

- **စိတ်ဒဏ်ရာ အနာတရများ**
  - လက်နက်ကိုင်ပဋိပက္ခအတွင်းမှာ မိဘများရက်ရက်စက်စက်အသတ်ခံရခြင်း၊ ဆွေမျိုးများအသတ်ခံရခြင်း၊ မိဘများနှင့်ကွဲကွာသွားရခြင်း၊ မိမိချစ်ခင်သောသူများကို နှိပ်စက်သတ်ဖြတ်ရာတွင် မျက်မြင်သက်သေများဖြစ်စေခြင်း၊ နေအိမ်များ၊ အသိုင်းအဝိုင်းကို စွန့်ခွာသွားရခြင်း၊ စစ်ပွဲဇုံအတွင်းရောက်ရှိနေခြင်း၊ ပုန်းအောင်းနေရခြင်း၊ အသက်အန္တရာယ် ခြိမ်းခြောက်ခံရခြင်း၊ ပြန်ပြေးဆွဲ၊ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းထားခြင်း၊ မုဒိမ်းကျင့်ခြင်း၊ နှိပ်စက်ခြင်း၊ လူမှုဘဝကို ဖောက်ထိုးမိုးမျှော်ဖြစ်စေခြင်း၊ ဆင်းရဲဒုက္ခနှင့် ဘဝမျှော်လင့်ချက်မဲ့စေခြင်း စသောအတွေ့အကြုံများကြောင့် စိတ်ပိုင်းဆိုင်ရာအနာတရများကို အစဉ်တစိုက် ဖြစ်စေသည်။
  - ကလေးကိုစောင့်ရှောက်မှုပေးနေသော မိဘနှင့် အုပ်ထိမ်းသူများ၏ စိတ်ဖိစီးခြင်းအဆင့်နှင့် ဘဝအခြေအနေများကလဲ ကလေးများကို သက်ရောက်မှုဖြစ်စေနိုင်သည်၊ ကလေးများကို လိုအပ်တဲ့စောင့်ရှောက်မှု၊ နွေးထွေးမှုများမပေးနိုင်သည့်အတွက် ကလေးများအပေါ် နောက်ဆက်တွဲ စိတ်ခံစားထိခိုက်မှုများဖြစ်စေနိုင်သည်။ [၁၆]
  - ကလေးများသည် လူ့အခွင့်အရေးချိုးဖောက်၊ အကြမ်းဖက်ကျူးလွန်မှုများတွင် မျက်မြင်သက်သေများ၊ ကိုယ်တိုင်ပါဝင်ပတ်သက်နေသူများဖြစ်နေတတ်သည်။ ထိုသိုပါဝင်ပတ်သက် နေခဲ့ခြင်းကလဲဟာ သူတို့ရဲ့ဘဝတသက်တာလုံးကို ဆိုးဆိုးဝါးဝါးထိခိုက်မှုများ ဖြစ်စေနိုင်သည်။ ဥပမာ– မိမိ၏ မိဘများ အသတ်ခံရစဉ်၊ ရက်စက်ခံရစဉ်၊ မိန်းကလေးများနှင့် အမျိုးသမီးများကိုမုဒိမ်းကျင့်ခံရစဉ် မျက်မြင်သက်သေဖြစ်နေခြင်းကြောင့် စိတ်ဖိစီးခြင်းများခံစားရတတ်သလို ထိုအန္တရာယ်များမှ မိမိအနေဖြင့် ကာကွယ်မှုမပေးနိုင်ခဲ့သည့်အတွက် တခါတရံ သူတို့ကိုယ်သူတို့အပြစ်တင်မုန်းတီးမှုများဖြစ်လာတတ်သည်။

16. http://www.unicef.org/protection/index_armedconflict.html

- **လူမှုရေးဆိုင်ရာထိခိုက်မှုများ**
  - အချို့နိုင်ငံများတွင် ကလေးစစ်ထွက်များကို သူတို့၏မိသားစုများနှင့် ပြန်လည်အသားကျ ပေါင်းစည်းလာနိုင်ရေးအတွက် လုပ်ဆောင်ပေးခြင်း၊ ပညာသင်ကြားစေခြင်း၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများသင်ကြားပေးခြင်း၊ သာမန်အရပ်သားဘဝသို့ ပြန်လည်ရရှိလာစေရန် ပြန်လည်နလန်ထူရေး အစီအစဉ်များကို လုပ်ဆောင်ပေးခြင်းမရှိသောကြောင့် ထိုကလေးများမှာ ရပ်ကွက်ပတ်ဝန်းကျင်နှင့် အသားမကျတော့ဘဲ လူဆိုးများသဖွယ်ဖြစ်လာတတ်ကြသည်။ ထိုကလေးများ၏ စိတ်ပိုင်းအခြေအနေကို နားလည်လက်ခံပေးနိုင်သည့် မိသားစုနှင့် လူမှုပတ်ဝန်းကျင်မရှိသောကြောင့် ကလေးများသည် မူလရပ်ရွာအသိုင်းအဝိုင်းအကြားတွင် အသားကျပေါင်းစည်းနိုင်ရန် အဆင်မပြေတော့ချေ။ ထိုအစီအစဉ်မျိုး လုပ်ဆောင်ပေးသည့်နိုင်ငံများတွင်ပင် ထိုအစီအစဉ်များကို ကလေးအားလုံး လက်လှမ်းမှီနိုင်ခြင်းမရှိပဲ တချို့မှာသူတို့ကိုယ်ပိုင် ရပ်တည်ရေးနှင့် စစ်သားအဖြစ် ပြန်လည်စုဆောင်းခံရနိုင်သည့် အန္တရာယ်များအကြား ဆက်လက်အသက်ရှင်နေကြရသည်။ [၁၇]
  - ကလေးအတော်များများသည် မိမိတို့ဖြတ်သန်းလာခဲ့ရသော ခါးသီးသောအတွေ့ အကြုံများနှင့် မိမိတို့ဘဝကို နာကြည်းမှုများကြောင့် လူတောမတိုးရဲခြင်း၊ စရိုက်ကြမ်းခြင်း၊ လူ့ခွစာများ၊ ပြဿနာကောင်များ ဖြစ်လာတတ်ပါသည်။
  - အချို့ကလေးစစ်သားများအား သူတို့၏ မိသားစု၊ အိမ်နီးချင်းများအပေါ် ရက်စက်ယုတ်မာသည့်ပြစ်မှုများအား အတင်းအကြပ်ကျူးလွန်ခိုင်းစေခြင်းများကို ခံကြရသည်။ ထိုကလေးမျိုးများသည် သူတို့၏ဇာတိမြေ၊ အိမ်သို့ပြန်သွားလိုစိတ်များရှိသော်လည်း ပြန်သွားခွင့်မရှိတော့ပေ။ အဘယ့်ကြောင့်ဆိုသော် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလဲ ထိုကလေးမျိုးကို ခွင့်လွှတ်ပြီး ပြန်လည်လက်ခံနိုင်မှု အလားအလာနည်းပါးကြောင်းတွေ့ရသည်။ ကလေးကိုယ်၌မှာလည်း မိမိကိုယ်ကိုယ်ခွင့်မလွှတ်နိုင်ခြင်း၊ အပြစ်ရှိသည်ဟုခံစားရကာ မိမိအသိုင်းအဝိုင်းသို့ပြန်ဝံ့တော့မည် မဟုတ်တော့ပါ။

- **စီးပွားရေးဆိုင်ရာ ထိခိုက်မှုများ**
  - အနာဂတ်ရဲ့ လူသားအရင်းအမြစ်များဖြစ်သောကလေးများ၏ အနာဂတ်ပျက်စီးသွားခြင်းသည် မိသားစု၊ အသိုင်းအဝိုင်း၊ လူမျိုး၊ နိုင်ငံ၏အနာဂတ်တခုလုံး ပျက်စီးသွားခြင်းနှင့်အတူတူပင်ဖြစ်သည်။
  - ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ အားငယ် ချို့တဲ့မှုများကြောင့် ထိုကလေးများ၏ ကုန်ထုတ်လုပ်နိုင် စွမ်းအားများ ကျဆင်း၊ ဆုံးရှုံးမှုများဖြစ်စေသည်။ ထို့အပြင် မိသားစုများအပေါ် မှီခိုသူများ ဖြစ်လာကာ မိသားစုအပေါ်ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။
  - သူတို့၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာလိုအပ်မှုများကို ဖြည့်ဆည်းနေရသဖြင့် မိသားစုအတွက် ငွေကုန်ကြေးကျ ပိုများလာစေသည်။

### လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကမ္ဘာ့ကလေးများ၏ အခြေအနေ

လက်ရှိ ကမ္ဘာတွင် ၂၆ သန်းခန့်သော လူများသည် လက်နက်ကိုင်ပဋိပက္ခကြောင့် အိုးအိမ်မဲ့ပြည်တွင်း လှည့်လည်သွားနေသော လူများအဖြစ် ရှိနေကြသည်။ ထိုအထဲ မှ ထက်ဝက်ခန့်မှာ ကလေးများဖြစ်သည်။ [၁၈] ကလေး ၆ သန်းခန့်သည် အပြင်းအထန်ဒဏ်ရာရခြင်း သို့မဟုတ် အမြဲတမ်း ဒုက္ခိတအဖြစ်သို့ရောက်နေကြသည်။ သန်း ၂၀ ခန့်သော ကလေးများသည် လက်နက်ကိုင်ပဋိပက္ခကြောင့် အိုးအိမ်မဲ့ပြည်တွင်းလှည့်လည်သွားနေသော လူများအဖြစ်၄င်း၊ အိမ်နီးချင်းနိုင်ငံများတွင် ဒုက္ခသည်များအဖြစ်၄င်း အသက်ရှင်သန်နေကြရသည်။ [၁၉]




17. http://www.dosomething.org/tipsandtools/11-facts-about-child-soldiers
18. http://www.worldvision.org.uk/news/headlines/protecting-children-affected-by-armed-conflict-world-vision-uk-hosts-global-summit/
19. http://www.international.gc.ca/rights-droits/child_soldiers-enfants_soldats.aspx?view=d

**လက်တွေ့ဘာဝနှင့် ဆက်စပ်ပေးခြင်း**

- သင်တန်းသူ၊ သားများကို အဖွဲ့ (၄)ဖွဲ့ခွဲစေမည်။
- အဖွဲ့တဖွဲ့ကို အောက်ပါခေါင်းစဉ်တခုချင်းစီကို ဆွေးနွေးစေမည်။ ဆွေးနွေးပြီးပါက ပြန်လည်တင်ပြစေမည်။

  အုပ်စု (၁) လက်နက်ကိုင်ပဋိပက္ခကြောင့် ကလေးများအခွင့်အရေးများ ချိုးဖောက်ခံရပါက ကလေးများအပေါ် မည်သို့သောနောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ပေါ်စေပါသလဲ။

  အုပ်စု (၂) လက်နက်ကိုင်ပဋိပက္ခကြောင့် ကလေးများအခွင့်အရေးများ ချိုးဖောက်ခံရပါက မိသားစုအပေါ် မည်သို့သောနောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ပေါ်စေပါသလဲ။

  အုပ်စု(၃)လက်နက်ကိုင်ပဋိပက္ခကြောင့် ကလေးများအခွင့်အရေးများ ချိုးဖောက်ခံရပါက လူ့အသိုင်းအဝိုင်းအပေါ် မည်သို့သော နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်စေပါသလဲ။

  အုပ်စု (၄) လက်နက်ကိုင်ပဋိပက္ခကြောင့် ကလေးများအခွင့်အရေးများ ချိုးဖောက်ခံရပါက နိုင်ငံတော်ကို မည်သို့သောနောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ပေါ်စေပါသလဲ။

(ထိုသို့ကလေးများ ကလေးအခွင့်အရေးချိုးဖောက်ခံရပြီး နစ်နာဆုံးရှုံးမှုများရှိနေသည့်အပေါ် မည်သူတွေက အလေးထား၊ ကူညီ၊ ကာကွယ်နေပါသနည်း။)

ထိုသို့ ကလေးများလက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးများထိခိုက်နစ်နာမှုများကို ကာကွယ်နိုင်ရန် ကလေးအခွင့်အရေးစာချုပ်၏ ကလေးများလက်နက်ကိုင်ပဋိပက္ခအတွင်းပါဝင်နေမှုဆိုင်ရာ နောက်ဆက်တွဲစာချုပ်ပေါ်လာသည်။

**ဗဟုသုတပေးခြင်း (၂)**

**ကလေးများလက်နက်ကိုင်ပဋိပက္ခအတွင်းပါဝင်နေမှုနှင့်ပတ်သက်သည့် နောက်ဆက်တွဲစာချုပ်။ (Optional Protocol to the Convention on the Child Involvement of Children in Armed Conflict)**

- ❖ ၂၀၀၀ ပြည့်နှစ်မေလ (၂၅) ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံမှ ပြဌာန်းလိုက်ပြီး ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် အသက်ဝင်လာခဲ့သည်။
- ❖ ထိုနေ့ကို ကလေးစစ်သားအသုံးပြုခြင်းအား ဆန့်ကျင်သောနေ့ (လက်ဝါးနီနေ့) ဟု သတ်မှတ်ထားသည်။ စာချုပ်တွင် စစ်မှုထမ်းနိုင်သည့်အနိမ့်ဆုံးအသက်ကို (၁၈) နှစ်အဖြစ်သို့ တိုးမြှင့်သတ်မှတ်ထားသည်။ (ကလေးအခွင့်အရေး စာချုပ်အပိုဒ် (၃၈)တွင် အသက် (၁၅) နှစ်အောက်ဟု သတ်မှတ်ထားရာမှ ယခုနောက်ဆက်တွဲစာချုပ်တွင် အသက် (၁၈)အောက်သို့တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်သည်။)
- ❖ အပိုဒ် စုစုပေါင်း – ၁၃ ပိုဒ် ရှိသည်။
- ❖ အဓိကအကြောင်းအရာမှာ ကလေးများကို တိုက်ပွဲများတွင် တိုက်ရိုက်ပါဝင်ပတ်သက်စေခြင်း၊ စစ်တပ်အတွက် စုဆောင်းခြင်းနှင့် အသုံးပြုခြင်း။

**အပိုဒ် – ၁**

– အသက် (၁၈)နှစ်အောက် ကလေးများကို ရှေ့တန်းစစ်မျက်နှာပြင်မှာ တိုက်ရိုက်ပါဝင်ပတ်သက်စေခြင်းမရှိစေရန်။ အဖြစ်နိုင်ဆုံး မြင်သာထင်သာရှိသော လုပ်ဆောင်မှုများ အကောင်အထည်ဖော်ဆောင်နိုင်ဖို့ အစိုးရအနေဖြင့် အာမခံချက်ပေးရန်။

**အပိုဒ် – ၂**

– အသက် (၁၈)နှစ်အောက် ကလေးများကို စစ်မှုမထမ်းမနေရစနစ်ဖြင့် စစ်တပ်တွင်းသို့အတင်း သွတ်သွင်းခြင်းများကိုပြုလုပ်ခြင်းမရှိစေရန် အစိုးရအနေဖြင့် အာမခံချက်ပေးရမည်။

**အပိုဒ် – ၃**

– အစိုးအနေဖြင့် ကလေးအခွင့်အရေးစာချုပ်၏ အပိုဒ်–၃၈ တွင်ပြဌာန်း ထားသော ကလေးများစစ်မှုထမ်းနိုင်သည့်အသက်ကို ၁၅နှစ်မှ ၁၈နှစ် သို့တိုးမြှင့်ပြဌာန်းပေးရန်၊ စစ်မှုထမ်းအဖြစ်စေခိုင်းရာတွင် အတင်းအဓမ္မ ဝင်ရောက်စေခိုင်းခြင်းမပြုလုပ်ရန်၊
– မိမိဆန္ဒအလျောက်ဝင်ရောက်ရာတွင် ကာယကံရှင်၏ ဆန္ဒအစစ်အမှန်ဖြင့် ဝင်ရောက်လာခြင်းဖြစ်ရမည်။
– ထိုသို့ဝင်ရောက်ရာတွင် မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ သဘောတူညီမှုပါရှိရမည်။
– ထိုသူသည် စစ်ထဲမဝင်ရောက်ခင် မိမိဝင်ရောက်ထမ်းဆောင်မည့် စစ်ဘက်ဆိုင်ရာ တာဝန်ကို နားလည်သဘောပေါက်ထားရမည်။
– ၁၈ နှစ်ပြည့်ကြောင်း ခိုင်လုံသည့်အထောက်အထား ပြနိုင်ရမည်။

**အပိုဒ် – ၄**

– အစိုးရမဟုတ်သော မည်သည့်လက်နက်ကိုင်အဖွဲ့မဆို အသက် “၁၈”နှစ်မပြည့်သေးသည့် မည်သူ့ကိုမှ မည်သည့်အခြေအနေအကြောင်းကြောင့်နှင့်မှ ရှေ့တန်းစစ်မျက်နှာပြင်မှာ တိုက်ရိုက်ပါဝင်ပတ်သက်စေခြင်း၊ စစ်သားအဖြစ်စုဆောင်းခြင်းများကို မပြုလုပ်ရ။
– အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များအနေဖြင့် ကလေးများအပေါ် ထိုသို့ကျူးလွန်ခြင်းများမရှိစေရန်နှင့် လေးစားလိုက်နာ လာစေရန်အတွက် အစိုးရအနေဖြင့် မြင်သာထင်သာရှိသော လုပ်ဆောင်မှုများကိုပြုလုပ်ရန် တာဝန်ရှိသည်။
– မိမိနိုင်ငံကသတ်မှတ်ထားသော စစ်တပ်အတွင်း ဝင်ရောက်ခွင့်ပြုသော အသက်ကို အစိုးရတခုတည်း ဆန္ဒဖြင့်လျှော့ချခြင်းမပြုရ၊ နိုင်ငံတကာစံသတ်မှတ်ချက်များကိုလည်း လေးစားလိုက်နာ ရမည်ဟုလည်း ဆိုထားပါသည်။
– ယခုနောက်ဆက်တွဲစာချုပ်ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံ ၁၃၂ နိုင်ငံ လက်မှတ်ထိုးပြီး ဖြစ်သည်။ [၂၀]
– အရှေ့အာရှဒေသနိုင်ငံများတွင် (၇)နိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်ရာ ထိုနိုင်ငံများမှာ ကမ္ဘောဒီးယား၊ တရုတ်၊ တီမောင်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ လာအိုတို့က အတည်ပြုလက်မှတ်ရေးထိုးထားပြီး စင်ကာပူနှင့် အင်ဒိုနီးရှားက ပဏာမလက်မှတ်ရေးထိုးထားသည်။

20. http://www.ohchr.org/EN/NewsEvents/Pages/Newpushtoprotectchildren.aspx

## အဖြေရှာလုပ်ဆောင်ခြင်း

- လက်နက်ကိုင်စစ်ပွဲများအတွင်း ကလေးအခွင့်အရေးချိုးဖောက်ခံရမှုများ လျော့နည်းလာစေရန်အတွက် ရေတိုနှင့် ရေရှည်အတွက်ဘယ်လိုအစီအစဉ်ချ၊ လုပ်ဆောင်မှုများ လုပ်ဆောင်ထားသင့်ပါသလဲ။

(သင်တန်းသူ၊ သားများကို အရောင်မတူသည့်စာရွက်အပိုင်းလေး (၂) ခုစီဝေမည်။ တယောက်ကို အချက် (၂) ချက်စီရေးစေပြီး အုပ်စုကြီးအတွင်း ဆွေးနွေးစေမည်။)

## လိုအပ်သောပစ္စည်းများ

- စစ်အတွင်းရှိ ဒုက္ခသည်ကလေးများ၏ပုံများ
- စစ်ပွဲအတွင်းရှိ ကလေးများနှင့်သက်ဆိုင်သော သီချင်း (သို့) ဗွီဒီယို ဇာတ်လမ်းတို
- ရောင်စုံစာရွက်အပိုင်းများနှင့် ရောင်စုံခဲတံ၊ ဘောလ်ပင်

## လေ့လာရန်

- http://www.ohchr.org/EN/NewsEvents/Pages/Newpushtoprotectchildren.aspx
- http://www.unicef.org/protection/index_armedconflict.html
- Human Rights and Children Rights for Bangsamoro Youth
- လက်နက်ကိုင်ပဋိပက္ခများနှင့် ကလေးများစာအုပ်



**သင်ခန်းစာ (၄)**

# ကလေးစစ်သား

## ရည်ရွယ်ချက်

- ကလေးစစ်သား၏ အဓိပ္ပာယ်ကို သိရှိလာစေရန်။
- မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့၊ အစိုးရစစ်တပ်နှင့် နိုင်ငံတကာကကလေးစစ်သားအသုံးပြုမှုအခြေအနေကို လေ့လာမိစေရန်၊
- ကလေးစစ်သားများ၏ တပ်တွင်းရှိဘဝအခြေအနေများကို ကိုယ်ချင်းစာ နားလည်လာစေရန်။

## လှုပ်ရှားမှု . . .

- စစ်ဘားတိုက်ကဗိုရှိုက်သံသီချင်း သို့မဟုတ် စစ်ဖိနပ်ကြီးလောက် မလေးတဲ့ခဲတံသီချင်းကို ဖွင့်ပြမည်။ သို့မဟုတ် နိုင်ငံတကာမှ ကလေးစစ်သားပုံများကိုပြသမည်။ သို့မဟုတ် စစ်မြေပြင်သည် ကလေးများအတွက် ကစားကွင်းမဟုတ်ဆိုသည့် ကာတွန်းစာအုပ်ကို အုပ်စုလိုက်ဖတ်စေမည်။

## ဆွေးနွေးမှု

- ပုံထဲမှာ သို့မဟုတ် သီချင်းဇာတ်လမ်းထဲမှာ ကလေးတွေ ဘာတွေဖြစ်ပျက်နေတာကိုတွေ့ရလဲ။
- အဲဒါတွေကို တွေ့လိုက်ရတဲ့အခါ ဘယ်လိုခံစားရလဲ။ ဘာ့ကြောင့်လဲ။
- အပြင်မှာ ကလေးစစ်သားတွေကို မြင်ဖူးလား။ ဘယ်နေရာတွေမှာ တွေ့ရတတ်သလဲ။
- ဘာကြောင့် ကလေးတွေ စစ်သားဖြစ်လာရသလဲ။
- သူတို့ကို ဘယ်လိုအလုပ်မျိုးတွေ ခိုင်းစေခြင်းခံနေရလဲ။

## ဗဟုသုတပေးခြင်း

### ကလေးစစ်သား၏ အဓိပ္ပာယ်

ကလေးစစ်သားဆိုသည်မှာ အသက်(၁၈)နှစ် အောက်ရှိသူဖြစ်ပြီး အမြဲတမ်းစစ်တပ် သို့မဟုတ် အမြဲတမ်းမဟုတ်သောစစ်တပ် သို့မဟုတ် လက်နက်ကိုင်အုပ်စုများ၌ ဆန္ဒပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ လက်နက်ကိုင်သည်ဖြစ်စေ၊ မကိုင်သည်ဖြစ်စေ ထမင်းချက်၊ ပစ္စည်းထမ်း၊ သတင်းပို့တာဝန်ထမ်းဆောင်နေခြင်း၊ မိသားစုဝင်များအဖြစ် မဟုတ်ဘဲ ထိုအဖွဲ့နှင့်အတူ လိုက်ပါခြင်း၊ အမျိုးသမီးငယ်များဖြစ်ပါက လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ အတင်းအကြပ် လက်ထပ်ယူရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ပါဝင်နေခြင်းသာမကအခြားသောပုံစံအမျိုးမျိုးဖြင့် ပါဝင်ပတ်သက်သူများကို ခေါ်ဆိုသည်။

(အာဖရိကတိုက်ဆိုင်ရာ ကလေးစစ်သားစေခိုင်းမှုတားဆီးခြင်း၊ လက်နက်ဖျက်သိမ်းခြင်းနှင့် လူမှုဘဝများတွင် ပြန်လည်နေရာတကျဖြစ်စေခြင်း စည်းမျဉ်းများနှင့် အကောင်းဆုံးသောလုပ်ဆောင်မှုများလမ်းညွှန်မှ ကောက်နုတ်ချက်)

### ကမ္ဘာ့ကလေးစစ်သား အသုံးပြုမှုအခြေအနေ

လက်ရှိ ကမ္ဘာတွင် ကလေးပေါင်း နှစ်သိန်းကနေ သုံးသိန်းလောက်အထိ အစိုးရစစ်တပ်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်တပ်များတွင် ကလေးစစ်သားများအဖြစ် လက်နက်ကိုင်ပဋိပက္ခအတွင်းမှာ တိုက်ရိုက်ပါဝင်ပတ်သက်နေလျက်ရှိသည်။ [21] ထိုအရေအတွက်ထဲတွင် ထောင်ပေါင်းများစွာသော မိန်းကလေးငယ်ဦးရေပါဝင်မှု မရှိသေးပေ။ [22] မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၀ကျော်တို့မှာ အသက် ၇နှစ်မှ ၁၄နှစ်အတွင်းရှိ ကလေးစစ်သားအများအပြား ခိုင်းစေအသုံးပြုလျက်ရှိနေသည်ဟု နိုင်ငံတကာကဆိုထားသည်။ ကလေးစစ်သား အဆိုးဝါးဆုံးအသုံးပြုသောနိုင်ငံများအဖြစ် ကုလသမဂ္ဂမှ သတ်မှတ်ခံထားရသည့်နိုင်ငံများမှာ အာဖဂန်နစ္စတန်၊ အလယ်အာဖရိကနိုင်ငံ၊ ချတ်၊ ကွန်ဂို၊ အီရတ်၊ မြန်မာ၊ နီပေါ၊ ဆိုမာလီယား၊ ဆူဒန်–ဒါဖောဒေသ တို့ဖြစ်ပါသည်၊ စိုးရိမ်စရာကောင်းသည့်အခြေအနေမျိုးနှင့် ကလေးစစ်သားအသုံးပြုနေတဲ့နိုင်ငံတွေကတော့ ကိုလန်ဘီယာ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ယူဂန်ဒါ၊ ယီမင်နိုင်ငံတို့ဖြစ်ပါတယ်။

### ကလေးများ စစ်တပ်ထဲသို့ ဘယ်လိုရောက်ရှိလာကြသလဲ။

- ❖ ဆန္ဒမပါဘဲ အတင်းအကြပ်ဝင်ခိုင်းခြင်းဖြင့်ဖြစ်စေ၊
- ❖ ဖမ်းဆီးပြီးဝင်ခိုင်းခြင်း၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်းဖြင့်ဖြစ်စေ၊
- ❖ မသိနားမလည်မှုကို အခွင့်ကောင်းယူပြီး သွေးဆောင်ဖျားယောင်းခံရ၊ မက်လုံးပေး လို့ဖြစ်စေ၊
- ❖ တအိမ်အယောက် မဝင်မနေရ အမိန့်ထုတ်ခံရလို့ဖြစ်စေ၊ မိသားစုစီးပွားရေး အဆင်မပြေလို့ဖြစ်စေ၊ အလုပ်မရှိသောကြောင့် (စစ်ပွဲကြောင့် မိသားစုစီးပွားရေး၊ လယ်ယာ၊ လုပ်ငန်းခွင်များ ဖျက်ဆီးခံလိုက်ရခြင်း)
- ❖ စာမေးပွဲကျပြီး စိတ်ဓာတ်ကျလို့ဖြစ်စေ၊
- ❖ စစ်ဝတ်စုံဝတ်ရတာကို သဘောကျသို့ မိမိဆန္ဒဖြင့်ဝင်လာခြင်းဖြင့်ဖြစ်စေ၊

21. http://filipspagnoli.wordpress.com/stats-on-human-rights/statistics-on-war-conflict/statistics-on-child-soldiers/

22. http://www.huffingtonpost.com/2012/03/12/unicef-usa-joseph-kony_n_1338722.html

- ❖ စစ်ပွဲကြောင့် မိသားစု၊ နေအိမ်၊ ရပ်ရွာများ ဖျက်ဆီးခံလိုက်ရသဖြင့် သွားစရာနေရာ၊ ရွေးချယ်စရာအခြားနည်းလမ်း မရှိတော့သောကြောင့်ဖြစ်စေ၊ မိသားစု လူမျိုးအပေါ် ရက်စက်သတ်ဖြတ်မှုတွေကို မကျေနပ်၍ ကလဲ့စားချေရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကလေးများစစ်သားအဖြစ်သို့ ရောက်ရှိလာရခြင်းဖြစ်သည်။

**ဘာ့ကြောင့်လက်နက်ကိုင်အဖွဲ့များ တပ်သားစုဆောင်းရာတွင် ကလေးတွေကိုပစ်မှတ်ထားစုဆောင်းလာကြသလဲ။**

- ❖ ကလေးများသည် လူကြီးများထက် စည်းရုံးသိမ်းသွင်းရန်၊ အဓမ္မစုဆောင်းရန်၊ လွှမ်းမိုးရန်နှင့် ကြိုးကိုင်ချယ်လှယ်ရန် လွယ်ကူသောကြောင့်ဟု ဆိုနိုင်သည်။ သူတို့၏ စိတ်ဓါတ်ရေးရာ ဖွံ့ဖြိုးနေဆဲဖြစ်ပြီး ရင့်ကျက်မှုမရှိသေးရာ ဝါဒသွတ်သွင်းရန်၊ လွှမ်းမိုးချုပ်ကိုင်ရန် ပိုမိုလွယ်ကူသောကြောင့် ဖြစ်သည်။
- ❖ သူတို့သည် လူကြီးများထက် ပိုမိုနာခံမှုရှိခြင်းနှင့် ခေါင်းဆောင်များကို အန္တရာယ်ပြုနိုင်မှုနည်းပါးခြင်း၊ ထောက်ပံ့မှုကုန်ကျစရိတ် သက်သာခြင်း (လစာနည်းနည်းနှင့် အစားအသောက်အနည်းငယ်နှင့်အလုပ်ဖြစ်ခြင်း) ၊ ထိန်းသိမ်းရတာလွယ်ကူခြင်း စသည်တို့ကြောင့်လည်းဖြစ်သည်။
- ❖ ကလေးများသည် အမှန်တကယ် တိုက်ရည်ခိုက်ရည်တွင် အားနည်းမှုရှိနိုင်သော်လည်း သူတို့တွင် ထူးခြားသော အရည်အချင်းများရှိသည်။ သူတို့သည် စစ်တပ်အတွက် အခြေခံကျသော ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးဝင်သည့်အပြင် ရန်သူရှေ့တန်းစစ်စခန်းများသို့ ဘယ်သူမှသတိမပြုမိစေပဲ အလစ်ဝင်သွားနိုင်သူများ၊ သူလျှိုကောင်းများ၊ ပုံးသယ်ဆောင်သူများစသည်ဖြင့် အသုံးပြုနိုင်သော အားသာချက် အခွင့်အလမ်းများရှိသည်။
- ❖ ယခုအခါတွင် အပေါ့စားဖြစ်ပြီး ကိုင်တွယ်အသုံးပြုရန် ပိုမိုလွယ်ကူသော စစ်လက်နက်ပစ္စည်းများပေါ်ပေါက်လာခြင်းကလဲ ကလေးများကို စစ်တပ်အတွင်းသို့ ပိုမိုရောက်ရှိလာရန် ဖိတ်ခေါ်နေပါသည်။

**မြန်မာအစိုးရစစ်တပ်နှင့် ကလေးစစ်သား**

- ❖ မြန်မာ့တပ်မတော်အတွင်း ကလေးစစ်သားပေါင်း ၇၀ ၀၀၀ ကျော်ရှိသည်ဟု လူ့အခွင့်အရေးစောင့်ကြပ်ရေးအဖွဲ့ ၏ ၂၀၀၂ အစီရင်ခံစာက ဆိုထားသည်။
- ❖ ထွက်ပြေးလွတ်မြောက်လာသော သို့မဟုတ် စစ်တပ်မှ ထွက်ခွင့်ဖြင့် ပြန်ထွက်လာသော ကလေးစစ်သားများနှင့် တွေ့ဆုံမေးမြန်းချက်အရ စစ်သားစုဆောင်းရေးစခန်းနှင့် စစ်သင်တန်းကျောင်းလူဦးရေ၏ သုံးပုံ တစ်ပုံသည် ၁၈နှစ်အောက် ကလေးများဖြစ်ကြောင်းသိရသည်။
- ❖ မြန်မာနိုင်ငံ၏ ရာစုနှစ်ဝက်ခန့် တောက်လောင်နေသော ပြည်တွင်းစစ်နှင့် လက်ရှိစစ်ရေးအခြေအနေအရ စစ်သားများလိုအပ်မှုသည် အမြင့်မားဆုံး အခြေအနေတွင် ရှိနေသောကြောင့် ကလေးစစ်သားစုဆောင်းမှု ပိုမိုစုဆောင်းလာမည်မှာ မုချပင်ဖြစ်သည်။
- ❖ စစ်သည်အင်အား လေးသိန်းခန့်ရှိသည့်အနက်ကလေးစစ်သား ခုနစ်သောင်းခန့်ရှိခြင်းသည် စစ်သည်အင်အား ငါးပုံ ၁ ပုံခန့်သည် ကလေးများဖြစ်နေသည်ကို ဖော်ပြနေသည်။ ထိုကလေးစစ်သားများထဲတွင် အသက်အငယ်ဆုံး ၁၀ နှစ်သားအရွယ်များပင်လျှင် ပါဝင်နေလျက်ရှိသည်ဟု ထိုအစီရင်ခံစာများကဆိုသည်။
- ❖ အစိုးရက တိုင်းပြည်၏ စစ်အင်အားကို လေးသိန်းအထိထားရှိရန် ရည်မှန်းထားချက်က ကလေးများကို စစ်တပ်ထဲဝင်ရောက်ခိုင်းရန် အကြောင်းရင်း ဖြစ်နေသည်။ ထိုအပြင် တပ်ပြေးများနေရာတွင် အင်အားဖြည့်နိုင်ရန်အတွက် စစ်သားစုဆောင်းရေးအရာရှိများနှင့် စစ်အရာရှိများ၊ တခါတရံ ရဲတပ်ဖွဲ့ဝင်များသည် ကလေးများကို မြူဆွယ်၊ ခြိမ်းခြောက်စသောနည်းလမ်းများအသုံးပြုကာ သိမ်းသွင်း၊ ဖမ်းဆီးခြင်းများကို ပြုလုပ်ကြသည်။ [၂၃]
- ❖ မြန်မာနိုင်ငံမှာလည်း ကလေးစစ်သားအသုံးပြုမှု အမှန်တကယ်ပပျောက်ရေးအတွက် လက်တွေ့ လုပ်ငန်းစဉ်ဖော်ဆောင်ရေး သဘောတူညီမှု (Plan of Action) ကို စစ်ရေးချုပ်ရုံးမှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်တင်မောင်ဝင်း၊ တပ်အင်အားဖြည့်တင်းရေး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ငွေသိန်းနှင့် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံ၌ာနေ ကိုယ်စားလှယ် Mr. Ramesh Shrestha ESifh Mr. Ashok Nigham တို့က လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၂ ခုနှစ် ဇွန်လ ၂၇နေ့က နေပြည်တော်မှာကျင်းပခဲ့တဲ့ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ကာကွယ်ရေးဝန်ကြီး ဒုဗိုလ်ချုပ်ကြီး လှမင်းနဲ့ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ရဲ့ လက်နက်ကိုင် ပဋိပက္ခအတွင်းရှိ ကလေးများဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စကုမာရဆွာမိတို့၏ ရှေ့မှောက်မှာကျင်းပခဲ့တာဖြစ်ပါသည်။ UNICEF က ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံအတွင်း အစိုးရစစ်တပ်၊ တိုင်းရင်းသား လက်နက်ကိုင်စစ်တပ်နှင့် အခြားလက်နက်ကိုင်အုပ်စုတွေထဲမှာရှိတဲ့ ကလေးစစ်သားတွေ လုံးဝပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်းဆိုပါသည်။ [၂၄]

**မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့နှင့် ကလေးစစ်သား**

မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များတွင် ကလေးစစ်သား ၇၀၀၀ ခန့်ရှိမည်ဟု လူ့အခွင့်အရေးစောင့်ကြပ်ရေးအဖွဲ့၏ အစီရင်ခံစာကဆိုထားသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၁ တွင် မြန်မာ့တပ်မတော်အပြင် မြန်မာနိုင်ငံရှိအစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁) Democratic Karen Buddhist Army (DKBA)
၂) Kachin Independence Army (KIA)
၃) Karen National Liberation Army (KNLA):
၄) Karen National Union-Karen National Liberation Army Peace Council
၅) Karenni Army (KA):
၆) Shan State Army-South (SSA-S)
၇) Tatmadaw Kyi, including integrated border guard forces
၈) United Wa State Army (UWSA) [၂၅]

23. CRC shadow report Burma 2011
24. http://www.aaj.tv/2012/06/burma-inks-un-plan-to-stop-child-soldier-recruitment%E2%80%8E/
25. Children and armed conflict Report of the Secretary-General April 2011

## လက်တွေ့ဘဝနှင့် ဆက်စပ်ပေးခြင်း

သောကလမ်း ကလေးစစ်သားမှတ်တမ်းတင် ဗွီဒီယိုခွေပြမည်။

- သင်တန်းသူ၊ သားများကို အုပ်စု (၄)စုခွဲစေမည်။
  အုပ်စု (၁) – ကလေးစစ်သားများ ရင်ဆိုင်ကြုံတွေ့ရသော ဘဝအခြေအနေတွေက ဘာတွေဖြစ်မလဲ။
  အုပ်စု (၂) – ကလေးစစ်သားဖြစ်ရတဲ့အတွက် ကလေးရဲ့ လတ်တလော စိတ်ပိုင်းရုပ်ပိုင်းထိခိုက်မှု ဘာတွေဖြစ်နိုင်မလဲ။
  အုပ်စု (၃) – ကလေးအတွက် ရေရှည် စိတ်ပိုင်းရုပ်ပိုင်းထိခိုက်မှု ဘာတွေဖြစ်နိုင်မယ်ထင်သလဲ။
  အုပ်စု (၄) – အခုလိုမျိုးရင်ဆိုင်ကြုံတွေ့ရတဲ့အတွက် ဘယ်ကလေးအခွင့်အရေးတွေကို ထိခိုက်ချိုးဖောက်ခံရတယ်လို့ ထင်ရသလဲ။ (ကလေးအခွင့်အရေး ဆိုင်ရာစာချုပ်ကို ပြန်လည်ကိုးကားပါ)

## အဖြေရှာပုံဆောင်ခြင်း

- သင်တန်းသူ၊ သားများကို အုပ်စု (၄)စုခွဲစေမည်။
  အုပ်စု (၁) – ဘာ့ကြောင့် ကလေးစစ်သားအသုံးပြုမှုကို ရပ်တန့်သင့်ပါသလဲ။
  အုပ်စု (၂) – ကလေးစစ်သားအသုံးပြုခြင်းကို ရပ်တန့်မည်ဆိုပါက မည်သို့သော အကျိုးကျေးဇူးများရရှိလာနိုင်ပါသလဲ။
  အုပ်စု (၃) – ကလေးစစ်သားအသုံးပြုမှုရပ်တန့်စေရန် မည်သို့စတင်လုပ်ဆောင်သင့်ပါသနည်း။

## ဆက်စပ်သောအရာများ

- ကလေးစစ်သားပုံများ (မြန်မာ၊ နိုင်ငံတကာ)
- ကလေးစစ်သားနှင့်ပတ်သက်သော ဗွီဒီယို၊ သီချင်းခွေ (မြန်မာ၊ နိုင်ငံတကာ)
- ကလေးစစ်သား မှတ်တမ်းခွေ (မြန်မာ၊ နိုင်ငံတကာ)
- စစ်မြေပြင်သည် ကလေးများအတွက် ကစားကွင်းမဟုတ်ပါ ကာတွန်းစာအုပ်။

## လေ့လာရန်

- Children and armed conflict Report of the Secretary-General April 2011
- လက်နက်ကိုင်ပဋိပက္ခများနှင့် ကလေးများစာအုပ်
- ကလေးစစ်သားသတင်းများ (မြန်မာ၊ နိုင်ငံတကာ)



သင်ခန်းစာ (၇)

# မြေမြှုပ်မိုင်းများ

## ရည်ရွယ်ချက်

- မြေမြှုပ်မိုင်း အဓိပ္ပာယ်ကို လေ့လာသိရှိစေရန်။
- မြေမြှုပ်မိုင်းကြောင့် ထိခိုက်နစ်နာခဲ့သော ကလေးများ၊ အရပ်သားများ၏ ဘဝအခြေအနေများကို နားလည်သဘောပေါက်လာစေရန်။
- အော်တဝါ စာချုပ် ၁၉၉၇ အကြောင်းကို သိရှိလာစေရန်။
- မြေမြှုပ်မိုင်းကြောင့် ကလေးငယ်၊ ပြည်သူများ ထိခိုက်နစ်နာမှု လျော့နည်းလာစေရန် ကာကွယ်မှုများပြုလုပ်တတ်လာစေရန်။

## လုပ်ရှားမှု . . .

- ဖိနပ်လေးတဖက် မြေမြှုပ်မိုင်းသီချင်းကိုနားထောင်စေမည်။ သို့မဟုတ် မြေမြှုပ်မိုင်းဆန့်ကျင်ရေး ကာတွန်းကြော်ငြာတိုလေး သို့မဟုတ် မြေမြှုပ်မိုင်းအမျိုးအစားပုံများကို ပြနိုင်သည်။

## ဆွေးနွေးမှု

- သီချင်းဇာတ်လမ်းထဲမှာ ဘာအကြောင်းတွေ ဖော်ပြထားသလဲ။
- အဲဒါတွေကို တွေ့လိုက်ရ၊ ကြားလိုက်ရတဲ့အခါ ဘယ်လိုခံစားရလဲ။ ဘာကြောင့်လဲ။
- မြေမြှုပ်မိုင်းကြောင့် ဘဝထိခိုက်နစ်နာသွားသောကလေးများကို မြင်ဖူးလား။ အဲဒီလိုဖြစ်သွားတဲ့အတွက် သူတို့ဘဝမှာ ဘာအခက်အခဲတွေ ကြုံရမယ်လို့ထင်သလဲ။

### ဗဟုသုတပေးခြင်း

**မြေမြှုပ်မိုင်း အဓိပ္ပာယ်**

မြေမြှုပ်မိုင်းဆိုသည်မှာ မြေမှာမြှုပ်နှံထားပြီး ၎င်းအပေါ်ကျော်တက်နင်းလိုက်သော စက်ကိရိယာများ၊ ပစ္စည်းများ သို့မဟုတ် လူများကို ထိခိုက်ဒဏ်ရာရစေရန် သို့မဟုတ် သေစေရန် သို့မဟုတ် အစိတ်စိတ်အမွှာမွှာ ပေါက်ကွဲဖျက်စီးနိုင်အောင် အသေအချာစီမံထားသောအရာဖြစ်သည်။

မြေမြှုပ်မိုင်းအမျိုးအစား (၂)မျိုးရှိသည်။ လူသားများကို အသက်အန္တရာယ်စေရန် စီမံပြုလုပ်ထားသော "လူသတ်မိုင်း" နှင့် သံချပ်ကာကားများ၊ လက်နက်တိုက်များစသော စက်၊ ပစ္စည်းကိရိယာများကို ဖျက်စီးရန် စီမံပြုလုပ်ထားသော "တင့်ကားဖျက်မိုင်း" တို့ဖြစ်သည်။

နိုင်ငံတကာကြက်ခြေနီအဖွဲ့က မြေမြှုပ်မိုင်းများကိုအသုံးပြုခြင်းသည် လူသားမဆန်သောနည်းလမ်းသုံးပြီး လူများကို ထိခိုက်နာကျင်၊ သေစေခြင်းဖြစ်သည်ဟု ဆိုထားသည်။[၂၆]

**မြန်မာနိုင်ငံ၏ မြေမြှုပ်မိုင်း အသုံးပြုမှုအခြေအနေ**

မြေမြှုပ်မိုင်းများ အသုံးပြုပုံသမိုင်း

- ❖ ၁၉၅၀ ခုနှစ်များကတည်းက မြန်မာအစိုးရ၏ လက်နက်ကိုင်တပ်ဖွဲ့ (တပ်မတော်) ရော၊ အစိုးရမဟုတ်သည့် အင်အားစုများကပါ ပဋိပက္ခကာလတလျှောက်လုံး နည်းအမျိုးမျိုးဖြင့်တီထွင်အသုံးပြုနေခဲ့ကြသည်။
- ❖ ၁၉၉၀ ခုနှစ်များ အလယ်ပိုင်းမတိုင်မီတွင် အိမ်လုပ်မိုင်းများရော၊ စက်ရုံထုတ်မိုင်းများပါ အသုံးချခဲ့ကြောင်းတွေ့ရသည်။
- ❖ အစိုးစစ်တပ်က ပဲခူးတိုင်း အနောက်ပိုင်းရှိ ညောင်ခြေထောက် မိုင်းထုတ်လုပ်ရေးစက်ရုံနှင့် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ အီတလီ၊ အမေရိကန်နိုင်ငံတို့မှ ထုတ်လုပ်သော မိုင်းများကို သုံးပြုကြောင်းတွေ့ရသည်။[၂၇]
- ❖ အချို့လက်နက်ကိုင်အဖွဲ့များမှလည်း ရှေ့ထွက်မိုင်း၊ ထောင်မိုင်းနှင့် ထောင်ချောက်မိုင်းများကို ထုတ်လုပ်အသုံးပြုသည်။
- ❖ နိုင်ငံအရှေ့ခြမ်းရှိ အချို့ဒေသများတွင် သာမန်အရပ်သားပြည်သူများနှင့် ကျေးရွာစောင့်များက ၎င်းတို့ရွာအတွင်း စစ်တပ်မှ ဝင်ရောက်ခြင်းအား ကာကွယ်တားဆီးရန် အသုံးပြုမှုများရှိသည်။

မိုင်းကို ဘာကြောင့်အသုံးပြုကြသလဲ။

- ❖ စစ်စခန်းများကိုကာကွယ်ရန် မိုင်းထောင်ထားသည်။
- ❖ အတင်းအကျပ်ရွှေ့ပြောင်းစေသည့် လူထုများကို နေရပ်ရင်းသို့ ပြန်မလာနိုင်ရန် တားဆီးပိတ်ဆို့မှုအဖြစ် အသုံးပြုကြသည်။
- ❖ ဒုက္ခသည်စခန်းများအနီး၊ ရေအားလျှပ်စစ်စီမံကိန်း ကောင်းကင်ဓာတ်အားကြိုးလိုင်း၊ တိုင်များနှင့် တံတားများကဲ့သို့သော အခြေခံအဆောက်အဦးများအနီးနှင့် ထိုဒေသတဝိုက်တွင် ထိုအဆောက်အအုံများကို ကာကွယ်ရန် မိုင်းထောင်ထားခြင်းဖြစ်သည်။

26. Training Mannual on Child Rights and Child Protection for the Military
27. Landmine & Cluster Munition Monitor Country Report: Myanmar/Burma 2012

## မြေမြှုပ်မိုင်းများဖြန့်ကျက်တည်ရှိမှုနှင့် သက်ရောက်မှု။




- ❖ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီ (ကယား) ပြည်နယ်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်အပြင် ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်လေးဆယ့်ခုနစ်မြို့နယ်တွင် နေထိုင်နေသော ပြည်သူလူထု ခန့်မှန်းလူဦးရေ (၅ .၂) သန်းသည် မိုင်းဒဏ်သင့် ထိခိုက်နစ်နာနေရသည့် မြို့နယ်များအတွင်း ကျရောက်နေကြပါသည်။
- ❖ အရပ်သားပေါ်တာများအား စစ်ပစ္စည်းများထမ်းခိုင်းခြင်းနှင့် မြေမြှုပ်မိုင်းများရှင်းရန်အတွက် စစ်ကားများရှေ့တွင် နွားလှည်းများမောင်းခိုင်းခြင်း သို့မဟုတ် လမ်းလျှောက်စေခိုင်းခြင်းများ ခံရသည်။
- ❖ ၁၉၉၉ မှ ၂၀၁၁ နှစ်ကုန်ပိုင်းအထိ ကောက်ထားသောစာရင်းအရ မိုင်းဒဏ်သင့်ခံရသောလူပေါင်း ၃၂၄၂ ဦးတွင် ၃၀၃ ဦးသေပြီး ၁၇၃၈ ဦး မှာဒဏ်ရာရရှိကြောင်းနှင့် ၂၀၁ ဦးမှာ သတင်းအတိအကျမသိရပေ။

## မြေမြှုပ်မိုင်းကြောင့် ထိခိုက်နစ်နာရပုံ“တိုက်ရိုက် ထိခိုက်နစ်နာစေမှု”။

- ❖ မိုင်းများကြောင့် စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များတွင် သူတို့၏လယ်ယာများသို့ မသွားနိုင်ကြတော့သည့်အပြင်၊ ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခများကြောင့် လူအများထွက်ပြေးကြရချိန်၌ အသက်အန္တရာယ်ပါ ရှိစေပါသည်။ ထို့အပြင် တောတောင်ကိုဖြတ်၍ ပေါ်တာထမ်းရာတွင်လည်းကောင်း၊ အခြေအနေအေးဆေး၍ မိမိရပ်ရွာပြန်လာရာတွင်သော်လည်းကောင်း အသက်အန္တရာယ် ရှိစေပါသည်။
- ❖ မိုင်းဒဏ်သင့် ထိခိုက်နစ်နာရသူများမှာ အများအားဖြင့် လယ်သမားများဖြစ်နေ၍ အစားအစာလုံခြုံရေးအပေါ် များစွာသက်ရောက်မှုရှိသည်။ ဥပမာ – မိုင်းဒဏ်သင့်ခံထားရသူက လယ်ထဲကွင်းထဲ အလုပ်လုပ်ရာ၌ ယခင်လုပ်ရည်ကိုင်ရည်ထက်ပို၍ လျော့နည်းပြီးသာ လုပ်ကိုင်နိုင်ပါတော့သည်။ ထို့အပြင် မိသားစုအပေါ်နှင့် ရပ်ရွာအပေါ်တွင် မလိုလားအပ်သည့် အပိုဝန်ထုပ်ဝန်ပိုး ဖြစ်စေပါသည်။
- ❖ မိုင်းကြောင့် မိဘများမဲ့သွားသောကလေးများသည် မိမိထက်ငယ်သော ညီကိုမောင်နှမများ၏တာဝန်ကို မိဘများကိုယ်စား အရွယ်နဲ့မမျှယူလိုက်ရသည်။
- ❖ မိုင်းကြောင့်ဒဏ်ရာရသွားသောကလေးငယ်များသည်လည်း မိသားစုများ၊ မိမိပတ်ဝန်းကျင် လူ့သိုင်းအဝိုင်းကို ဝန်ထုပ်ဝန်ပိုး ဖြစ်စေရုံသာမက သူတို့၏ဘဝ အနာဂတ်သည် မိဘအသိုင်းအဝိုင်းအတွက် ဘာတခုမှဖြစ်ဖြစ်မြောက်မြောက် လုပ်ဆောင်ပေးနိုင်ခြင်း မရှိနိုင်တော့ပေ။
- ❖ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသော်လည်း အသက်မသေပဲကျန်ရှိနေသော ကလေးများသည်ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အပြင်းအထန် ထိခိုက်မှုခံစားရသည့်အပြင် ကြီးထွားနေဆဲဖြစ်နေသော ခန္ဓာကိုယ်အစိတ်အပိုင်းအချို့ကို ဖြတ်တောက်ပစ်လိုက်ရတဲ့အတွက် သူတို့၏ဖွံ့ဖြိုးတိုးတက်မှုများကို များစွာထိခိုက် နစ်နာစေသည်။[၂၈]

## မြေမြှုပ်မိုင်းကြောင့် ထိခိုက်နစ်နာရသူများ၏ နောက်ဆက်တွဲ လူမှုရေးဆိုင်ရာထပ်ဆင့် နစ်နာမှုများ။

မိုင်းဒဏ်သင့်ရသူနှင့် သူ၏မိသားစုအပေါ် စိတ်ဓာတ်ပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးနှင့် ရိုးရာအစွဲတစ်ခုကြောင့်လည်း ပို၍ဆိုးရွားစေသည်။ ဤရိုးရာအစွဲမှာ မိုင်းဒဏ်သင့်ရသူသည် သူ့ဘာသာအန္တရာယ်ရှိသောမိုင်းနင်းမိ၍ ထိခိုက်နစ်နာခြင်း အဖြစ်မမြင်ဘဲ၊ အချို့က ‘ကျင့်ဝတ်ဖောက်ပြန်၍ ပြစ်ဒဏ်ခတ်ခံရသည်’ ဟု မြင်ကြသည်။ ယခင်အတိတ်ဘဝက မကောင်းမှုပြစ်မှုကျူးလွန်သောကြောင့် ဘာသာရေးအရ၊ ကျင့်ဝတ်အရ ကံဝင့်ကြွေးကို ခံရသည်။ သို့မဟုတ် ယခုဘဝတွင် တစ်ခုခု အမှားလုပ်မိ၍ ဤသို့ပြစ်ဒဏ်ခံရသည်ဟု မြင်ကြသည်။[၂၉]

- **မြေမြှုပ်မိုင်းကြောင့် ထိခိုက်နစ်နာခဲ့သော သူများအရေအတွက်။**
  - ၂၀၀၈ ခုနှစ်အတွင်း မိုင်းကြောင့်လူပေါင်း ၅၀၈ ဦး ထိခိုက်နစ်နာခဲ့ရသည်။ ၎င်းတို့အနက် ၃၀ဦးသေပြီး ၁၈၃ ဦး ဒဏ်ရာရရှိခဲ့သည်။
  - ၂၀၀၉ ခုနှစ်အတွင်း မိုင်းကြောင့်လူပေါင်း ၂၆၂ ဦး ထိခိုက်နစ်နာခဲ့ရသည်။ ၎င်းတို့အနက် ၂၅၉ ဦးမှာ အရပ်သားပြည်သူများဖြစ်သည်။
  - ၁၉၉၉–၂၀၁၀ အတွင်း စုစုပေါင်း ၂၅၈၇ ဦး ( ၁၈၃ သေ၊ ၂၂၀၇ ဒဏ်ရာရ၊ ၁၉၇ အကြောင်းအရင်းမသိ) [၃၀]
  - ကမ္ဘာမှာ ၈၀၀၀ – ၁၀၀၀၀ အကြားရှိကလေးများဟာ မြေမြှုပ်မိုင်းကြောင့် နှစ်စဉ်အသက်သေဆုံးခြင်းနှင့် ဒဏ်ရာရ၊ ဒုက္ခိတများအဖြစ်သို့ ရောက်ရှိလာကြသည်။







28. A Training Manual on Child Rights and Child Protection
29. Landmine & Cluster Munition Monitor Country Report: Myanmar/Burma 2010
30. Landmine & Cluster Munition Monitor Country Report: Myanmar/Burma 2010

## လက်တွေ့ဘာဝနှင့် ဆက်စပ်ပေးခြင်း

သင်တန်းသူ သင်တန်းသားများကို အုပ်စု (၂) စုခွဲမည်။

- "မြေမြှုပ်မိုင်းအသုံးပြုခြင်းသည် တဖက်ရန်သူအပေါ် အထိနာစေသောကြောင့် အသုံးပြုသင့်သည်။" ဆိုသည့်ခေါင်းစဉ်အပေါ်
- အုပ်စု (၂) စုကို အဆိုအဖွဲ့နှင့် အချေအဖွဲ့ခွဲပြီး စကားရည်လု (စကားစစ်ထိုး) စေမည်။

ထိုသို့ဆွေးနွေးချက်များထဲမှ ပြောဆိုသည့်ဆိုးကျိုးများကို ကောက်နုတ်ယူထားပါ။

ထိုသို့သော ဆိုးကျိုးများမှကာကွယ်နိုင်ရန်၊ ကြိုတင်ကာကွယ်ပြင်ဆင်မှုများနှင့် နောက်ဆက်တွဲလုပ်ဆောင်ရမည့် လုပ်ငန်းတခုဖြစ်သည့် စနစ်တကျဖယ်ရှားခြင်းများ ပြုလုပ်နိုင်ရန်အတွက် အောက်ပါစာချုပ်ပေါ်လာသည်။

### ဗဟုသုတပေးခြင်း (၂)

**အော်တဝါ စာချုပ် ၁၉၉၇**

လူသတ်မိုင်းများအသုံးပြုခြင်း၊ သိုလှောင်ထားခြင်းနှင့် လွှဲပြောင်းပေးခြင်းနှင့် ၎င်းတို့ကိုအသုံးပြု၍ ဖျက်စီးခြင်းကိုတားဆီးခြင်းဆိုင်ရာ နိုင်ငံတကာစာချုပ် ဖြစ်သည်။ ၁၉၉၇တွင် အတည်ပြုပြဌာန်းပြီး ၁၉၉၉တွင် အသက်ဝင်လာသည်။ ဤစာချုပ်သည် နိုင်ငံအစိုးရများကို မိမိတို့စာချုပ်ကို လက်မှတ်ထိုးသည့်နေ့မှစပြီး လေးနှစ် အတွင်း မိမိတို့သိုလှောင်ထားသော မိုင်းများအားလုံးကို ဖြတ်ဆီးပစ်ရန်နှင့် မြေမြှုပ်နှံထားသော လူသတ်မိုင်းများကို ဆယ်နှစ်အတွင်းအပြီးသတ် ဖယ်ရှားပစ်ရန် တာဝန်ပေးသည်။

ဤစာချုပ်သည် စာချုပ်လက်မှတ်ထိုးထားသောနိုင်ငံအစိုးရများကို မိုင်းကြောင့်ထိခိုက်ဒဏ်ရာရသူများ၊ နစ်နာသွားသူများကို နိုင်ငံတကာကြက်ခြေနီအဖွဲ့တို့မှ တဆင့် ပိုမိုကူညီထောက်ပံ့ပေးရန် တိုက်တွန်းထားသည်။

မြန်မာနိုင်ငံက ထိုစာချုပ်ကို ၂၀၁၂ ခုနှစ်ကုန်ပိုင်းအထိ လက်မှတ်ထိုးထားခြင်းမရှိသေးပါ။ သို့သော် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ကယားပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဘိုရေ။ ကရင်ပြည်နယ်မှ ကိုယ်စားလှယ် ဦးမန်းကန်ညွန့်နှင့် မကွေးတိုင်းမှ ဦးလှဆွေတို့မှ တိုင်းရင်းသားဒေသများတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့်အတူ မိုင်းရှင်းလင်းရေးလုပ်ငန်းများပါ လုပ်ဆောင်သင့်ကြောင်းနှင့် ၎င်းနှင့်ဆက်စပ်သောနောက်ဆက်တွဲ လုပ်ငန်းများအတွက် အစီစဉ်များရေးဆွဲသင့်ကြောင်း တင်ပြခဲ့ရာ လွှတ်တော်မှ လက်ခံသဘောတူခဲ့သည်။ တချိန်တည်းမှာပဲ နော်ဝေနှင့် လူဇင်ဘတ်နိုင်ငံမှ အစိုးရကိုယ်စားလှယ်များလာရောက် လည်ပတ်စဉ်အတွင်း သမ္မတ ဦးသိန်းစိန်က မိုင်းရှင်းလင်းရေးအတွက် အကူအညီတောင်းခံခဲ့သည်။ [၃၁]

- ၂၀၀၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိ လက်နက်ကိုင် အင်အားစု(၆)ဖွဲ့က လူသတ်မိုင်းများ လုံးဝပိတ်ပင်တားမြစ်ရေးနှင့် မိုင်းဆိုင်ရာလှုပ်ရှားမှု ပူးပေါင်းဆောင်ရွက်ရေးအတွက် ဂျီနီဗာကော (Geneva Call) အဖွဲ့နှင့် သံန္နိဌာန်ပြု လက်မှတ်ရေးထိုးခဲ့သည်။

- ထိုအဖွဲ့များမှာ
    - ❖ ရခိုင် ရိုဟင်ဂျာ အမျိုးသားအစည်းအရုံး/ ရိုဟင်ဂျာ အမျိုးသားတပ်မတော် (၂၀၀၃ ခုနှစ်)
    - ❖ ရခိုင်အမျိုးသား သွေးစည်းညီညွတ်ရေးပါတီ/ ရခိုင်တပ်မတော် (၂၀၀၃ ခုနှစ်)
    - ❖ ချင်းအမျိုးသား တပ်ဦး/တပ်မတော် (၂၀၀၆ ခုနှစ်)
    - ❖ လားဟူ အမျိုးသားတပ်ဦး (၂၀၀၇ ခုနှစ်)
    - ❖ ပအိုဝ့် ပြည်သူ့လွတ်မြောက်ရေးအဖွဲ့/ ပအိုဝ့် ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (၂၀၀၇ ခုနှစ်)
    - ❖ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (၂၀၀၇ ခုနှစ်) တို့ဖြစ်ကြပါသည်။



31. Landmine & Cluster Munition Monitor Country Report: Myanmar/Burma 2012

## နိဂုံးချုပ်ဆွေးနွေးခြင်း

- ပြည်သူများ မိုင်းကြောင့်ထိခိုက်ခြင်းမခံရအောင် ဘယ်လိုကာကွယ်မှုများကို မည်သို့လုပ်ဆောင်သင့်သလဲနှင့် မည်သူတို့မှာ တာဝန်ရှိပါသလဲ။ (အဖွဲ့ (၄) ဖွဲ့ ခွဲကာ အောက်ပါခေါင်းစဉ်များ အလိုက်မိမိဒေသနှင့်ကိုက်ညီသော ဆောင်ရွက်နိုင်မည့်နည်းလမ်းများအား တဖွဲ့စီဆွေးနွေးစေမည်။)

| ပညာပေးမှုများ | အဖွဲ့အစည်းပေါ်လစီ | ကြိုတင်ကာကွယ်မှုများ | စောင့်ကြပ်မှုများ |
|---|---|---|---|
| – | – | – | – |
| – | – | – | – |

## လိုအပ်သောပစ္စည်းများ

- မြေမြှုပ်မိုင်းနှင့်ပတ်သက်သော ပုံများ
- မြေမြှုပ်မိုင်းနှင့်ပတ်သက်သော ဗွီဒီယိုဇာတ်လမ်း၊ သီချင်းနှင့် မှတ်တမ်းခွေများ

## ကိုးကားချက်

- မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြပ်လေ့လာရေးအစီရင်ခံစာ မြန်မာနိုင်ငံ ၂၀၁၂
- Deed of Commitment on Landmine (Geneva Call)
- Landmine & Cluster Munition Monitor Country Report: Myanmar/Burma
- A Training Manual on Child Rights and Child Protection



သင်ခန်းစာ (၈)

# လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများနှင့်ပတ်သက်သော မြန်မာနိုင်ငံဥပဒေနှင့် နိုင်ငံတကာဥပဒေများ

## ရည်ရွယ်ချက်

- လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများနှင့်သက်ဆိုင်သော မြန်မာနိုင်ငံဥပဒေကို သိစေရန်။
- လက်နက်ကိုင်ပဋိပက္ခအတွင်းရှိကလေးများနှင့်သက်ဆိုင်သော နိုင်ငံတကာဥပဒေများအကြောင်းကို လေ့လာသိရှိစေရန်။
- ထိုဥပဒေများက လက်နက်ကိုင်အဖွဲ့အစည်းများအပေါ် မည်သို့ဆက်စပ်မှုရှိနေပုံ၊ အကျိုးသက်ရောက်မှုရှိနေပုံများကို သတိပြုမိ၊ လေ့လာမိစေရန်။

## လှုပ်ရှားမှု (၁) . . .

အုပ်စု (၃) ခွဲ၍ အောက်ပါခေါင်းစဉ်များကို ဆွေးနွေးစေမည်။ အဖွဲ့များအလိုက် အောက်ပါခေါင်းစဉ်အရ ကလေးကာကွယ်စောင့်ရှောက်မှုဆိုင်ရာအကြောင်းများကို မိမိသိသလောက်ရှာဖွေစုဆောင်းခိုင်းပါ။ ထို့နောက်အဖွဲ့လိုက် ဆွေးနွေးပြီးပါက တင်ပြစေပါ။

အုပ်စု (၁) – ရပ်ရွာယဉ်ကျေးမှုဆိုင်ရာ အယူအဆများထဲတွင် ရှိနေသောကလေးကာကွယ်ရေးဆိုင်ရာကျင့်ဝတ်၊ ဓလေ့ထုံးတမ်းများ။
အုပ်စု (၂) – နိုင်ငံအဆင့်တွင်ရှိသော ကလေးကာကွယ်ရေးဆိုင်ရာ ဥပဒေများ။
အုပ်စု (၃) – နိုင်ငံတကာတွင်ရှိသော ကလေးကာကွယ်ရေးဆိုင်ရာ စံချိန်စံညွှန်းများ။

## ဆွေးနွေးမှု

- ဘာကြောင့်ဒီလိုကျင့်ဝတ်များ ထားရှိသလဲ။
- ထိုသို့ရှိခြင်းအားဖြင့် ဘာအကျိုးကျေးဇူးများခံစားရရှိပါသလဲ။

(ကလေးများအပေါ် ကာကွယ်စောင့်ရှောက်ရမည် ဆိုသည့်အယူအဆကို ယဉ်ကျေးမှုတိုင်းတွင်တွေ့ရှိနိုင်သည်။ အစိုးရများကလဲ ကလေးများကို ကာကွယ်ပေးရန်အတွက် ဥပဒေများကို လိုအပ်သလို ပြဋ္ဌာန်းကာကွယ်ပေးလေ့ရှိသည်။)

**ဗဟုသုတပေးခြင်း (၁)**

မြန်မာနိုင်ငံတွင် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေးဥပဒေကို ပြဋ္ဌာန်းထားသည်။ (ကလေးများအခွင့်အရေးဆိုင်ရာဥပဒေကို အကျဉ်းချုံး ပြန်လည်တင်ပြနိုင်သည်။)

ထို့ပြင် လက်နက်ကိုင် ပဋိပက္ခအတွင်းရှိ ကလေးများနှင့် ပတ်သက်သော ပြည်တွင်းဥပဒေများလဲရှိပါသည်။

- **လက်နက်ကိုင် ပဋိပက္ခအတွင်းရှိ ကလေးများနှင့်ပတ်သက်သော ပြည်တွင်းဥပဒေများတွင်** မြန်မာနိုင်ငံတော်အစိုးရ၏ ကလေးစစ်သားစုဆောင်းရေးအား တားမြစ်ထားသော ဥပဒေများရှိသည်။
  - ၁၉၇၄ ခုနှစ် မြန်မာနိုင်ငံ စစ်တပ်ဥပဒေအမှတ် ၁၃၊ ၇၃ အရ အသက် ၁၈ နှစ်မပြည့်သေးသောသူများကို စစ်တပ်တွင်း ဝင်ခွင့်မပြုဟုဆိုထားပါသည်။
  - မြန်မာနိုင်ငံပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး) ပုဒ်မ ၃၇၄ အရ အသက် ၁၈နှစ်အောက် ကလေးများကို စစ်သားအဖြစ်စုဆောင်းသူများကို ထောင်ဒဏ် ၁၂ လ သို့မဟုတ် ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်နှင့် ငွေဒဏ်နှစ်ရပ်စလုံး ကျခံစေနိုင်သည်။

(မြန်မာနိုင်ငံတော်အဆင့် ဥပဒေများကို ရှင်းပြပြီးပါက တခါတရံ နိုင်ငံတော်အဆင့်တွင် ထိုဥပဒေများကို လေးစားလိုက်နာရန် အားနည်းချက်များ ရှိတတ်ကြောင်း ပြောပြပါ။)

## လှုပ်ရှားမှု (၂) . . .

သင်တန်းသူသင်တန်းသား ၆ ဦးရွေးချယ်ပါ။ သူတို့ကိုသရုပ်ဆောင်ရမည့် စာရွက်များကိုပေး၍ ထိုစာရွက်ပါအတိုင်း သရုပ်ဆောင်ခိုင်းပါ။ သရုပ်ဆောင်များ မည်သူမည်ဝါဖြစ်ကြောင်း သိရှိစေရန်အမည်စာရွက်ကို ရင်ဘတ်တွင်ကပ်ထားစေပါ။

၁) ကြက်ပျောက်သူ – သင်၏ကြက်ပျောက်သွားသည်။ ကြက်ခိုးသူကို သင်သိသည့်အတွက် ဆယ်အိမ်ခေါင်းထံသွားတိုင်ပါ။ ဆုံးဖြတ်ချက်ကို မကျေနပ်ပါသဖြင့် ရွာသူကြီး၊ မြို့နယ်မှူး၊ တိုင်းတရားသူကြီးအထိ အယူခံတိုင်ကြားစေသည်။

၂) ကြက်သူခိုး – သင်သည် သူများကြက်ကို သွားခိုး၍ သတ်စားထားသည်။ ကြက်ပိုင်ရှင်က သင့်အား ဆယ်အိမ်ခေါင်းထံတွင် သွားတိုင်သည်။ ထိုဆယ်အိမ်ခေါင်းကို သင်ကြက်သားဟင်း ကျွေးထားသည်။ ရွာသူကြီးကိုလည်း သင်၏ဆွေမျိုးမကင်းဖြစ်သည်။ မြို့နယ်မှူးကိုလည်း လက်ဆောင်ပေးထားသည်။

၃) ဆယ်အိမ်ခေါင်း – သင့်ထံသို့ ကြက်ပျောက်သူတဦး လာရောက်တိုင်ကြားသည်။ ကြက်ခိုးသူသည် သူကျွေးသော ကြက်သားဟင်းစားထား

သဖြင့် အမှုမှန်ကိုဖော်ထုတ်၍ မဖြစ်သောကြောင့် ထိုအမှုကို မခိုင်လုံ၍ လက်မခံကြောင်း ပြောကြားပါ။

၄) ရွာသူကြီး – သင့်ထံသို့ ကြက်ပျောက်သူတဦးလာရောက်တိုင်ကြားသည်။ ကြက်ခိုးသူသည် သင့်ဆွေမျိုးမကောင်းသောကြောင့် ထိုအမှုသည် ကြက်ခိုးမှုမမြောက်ကြောင်း အမိန့်ချပါ။

၅) မြို့နယ်မှူး – သင့်ထံသို့ ကြက်ပျောက်သူတဦး လာရောက်တိုင်ကြားသည်။ ကြက်ခိုးသူက သင့်ကိုလက်ဆောင်ပေးထားသောကြောင့် ထိုအမှုလာတိုင်ကြားသူများကို အသရေဖျက်မှုဖြင့် ပြန်လည်တရားစွဲဆိုပါ။

၆) တိုင်းတရားသူကြီး – ဤအမှုသည် အောက်ရုံး၏စီရင်ပိုင်ခွင့်အတွင်းကျရောက်၍ မိမိတွင်အချိန်မရှိသောကြောင့် အမှုကိုပလပ်လိုက်သည်။

## ဆွေးနွေးရန်

- ထိုတင်ပြမှုတွင် မည်ကဲ့သို့ဖြစ်ပျက်နေပါသလဲ။
- ဘယ်လိုခံစားရပါသလဲ။
- သင်သာ ကြက်ခိုးခံရသူဖြစ်ပါက ဘယ်လိုဆက်လုပ်ပါမလဲ။
- ပြင်ပလက်တွေ့ဘဝတွင် ထိုသို့အဖြစ်အပျက်မျိုးရှိပါသလား။

အခုလို ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ တရားဥပဒေနဲ့ တရားစီရင်မှုတွေက အသုံးပြုလို့မရရင် ဘယ်လိုလုပ်မလဲ။

(နိုင်ငံတော်တရားဥပဒေနှင့် တရားစီရင်မှုတွေက နိုင်ငံသားတွေကို လုံခြုံမှုမပေးနိုင်ပါက နိုင်ငံတကာတွင် သတ်မှတ်ထားသည့် နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များ၏ စောင့်ရှောက်မှုကို ရယူနိုင်သည်။) လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများနှင့်သက်ဆိုင်သော နိုင်ငံတကာစာချုပ်များကို လေ့လာကြည့်ကြပါစို့။

### ဖဟုသုတပေးခြင်း (၂)

**နိုင်ငံတကာကလေးသူငယ်အခွင့်အရေးစာချုပ်**

❖ ကလေးအခွင့်အရေးစာချုပ်အပိုဒ် (၃၈) တွင် အသက် (၁၅) နှစ် အောက်ကလေးများအား စစ်မှုထမ်းအဖြစ်စေခိုင်းခြင်းမပြုရဟု ပြဌာန်းထားပါသည်။

**ကလေးများလက်နက်ကိုင်ပဋိပက္ခအတွင်း ပါဝင်ပတ်သက်မှုနောက်ဆက်တွဲစာချုပ်။ (Optional Protocol to the Convention on the Child Involvement of Children in Armed Conflict)**

❖ ၂၀၀၀ ပြည့်နှစ် မေလ(၂၅) ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ ပြဌာန်းလိုက်ပြီး ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် အသက်ဝင်လာခဲ့သည်။

❖ ဤစာချုပ်တွင် စစ်မှုထမ်းနိုင်သည့်အနိမ့်ဆုံးအသက်ကို (၁၈) နှစ်အဖြစ်သို့ တိုးမြှင့်သတ်မှတ်ထားသည်။

**ဂျီနီဗာစစ်မှုဆိုင်ရာ သဘောတူညီချက် (Geneva Convention) ၁၉၄၉ နှင့် နောက်ဆက်တွဲစာချုပ် ၁၉၇၇**

❖ လက်နက်ကိုင်စစ်ပွဲများကြောင့် မလိုလားအပ်ဘဲ သေဆုံး၊ နာကျင်၊ ပျက်စီးမှုများကို လျှော့နည်းစေရန်
- ၁၉၄၉ ခုနှစ်တွင် သဘောတူညီချက်လေးခုကို ပြဌာန်းနိုင်ခဲ့သည်။
- ၁၉၇၇ ဇန်နဝါရီလ ၈ ရက်နေ့တွင် စာချုပ်၏ နောက်ဆက်တွဲ စာချုပ်နှစ်ခုကို ထပ်မံပြဌာန်းလာခဲ့သည်။
- နောက်ဆက်တွဲစာချုပ် (၁)က ၁၉၇၉ ဒီဇင်ဘာ ၇ ရက်တွင် အသက်ဝင်လာပြီး နောက်ဆက်တွဲစာချုပ် (၂)က ၁၉၇၈ ဒီဇင်ဘာ ၇ ရက်နေ့တွင် အသက်ဝင်လာခဲ့သည်။
- နောက်ဆက်တွဲစာချုပ်(၁)က လက်နက်ကိုင်စစ်ပွဲများအတွင်း ဒဏ်ရာရသူများ၊ ဖျားနာသူများကို ပြုစုစောင့်ရှောက်ရေးနှင့်ပတ်သက်ပြီး နောက်ဆက်တွဲစာချုပ် (၂) က ပြည်တွင်းလက်နက်ကိုင်စစ်ပွဲများအတွင်း ဒုက္ခရောက်သူများနှင့် သက်ဆိုင်သည့်စာချုပ်ဖြစ်သည်။

❖ ထိုနောက်ဆက်တွဲ စာချုပ်နှစ်ခုစလုံးတွင် အသက် (၁၅)နှစ်အောက် ကလေးများကို စစ်သားအဖြစ်စုဆောင်းခြင်းနှင့် တိုက်ပွဲများအတွင်း ပါဝင်ပတ်သက်စေခြင်းများကို အထူးပိတ်ပင်တားမြစ်ထားသည်။

❖ မြန်မာနိုင်ငံသည် ယခုစာချုပ်များကို ၁၉၉၂ ခုနှစ် ကြဂုတ်လ (၂၄) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။
- ထို့ကြောင့် စာချုပ်ပါ အသက် (၁၅)နှစ်အောက် ကလေးများကို စစ်သားအဖြစ်စုဆောင်းခြင်းနှင့် တိုက်ပွဲများအတွင်း ပါဝင်ပတ်သက်စေခြင်းများကို မြန်မာအစိုးရက ပိတ်ပင်တားမြစ်ရန် တာဝန်ရှိသည်။

**အိုင်အယ်အို – ၁၈၂**

❖ ILO – ၂ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်သည် အဆိုးဝါးဆုံး ကလေးလုပ်အားစေခိုင်းမှုဆိုင်ရာ ဆုံးဖြတ်ချက် အမှတ် ၁၈၂ ကို ၁၉၉၉ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်တွင် အတည်ပြုပြဌာန်းခဲ့ပြီး ၂၀၀၀ပြည့်နှစ် နိုဝင်ဘာလတွင် အသက်ဝင်လာသည်။ ဤဆုံးဖြတ်ချက်ကို လက်မှတ်ထိုးထားသောနိုင်ငံများသည် "အဆိုးဝါးဆုံးကလေးလုပ်အားစေခိုင်းမှုများကို တားမြစ်ခြင်းနှင့်ပပျောက်အောင် လုပ်ဆောင်ခြင်းတို့အား အထူးအရေးယူဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဖြစ် အလျင်အမြန် ထိထိရောက်ရောက်လုပ်ဆောင်ပေးရန်" ဆိုထားသည်။

❖ ဤစာချုပ်အရ ကလေးများကို စစ်သားအဖြစ်ခိုင်းစေခြင်းကို အဆိုးဝါးဆုံးကလေးလုပ်အားစေခိုင်းခြင်း အဖြစ်သတ်မှတ်ထားသည်။

❖ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော် အတည်ပြုလက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

**နိုင်ငံတကာ ရာဇဝတ်ခုံရုံးနှင့် ရောမဥပဒေသ**

❖ ၁၉၉၈ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် အတည်ပြုပြဌာန်းပြီး ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် အသက်ဝင်လာသည်။ နိုင်ငံတကာရာဇဝတ်မှုတရားရုံးသည် လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်ကိုထိပါးစေသော ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများကဲ့သို့သော နိုင်ငံတကာရာဇဝတ်မှုများကို ကျူးလွန်သူများအား စုံစမ်းစစ်ဆေး၍ အပြစ်ပေးအရေးယူရန် အမြဲတမ်းဖွင့်လှစ်ထားသည့် တရားရုံးဖြစ်သည်။ စစ်ရာဇဝတ်မှုတွင် အစိုးရစစ်တပ်မှ အသက် ၁၅ နှစ်အောက် ကလေးသူငယ်များအား အတင်းအဓမ္မစစ်မှုထမ်းစေခြင်းနှင့် ပြည်တွင်း စစ်ပွဲများအတွင်း တိုက်ရိုက်ပါဝင်ပတ်သက်စေခြင်းလဲ အကြုံးဝင်သည်။

## လက်တွေ့ဘဝနှင့် ဆက်စပ်ပေးခြင်း

သင်တန်းသူသင်တန်းသားများအား အုပ်စု ၃ စု ခွဲသည်။

- မိမိတို့တာဝန်ထမ်းဆောင်နေသော လက်နက်ကိုင်တပ်ဖွဲ့အတွင်း သို့မဟုတ် နယ်မြေဒေသအတွင်း မိမိတို့ပတ်ဝန်းကျင်တွင်ရှိသော လက်နက်ကိုင်–တပ်ဖွဲ့များအကြား ကလေးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်သက်ဆိုင်သည့် ကျင့်ဝတ်စည်းကမ်းများရှိပါက သိသလောက်ချရေးပါ။
- ထို့နောက် အုပ်စုကြီးသို့ ပြန်လည်တင်ပြစေပါ။

## အမြင်များ ဖလှယ်ခြင်း

- ထိုသို့သော ကျင့်ဝတ်စည်းကမ်းများရှိခြင်းကြောင့် ကလေးတွေအပေါ်မှာမည်သို့သော အကျိုးကျေးဇူးများ ရရှိစေပါသလဲ။

## ဖြည့်စွက်ဖတ်စရာများ

- ကလေးများအပေါ် ဆိုးဆိုးဝါးဝါးပြစ်မှုများ ကျူးလွန်သူများအပေါ် နိုင်ငံတကာတရားရုံး၊ ဒေသတွင်း၊ နိုင်ငံတွင်း တရားရုံးမှ အပြစ်ပေးအရေးယူသော အမှုများ။
- မှတ်တမ်းခွေများ။ eg. Kony 2012

## ကိုးကားချက်

- လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများဆိုင်ရာ ပြည်တွင်းဥပဒေများ။
- လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများဆိုင်ရာ နိုင်ငံတကာ စာချုပ်၊ စာတမ်းများ။



သင်ခန်းစာ (၄)

# လက်နက်ကိုင်ပဋိပက္ခအတွင်းရှိကလေးများနှင့် ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂ၏ အခန်းကဏ္ဍ

**ရည်ရွယ်ချက်**

- လက်နက်ကိုင် ပဋိပက္ခအတွင်းရှိ ကလေးများနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အခန်းကဏ္ဍကိုသိရှိစေရန်။
- ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၆၁၂အရ အဆိုးဝါးဆုံး ကလေးအခွင့်အရေး ချိုးဖောက်မှု (၆) ခု အကြောင်းလေ့လာသိရှိစေရန်။
- ဆုံးဖြတ်ချက်အမှတ် ၁၆၁၂ အရ ထူထောင်လိုက်သော စောင့်ကြပ်ခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာယန္တယား (MRM) အကြောင်း လေ့လာသိရှိစေရန်။

**လှုပ်ရှားမှု (၁) . . .**

အုပ်စု (၆) စုခွဲမည်။  တဖွဲ့စီကို အဆိုးဝါးဆုံး ကလေးအခွင့်အရေး ချိုးဖောက်မှု (၆) ခုမှ အချက်တခုစီကိုပေး၍ ထိုအချက်နှင့် ပတ်သက်သည့် အဖြစ်အပျက် ဇာတ်လမ်းတခုစီကို သရုပ်ဆောင်စေမည်။

**ဆွေးနွေးမှု**

**မေးခွန်းများ။**

- ဘာအကြောင်းအရာကို သရုပ်ဆောင်ခဲ့သလဲ။ (အဖြေမှန်သည်အထိ သရုပ်ဆောင်၊ ခန့်မှန်းစေမည်)
- ဘယ်လိုအခြေအနေ၊ အချိန်အခါမျိုးတွေမှာ ဘယ်လိုကလေးတွေ ဒီလိုအကြမ်းဖက်မှုများ ပိုမိုခံရနိုင်ပါသလဲ။
- ဒီလိုမျိုးအဖြစ်အပျက်မျိုးဖြစ်တာကို တွေ့ဖူးလား၊ ကြားဖူးလား။ ဘယ်လိုဖြစ်ပျက်လဲ။

**ဗဟုသုတပေးခြင်း (၁)**

အဆိုးဝါးဆုံး ကလေးအခွင့်အရေး ချိုးဖောက်မှု (၆) ခုအကြောင်း အောက်ဖော်ပြပါအချက်များတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၆၁၂ နှင့် ၁၈၈၂တွင် ဖော်ပြထားသော အခွင့်အရေးချိုးဖောက်မှု စာရင်းတခုချင်းစီ၏ ထည့်သွင်းစဉ်းစားရမည့် အချက်အလက်များ၊ လမ်းညွှန်ချက်များကို ဖော်ပြထားပါသည်။ [၃၂]

| **က။ အကြောင်းအရာ** | **လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်နေသောအကြောင်းအရာ၊ ကျူးလွန်မှုဖြစ်ရပ်များ ဖြစ်ရမည်။** |
|---|---|
| **ခ။ ကျူးလွန်ခံရသူ** | **ကလေး (သို့မဟုတ်) ကလေးများ။** ဥပမာ – အသက် ၁၈နှစ် အောက်ရှိသူများ။ |
| **ဂ။ ကျူးလွန်သူ** | **အစိုးရစစ်တပ်ဖွဲ့ဝင်များ (သို့မဟုတ်) အခြားလက်နက်ကိုတပ်ဖွဲ့ဝင်များ။** (မှတ်ချက် – Armed forces **လက်နက်ကိုင်တပ်** – အစိုးရလက်နက်ကိုင်တပ်ဖွဲ့ကို ဆိုလိုသည်။ Armed groups **လက်နက်ကိုင်အုပ်စု** – ကလေးသူငယ်များ အခွင့်အရေးများစာချုပ်၏ ကလေးများ လက်နက်ကိုင်ပဋိပက္ခအတွင်းပါဝင်နေမှုနှင့် ပတ်သက်သည့် နောက်ဆက်တွဲစာချုပ် အပိုဒ် (၄) ၏ အနက်ဖွင့်ဆိုချက်အရ အစိုးရလက်နက်ကိုင် တပ်ဖွဲ့မှအပ နိုင်ငံတွင်းရှိ အခြားလက်နက်ကိုင် အုပ်စုများကို ဆိုလိုသည်။ နိုင်ငံတကာ လုပ်ထုံးလုပ်ဟန်များက စစ်ရာဇဝတ်မှုများတွင် အရပ်သားများ၏တာဝန်ရှိမှုများကိုဖော်ပြထားသော်လည်း MRM တွင်အရပ်သားများ၏ ကျူးလွန်မှုများအပေါ် လေးပေးထည့်သွင်း ဖော်ပြထားခြင်း မရှိပေ။) |
| **ဃ။ ချိုးဖောက်ခြင်း** | MRM ၏ ရည်ရွယ်ချက်များနှင့် ဖြစ်ရပ်များ၏ အမျိုးအစားများကို အစီရင်ခံဖို့  အဓိပ္ပါယ်ဖွင့်ဆိုချက်။ |
| **င။ သတ်ဖြတ်ခြင်းနှင့် ဒုက္ခိတဖြစ်စေခြင်း** | **သတ်ဖြတ်ခြင်း။** လက်နက်ကိုင် ပဋိပက္ခနှင့်ဆက်စပ်ပြီး ကလေးတဦးဦး (သို့မဟုတ်) ကလေးများကို သေစေနိုင်သော အကျိုးဆက်ကိုဖြစ်ပေါ်စေသည့် မည်သည့်ကျူးလွန်မှုကိုမဆို ဆိုလိုခြင်းဖြစ်သည်။<br>**ဒုက္ခိတဖြစ်စေခြင်း။** ကလေးအား အပြင်းအထန်နာကျင်စေခြင်း (သို့မဟုတ်) အမြဲတမ်း ဒုက္ခိတဖြစ်စေခြင်း (သို့မဟုတ်) အမာရွတ်ထင်ကျန်စေခြင်း (သို့မဟုတ်) ကိုယ်လက်အင်္ဂါများကို ဖြတ်တောက်ခြင်း စသည့်ချို့တဲ့စေနိုင်သော မည်သည့်လုပ်ရပ်ကို ဆိုလိုသည်။<br>ကလေးများကိုသတ်ဖြတ်ရန်နှင့် နာကျင်စေရန်ရည်ရွယ်သော တိုက်ရိုက်နှင့်သွယ်ဝိုက်၍ လုပ်ဆောင်ချက်များဖြစ်သည့် စစ်မြေပြင်အတွင်းနှင့် မြေမြှုပ်မိုင်းရှိရာနေရာအတွင်းကျရောက်စေခြင်း၊ အဆက်မပြတ် လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း၊ ဖောက်ခွဲရေးပစ္စည်းများ (သို့မဟုတ်) အခြားအရမ်းကာရောဖောက်ခွဲခြင်း  လုပ်ရပ်များပါဝင်သည်။<br>သတ်ဖြတ်ခြင်း (သို့မဟုတ်) နာကျင်စေခြင်းသည် တိုက်ပွဲနှင့်ဆက်စပ်ပြီး အိမ်များကိုဖျက်ဆီးခြင်း၊ ရှာဖွေရေးနှင့်ဖမ်းဆီးရေး စစ်ဆင်ရေးထွက်ခြင်း၊ အသေခံတိုက်ခိုက်ခြင်းများဖြစ်နိုင်သည်။<br>ညှင်းပမ်းနှိပ်စက်ခြင်းကိုလည်း ဒီအတိုင်းပဲ အမျိုးအစားခွဲနိုင်သည်။ |

32. MRM field Mannual – April 2010

| | |
|---|---|
| **၂။ လက်နက်ကိုင်တပ်များနှင့် လက်နက်ကိုင် အုပ်စုများမှ ကလေးများကို တပ်သားအသစ် အဖြစ် စုဆောင်းအသုံးပြုခြင်း** | **တပ်သားအသစ်အဖြစ်စုဆောင်းခြင်း** – မည်သည့် လက်နက်ကိုင်တပ် (သို့မဟုတ်) လက်နက်ကိုင်အုပ်စုများမှ ကလေးများအပေါ် စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းခြင်း၊ အတင်းအကြပ် (သို့မဟုတ်) ဆန္ဒအလျောက် စစ်မှုထမ်းစေခြင်း (သို့မဟုတ်) အမည်စာရင်းသွင်းစေခြင်းဖြင့် အသက်မပြည့်သေးသူများနှင့် သက်ဆိုင်သော နိုင်ငံတကာစံချိန်စံညွှန်းများကို လိုက်နာရမှုအပေါ် လက်နက်ကိုင်တပ်ဖွဲ့ (သို့မဟုတ်) လက်နက်ကိုင်အုပ်စုများမှ အငြင်းပွားဖွယ်ရာဖြစ်စေခြင်းများကို ဆိုလိုသည်။<br>**ကလေးများကိုအသုံးပြုခြင်း** – ကလေးများကို လက်နက်ကိုင်တပ် (သို့မဟုတ်) လက်နက်ကိုင်အုပ်စုများများမှ မိန်းကလေးနှင့် ယောကျ်ားလေးငယ်များကို တိုက်ခိုက်ရေးသမား၊ ထမင်းချက်၊ ပေါ်တာ၊ သတင်းပို့၊ သူလျှိုနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်သူများစသည်ဖြင့် မည်သည့်တာဝန်၊ ရာထူးများတွင် ကန့်သတ်မှုမထားပဲ ခိုင်းစေခြင်းများကို ဆိုလိုသည်။ ဤကဲ့သို့ခိုင်းစေရာတွင် ကလေးများအနေနဲ့ တိုက်ရိုက်ပါဝင် လုပ်ဆောင်ခြင်းပါဝင် လုပ်ဆောင်ခြင်းသာမက သွယ်ဝိုက်ပြီး ပါဝင်ပတ်သက်စေခြင်းများလည်း အကြုံးဝင်သည်။ |
| **၃။ ကျောင်းများ (သို့မဟုတ်) ဆေးရုံများကို တိုက်ခိုက်ခြင်း** | ဆေးရုံများ (သို့မဟုတ်) ဆေးဝါးကုသရေး အဆောက်အအုံများကို ပစ်မှတ်ထားကာ လုံးဝ (သို့မဟုတ်) တစိတ်တပိုင်း ပျက်စီးစေခြင်းစသော တိုက်ခိုက်ခြင်းမျိုးကို ဆိုလိုသည်။ အခြားဝင်ရောက်စွက်ဖက်မှုများဖြစ်သော အဆောက်အုံကို အပိုင်စီးထားခြင်း၊ တပ်စခန်းအဖြစ်သုံးခြင်း၊ ဝါဒဖြန့်ချီဖို့ပစ်မှတ်နေရာထားခြင်း ၄င်းတို့၏သာမန်လုပ်ငန်းများကို အစီရင်ခံ တင်ပြစေခြင်း (သို့မဟုတ်) ထိုသို့ပြုလုပ်ခွင့်မရပါက ဆေးဝန်ထမ်းများ၊ ကျောင်းဝန်ထမ်းများနှင့် အဆောက်အအုံကို ရန်ရှာ၊ အန္တရာယ်ပြုခြင်း တို့ကိုဆိုလိုသည်။<br>မှတ်ချက်။ **"ကျောင်း"** ဆိုရာတွင် အများအသိအမှတ်ပြု သတ်မှတ်ထားသော စာသင်ရန်နေရာ ထိုင်ခင်းရှိသော၊ မြင်သာထင်သာ သတ်မှတ်ထားသော နေရာကိုဆိုလိုသည်။<br>**"ဆေးဝါးကုသရေးအဆောက်အအုံ"** ဆိုရာတွင် ဒဏ်ရာရသူများနှင့် ဖျားနာသူများကို ပြုစုရာ နေရာနှင့် (သို့မဟုတ်) ကျန်းမာရေး ဝန်ဆောင်မှုများပေးရာနေရာများကို ဆိုလိုသည်။ |
| **၄။ မုဒိမ်းကျင့်ခြင်းနှင့် ပြန်းထန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း** | **ကလေးများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း** ဆိုင်ရာလုပ်ရပ်များတွင် မုဒိမ်းကျင့်ခြင်း၊ အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လိင်ကျွန်ပြုခြင်း၊ အဓမ္မပြည့်တန်ဆာအဖြစ်စေခိုင်းခြင်း၊ အဓမ္မလက်ထက်ခြင်း၊ ကိုယ်ဝန်ရစေခြင်း (သို့မဟုတ်) အဓမ္မကိုယ်ဝန်ဖျက်ချစေခြင်းတို့ ပါဝင်သည်။ မုဒိမ်းကျင့်ခြင်း၊ မုဒိမ်းကျင့်ရန်အားထုတ်ကြိုးပမ်းခြင်းဆိုသည်မှာ အလိုမတူပဲလိင်ဆက်ဆံရန်ပြုမူခြင်းကို ဆိုလိုသည်။ လိင်အင်္ဂါအစိတ်အပိုင်းသာမက မည်သည့်ခန္ဓာကိုယ်အစိတ်အပိုင်းကိုမဆို ခွင့်ပြုမရပဲထိတွေ့ကိုင်သွယ်ခြင်း၊ မြင်စေရန်ပြသခြင်းများ ပါဝင်သည်။ လိင်အင်္ဂါကိုခန္ဓာ ကိုယ်အတွင်းသို့ ထိုးသွင်းလိုက်ပါက မုဒိမ်းမှုမြောက်သည်။ လိင်အင်္ဂါသည် ခန္ဓာကိုယ်အတွင်းသို့ထိုးသွင်းသည့်အဆင့်သို့ မရောက်လိုက်ပါက မုဒိမ်းကျင့်ရန် အားထုတ်ကြိုးပမ်းမှုဖြစ်သည်။<br>**လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း** သည် မည်သည့်လိင်ပိုင်းဆိုင်ရာပြုမူမှု၊ လိင်ဆက်ဆံမှုဖြစ်မြောက်ဖို့ အားထုတ်ကြိုးပမ်းမှု (သို့မဟုတ်) ကလေးများအား လိင်ပိုင်းဆိုင်ရာ ကူးသန်းရောင်းဝယ်ဖို့ အပြုအမူများကိုဆိုလိုသည်။ မုဒိမ်းကျင့်ခြင်း၊ လိင်ကျွန်ဖြစ်စေခြင်းနှင့် (သို့မဟုတ်) ကူးသန်းရောင်းဝယ်ခြင်း၊ အဓမ္မကိုယ်ဝန်ရစေခြင်း၊ လိပ်ပိုင်းဆိုင်ရာထိခိုက်စော်ကားခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် (သို့မဟုတ်) စော်ကားခြင်းနှင့် အဓမ္မကိုယ်ဝန်ဖျက်ချစေခြင်း စသည်ဖြင့်ပုံစံအမျိုးမျိုး ဖြစ်နိုင်သည်။ |
| **၅။ ပြန်ပေးဆွဲခြင်း၊ အဓမ္မခေါ်ဆောင်သွားခြင်း** | ကလေးကို ဥပဒေမဲ့ ယာယီ (သို့မဟုတ်) အမြဲတမ်း နည်းအမျိုးမျိုးဖြင့် အမြတ်ထုတ်ရန်အလို့ငှာ ဖယ်ရှားခြင်း၊ ခေါ်ဆောင်သွားခြင်း၊ ဖမ်းဆီးခြင်း၊ ထိန်းထားခြင်း၊ အာဏာသုံးခြင်း၊ အတင်းအဓမ္မ ပျောက်ဆုံးစေခြင်းများကို ဆိုလိုသည်။ ကလေးများကို လက်နက်ကိုင်တပ်များနှင့် လက်နက်ကိုင်အုပ်စုများမှ ကလေးများကို တပ်သားအသစ်အဖြစ် စုဆောင်းအသုံးပြုခြင်းသာမက စစ်ပွဲများတွင် ပါဝင်စေခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း (သို့မဟုတ်) စော်ကားခြင်း၊ အဓမ္မအလုပ်စေခိုင်းခြင်း၊ ဓားစာခံအဖြစ်သုံးခြင်း (သို့မဟုတ်) အယူဝါဒများ သွတ်သွင်းခြင်းများ ပါဝင်သည်။ လက်နက်ကိုင်တပ်များနှင့် လက်နက်ကိုင်အုပ်စုများမှ ကလေးများကို တပ်သားအသစ်အဖြစ် အတင်းအဓမ္မ စုဆောင်းအသုံးပြုပါက တပ်သားအသစ်အဖြစ် စုဆောင်းခြင်းနှင့် ပြန်ပေးဆွဲခြင်း၊ အဓမ္မခေါ်ဆောင်သွားခြင်းအဖြစ် (၂) မျိုးစလုံးတွင် အကြုံးဝင်သည်။ |

| | |
|---|---|
| **၆။ ကလေးများအတွက် လူသားချင်းစာနာသော အကူအညီများကို ငြင်းဆန်ခြင်း** | ကူညီကယ်ဆယ်ရေးဝန်ထမ်းများ၏ လုံခြုံစွာသွားလာလှုပ်ရှားမှုနှင့် အထောက်ပံ့ပစ္စည်းများကို အခင်းဖြစ်နေသော နေရာရှိ အကူအညီလိုနေသူများထံ အချိန်မှီသယ်ယူပို့ဆောင်နိုင်ရန် ရုပ်ပိုင်းဆိုင်ရာ အင်အားသုံးခြင်း (သို့မဟုတ်) စီမံခန့်ခွဲရေးဆိုင်ရာ အတားအဆီးများကို တားမြစ်ပိတ်ပင်မှုမရှိခြင်းစသည့် နိုင်ငံတကာဆိုင်ရာ အတားအဆီးများကို ပြုလုပ်ခြင်းများဖြစ်သည်။<br>လူသားချင်းစာနာသော အကူအညီများဆိုသည်မှာ အသက်ရှင်ရပ်တည်ရန် ရိက္ခာပစ္စည်းများနှင့် ပဋိပက္ခအတွင်း ကျရောက်နေသူများ၏ မရှိမဖြစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အဓိကလိုအပ်သော ဝန်ဆောင်မှုများစသည့် လုပ်ဆောင်မှုများ၊ လှုပ်ရှားမှုများနှင့် လူသားနှင့် အရာဝတ္ထုအရင်းအမြစ်များအားလုံးပါဝင်သည်။<br>အခင်းဖြစ်နေရာသို့ ဆေးဝါး၊ အစားအသောက်၊ ပညာရေး၊ အခြားသောမရှိမဖြစ်လိုအပ်ချက်များပို့ဆောင်ရန် ငြင်းဆိုခြင်း၊ လူသားခြင်းစာနာမှု အကူအညီပေးနေသော ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်းများနှင့် သတ်ပစ်ခြင်း၊ နာကျင်စေခြင်းနှင့် အကူအညီလိုအပ်လျက်ရှိသော ကလေးများအတွက် ကူညီကယ်ဆယ်ရေးအဖွဲ့များကို အခြားထင်သာမြင်သာရှိသော ပိတ်ပင်တားဆီးမှုများလည်း ပါဝင်သည်။<br>လူသားချင်း စာနာသော အကူအညီများ ငြင်းဆန်ခြင်းဆိုရာတွင် ကလေးများအား ကူညီထောက်ပံ့ရန် လိုအပ်လျက်ရှိသော အစားအသောက်၊ ဆေးဝါးနှင့် ပညာရေးဆိုင်ရာ ဝန်ဆောင်မှု စသည့်အရာများ ပါဝင်သည်။ စစ်ဆေးရေး ဂိတ်များ၊ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း များစသော အုပ်ချုပ်ရေးဆိုင်ရာ နိုင်ငံရေး (သို့မဟုတ်) စစ်ရေးအရ အကန့်အသတ်များရှိ စေခြင်းဖြင့် ငြင်းဆန်ခြင်းများဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် တိုက်ရိုက် (သို့မဟုတ်) သွယ် ဝိုက်၍လည်း ဖြစ်နိုင်သည်။ ဥပမာ – ကလေး၏ လိုအပ်လျက်ရှိသော ကလေးထိန်းမရရှိစေရန် ပြုလုပ်ခြင်း။ |

## လက်တွေ့ဘဝနှင့် ဆက်စပ်ပေးခြင်း (၁)




ကြိုတင်ပြင်ဆင်ထားသည့် အဆိုးဝါးဆုံးကလေးအခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုအဖြစ်အပျက်ခြောက်ခုကို သင်တန်းသူသားများအားပေးပါ။ ထိုအဖြစ်အပျက်များသည် ဆုံးဖြတ်ချက် အမှတ် (၁၆၁၂) အရ သတ်မှတ်ထားသည့် ချိုးဖောက်မှု အမျိုးအစား (၆) ခုအနက် မည်သည့် အချက်များနှင့် အကြုံးဝင်ကြောင်း လေ့လာခိုင်းပါ။

၁။ အသက် (၁၂) နှစ်အရွယ် ယောကျ်ားလေးတဦးသည် မြေမြှုပ်မိုင်းနင်းမိသဖြင့် ခြေထောက်တဖက် ပြတ်သွားသည်။ ဆေးဝါးကုသမှု ခံယူရန် တရုတ်နိုင်ငံ ရွှေလီမြို့သို့ရောက်ရှိလာသည်။ သူသည် လက်ရှိရွှေလီ ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေလျက်ရှိသည်။

၂။ မြန်မာလူမျိုးပွဲစားတဦးမှ အသက် (၁၆) နှစ်အရွယ် မိန်းကလေးငယ်တဦးကို အိမ်ဖော်အလုပ်ရရန် မလေးရှားနိုင်ငံတွင် အလုပ်ရှာပေးခဲ့သည်။ အလုပ် (၆) လ လုပ်ခဲ့သည့်တိုင်အောင် သူမသည်လုပ်ခရရှိခြင်း မရှိသည့်အပြင် ထိုအိမ်မှအပြင်ထွက်ခွင့်၊ မြန်မာပြည်ပြန်ခွင့်ကိုလည်း ပိတ်ပင်ထားခြင်းခံနေရသည်။

၃။ အသက် (၁၆) နှစ်အရွယ် ယောကျ်ားလေးတဦးသည် စစ်တပ်အတွက် သက်ကယ်အမိုးသယ်ဖို့ သုံးရက်ပေါ်တာဆွဲခံခဲ့ရသည်။ သူ့အကြောင်းကို ကျောပိုးအိတ်ဖြင့် နယ်လှည့်ဆေးကုပေးနေသောအဖွဲ့ထံပြောပြခဲ့သည်။ သူသည်လက်ရှိမြန်မာပြည်တွင်း၌ နေထိုင်နေဆဲ ဖြစ်သည်။

၄။ အသက် (၁၄) နှစ်အရွယ်မိန်းကလေးငယ်တဦးသည် သူတို့ရွာက လယ်သမားတဦး၏ လိင်ပိုင်းဆိုင်ရာစော်ကားခြင်းကို ခံရသည်။ နောက်ထပ်စော်ကားခံရမည်ကိုစိုးရိမ်ရသောကြောင့် အမေဖြစ်သူက ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ သူမကိုပို့လိုက်သည်။ သူမသည် လက်ရှိစောင့်ရှောက်ရေးဂေဟာတွင်နေထိုင်ပြီး ရွှေ့ပြောင်းအလုပ်သမားများအတွက် ဖွင့်ထားသောကျောင်းတွင် ပညာသင်ကြားနေလျက်ရှိသည်။

၅။ ခင်ပွန်းမရှိတော့သည့် ကလေးငါးယောက်မိခင်သည် ဒေသအတွင်း လက်နက်ကိုင်လှုပ်ရှားနေသော တိုင်းရင်းသားအဖွဲ့တဖွဲ့က ထုတ်ပြန်သော တအိမ်တယောက် စစ်မှုမထမ်းမနေရအမိန့်ကြောင့် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းလာခဲ့သည်။ သူမ၏သားသမီးများသည် အသက် (၁၃၊ ၁၅၊ ၁၇၊ ၁၉၊ ၂၁) ဖြစ်သည်။

၆။ အသက် (၁၆) နှစ်အရွယ် ယောကျာ်လေးတဦးသည် ဘားအံမြို့နယ်ရှိ ရပ်ကွက်အာဏာပိုင်များက ဘားအံမြို့ကျောင်းပြုပြင် ဆောက်လုပ်ရာတွင် ကူညီရန် အမိန့်ပေးခြင်းခံခဲ့ရသည်။

**ဗဟုသုတပေးခြင်း (၂)**

## မြန်မာနိုင်ငံ အစီရင်ခံခြင်းနှင့် စောင့်ကြပ်ခြင်းလုပ်ငန်းစဉ် MRM ယန္တရားပုံစံ




KHRG Photo

## အစီရင်ခံခြင်းနှင့် စောင့်ကြပ်ခြင်းလုပ်ငန်းစဉ် MRM ယန္တယားတည်ထောင်ထားသော နိုင်ငံများ




| | | |
|---|---|---|
| ၁။ ကိုလမ်ဘီယာ | ၇။ အီရတ် | ၁၃။ မြန်မာ |
| ၂။ ဟေတီ | ၈။ အာဖဂါနစ္စတန် | ၁၄။ ဖိလစ်ပိုင် |
| ၃။ ချက် | ၉။ ကွန်ဂို | ၁၅။ နီပေါလ် |
| ၄။ ကိုတီ ဒီဗရီ | ၁၀။ ယူဂန်ဒါ | ၁၆။ သီရိလင်္ကာ |
| ၅။ ဆိုမာလီယာ | ၁၁။ ဘူရွန်ဒီ | ၁၇။ စင်ထရယ် အာဖရိက ရီပပ္ပလစ် |
| ၆။ ဆူဒန် | ၁၂။ ထိုင်း | |

### လက်တွေ့ဘာဝနှင့် ဆက်စပ်ပေးခြင်း (၂)

အဖွဲ့ (၃)ဖွဲ့ခွဲမည်။

- အဆိုးဝါးဆုံးကလေးအခွင့်အရေးချိုးဖောက်မှုသုံးခုအကြောင်း ဇာတ်လမ်းသုံးခုကိုပေးကာဆွေးနွေးစေမည်။ ထိုဇာတ်လမ်းများကို ဖတ်ခိုင်းပါ။ ထို့နောက် သတင်းကောက်ယူသည့် အသေးစိတ်ကိုယ်ရေးအချက်အလက်များဖောင်ပုံစံနှင့် မှုခင်းဖြစ်ပွားမှုတိုင်ကြားခြင်းဖောင်ပုံစံကို အဖွဲ့လိုက်ဝေပေးမည်။
- သင်တန်းသားများအနေဖြင့် ဇာတ်လမ်းတွင်ပါဝင်သောအချက်များကို လေ့လာပြီး ပါဝင်သည့်အချက်အလက်များကို သက်ဆိုင်ရာဖောင်များတွင် သင့်တော်သလိုဖြည့်စွက်ခိုင်းပါ။

### ဇာတ်လမ်း (၁)

**လူတွေ့မေးမြန်းသည့် ရက်စွဲ။** ၆ ဧပြီ ၂၀၁၀
**လူတွေ့မေးမြန်းသည့် နေရာ။** လယ်တောရွာ၊ မြန်မာနိုင်ငံ
**နာမည် ဘယ်လိုခေါ်ပါသလဲ။** နော်ပေါမို
**ဘာအလုပ်အကိုင်လုပ်ကိုင်ပါသလဲ။** ကျောင်းဆရာမ

**ဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတာကို ပြောပြပေးပါလား။**

၂၀၁၀ မတ်လ ၂၂ရက်၊ ကျမ သားနှင့်သမီးနဲ့အတူ ကျမရဲ့မိဘရွာကနေ ကော်ထာရွာသို့ အပြန်လမ်း၊ ညနေ ၄း၃၀ လောက်မှာ ဗျူဟာ ၁၀၊ ခလရ – ၃၆၉မှ စစ်သားတွေဟာ ကျောက်ခဲမြို့နယ်တောင်ပိုင်းနှင့် ရွှေတွင်းမြို့နယ် မြောက်ဘက်ခြမ်း (လယ်ဒိုး မြို့နယ်၊ ကရင်ပြည်နယ်) တို့နှင့် နယ်စပ်ဖြစ်တဲ့ ပဲခူးတိုင်းအရှေ့ဘက်ခြမ်းရှိ ကော်ထာရွာသို့ ချီတက်လာတယ်။ သူတို့စတင်ပစ်ခတ်သဖြင့် ကျမတို့မိသားစုထွက်ပြေးရာ ကျမသမီးပစ်သတ်ခံလိုက်ရတယ်။ ကျမက သမီးကိုလှည့်မကြည့်အားတော့ပဲ အသက်ဘေးလွတ်အောင် ထွက်ပြေးလာရတယ်။ ကျမသားကလည်း စစ်သားတွေရဲ့ ရိုက်နက်ခြင်းကိုခံရတယ်။ ကျမနဲ့ သားလေး ထိုစစ်သားများရဲ့ရန်မှ လယ်တောရွာသို့ ထွက်ပြေးလွတ်မြောက်လာတယ်။ လယ်တောရွာကဆေးခန်းမှာ ကျမသားဆေးကုသမှုခံယူဖို့ထားခဲ့ပြီး ကျမကသမီးအလောင်းကိုပြန်ရှာဖို့ ရွာကိုပြန်လာခဲ့တယ်။ သစ်ရွက်အချို့ ဖုံးလျက်ရှိနေသော သမီးရဲ့အလောင်းကို တောထဲမှာတွေ့ရတယ်။

**ကလေးတွေက အသက်ဘယ်လောက်ရှိပြီလဲ။**
သမီးအသက်ဘယ်လောက်မှန်းတော့ အတိအကျမသိတော့ဘူး။ သားကတော့ ၈ နှစ် ရှိပြီ။

**သမီးမွေးတဲ့အချိန်မှာ ဘယ်လိုမျိုးထူးခြားတဲ့ အဖြစ်အပျက်တွေရှိခဲ့တယ်ဆိုတာကို ပြောပြပေးနိုင်မလား။ ဥပမာ– မိုးရာသီလား၊ နွေရာသီလား၊ ဘယ်နေရာက တောင်ယာကို ခုတ်နေတဲ့အချိန် သို့မဟုတ် စပါးရိတ်နေတဲ့အချိန်မှာလဲ။**
ကျမမှတ်မိသလောက်က အဲဒီနှစ်မှာ မုန်တိုင်းကြီးကျပြီး ရေကာတာကျိုးလို့ လူတွေအများကြီးသေတဲ့နှစ်ပဲ။ ကျမတို့ စပါးစိုက်ဖို့ ပြင်နေတဲ့ အချိန်မှာ မွေးတာ။

**ကလေးတွေရဲ့နာမည် ဘယ်လိုခေါ်လဲ။**
သားနာမည်က ဗလ၊ သမီးနာမည်က ဗိုပါ။

**အခုဘယ်မှာ နေလဲ။**
အခုလောလောဆယ်တော့ ကျမမိဘနဲ့အတူ လယ်တောရွာမှာ နေပါတယ်။

## ဇာတ်လမ်း (၂)

**လူတွေ့မေးမြန်းသည့် ရက်စွဲ။** ၃ ဇန်နဝါရီ ၂၀၁၀
**လူတွေ့မေးမြန်းသည့် နေရာ။** မဲဆိုင်၊ ထိုင်းနိုင်ငံ
**နာမည် ဘယ်လိုခေါ်ပါသလဲ။** ခွန်မင်းမင်း
**ဘာအလုပ်အကိုင်လုပ်ကိုင်ပါသလဲ။** ကျနော် လယ်သမား ပါ။
**ခင်ဗျားသားနဲ့ ပတ်သက်ပြီး ဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတာကို ပြောပြပေးပါလား။**
တခါတခါ ကျနော့်ကလေးအကြောင်း ပြန်ပြောပြဖို့ သိပ်မလွယ်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ ကျနော့်ကလေးနဲ့ပတ်သက်ပြီး အခုချိန်ထိ ဝမ်းနည်းပူဆွေး၊ နာကျင်နေတုန်းပါပဲ။ ဒါပေမယ့် ကျနော်အတတ်နိုင်ဆုံး ကြိုးစားပြီးပြောပြသွားမှာပါ။

၂၀၀၉ နိုင်ဝင်ဘာလ ၂၀ရက် တုန်းက ဒေသလွတ်မြောက်ရေးတပ်က စစ်တပ်ကို ကျနော်တို့ရွာနားမှာ တိုက်ပွဲဖြစ်ပွားခဲ့တယ်။ အဲဒီအချိန်တုန်းက ကျနော့်သားဟာ အသက် ၁၆ နှစ် ပဲရှိပါသေးတယ်။ သူဟာ မန်ကိုင်မြို့နယ်က ကျောင်းတကျောင်းမှာ ပညာသင်ကြားနေတယ်။ သူ့ကို ထိုတိုက်ခိုက်မှုမှာ ပါဝင်ပတ်သက်နေတယ်ဆိုတဲ့ အထင်ဖြင့် ဒီဇင်ဘာလ ၁ ရက် ၂၀၀၉မှာ အဖမ်းခံခဲ့ရတယ်။ ကျနော်က အဲဒီအချိန်ကရွာဥက္ကဌဆိုတော့ ကျနော့်ကိုလည်း စစ်တပ်က ဒေသလွတ်မြောက်ရေးတပ်ကို တနည်းနည်းနဲ့ထောက်ပံ့နေတယ်ဆိုပြီး သံသယဝင်ခြင်းခံနေရတယ်။ ဒေသခံစစ်ဗိုလ် တဦးရဲ့အကြံပေးချက်အရ ကျနော်မန်ကိုင်မြို့ကို စွန့်ပြီး ထိုင်းနိုင်ငံ မဲဆိုင်မြို့ကို ထွက်ပြေးလာခဲ့တယ်။ ကျနော့် သားအငယ်ဆုံးဖြစ်တဲ့ စိုင်းစိုးက စစ်တပ်မှ ဖမ်းဆီး၊ ထိန်းသိမ်းခံရပြီးနောက် သံလွင်မြစ်နားမှာ သူ့ကိုသတ်ပစ်လိုက်ကြတယ်။

**ခင်ဗျားသား အသတ်ခံရတာနဲ့ပတ်သက်ပြီး ဘယ်လိုသိခဲ့ရလဲ။**
ကျနော် မန်ကိုင်ကိုရောက်တဲ့အချိန် စီးပွားရေးလုပ်နေတဲ့ အမျိုးသမီးတယောက်က ပြောပြလို့ သိခဲ့ရတယ်။

**အဲဒီအမျိုးသမီးက ဘယ်လိုအဲဒီအကြောင်းကို သိလာသလဲ။**
ကျနော့်သားအသတ်ခံလိုက်ရတဲ့နေရာကို သံလွင်မြစ်နားက ရွာသားတွေရဲ့ပြောပြချက်အရ သိလာတာပါ။

**အဲဒီအကြောင်း သိပြီးတဲ့နောက် ခင်းဗျားဘာတွေ လုပ်ခဲ့လဲ။**
ကျနော့်သားအသတ်ခံရတဲ့နေရာကို လိုက်သွားပြီး ဘယ်နေရာမှာ မြှုပ်ထားသလဲဆိုတာကို လိုက်စုံစမ်းပါတယ်။ ဒါပေမယ့် အဲဒီနေရာ ပတ်ပတ်လည်မှာ စစ်တပ်တွေနဲ့ပြည့်နေတယ်။ ကျနော် နောက်ဆုံး သူ့ရဲ့သင်းချိုင်းကို တွေ့လိုက်ရပေမယ့် သင်းချိုင်းအနားကို ဘယ်သူမှ မကပ်ရဲကြဘူး။ တလကြာတော့ ရွာသားတွေက အစောင့်စစ်သားတွေပြန်သွားတာနဲ့ ကျနော့်ကို အကြောင်းကြားပေးလို့ ကျနော်အဲဒီနေရာကို ပြန်လာခဲ့တယ်။ ကျနော် သင်းချိုင်းကို ပြန်တူးကြည့်လိုက်တဲ့ခါ ကျနော့်သားရဲ့ အဝတ်အစားတွေကို တွေ့လိုက်ရတယ်။ ကျနော့်သားရဲ့ ကျန်ရှိနေတဲ့အရာတွေအားလုံးကို ကျနော်တို့ရွာကိုပြန်ယူသွားပြီး ရွာမှာပဲပြန်သင်းဂြိုလ်လိုက်တယ်။

**ခင်ဗျားသား ဘယ်လိုအသတ်ခံလိုက်ရသလဲ ဆိုတာကို စုံစမ်းဖော်ထုတ်နိုင်ခဲ့ရဲ့လား။**
ကျနော့်သားကို ညနေ နေဝင်ချိန်လောက်မှာ သတ်လိုက်ကြတယ်။ ရွာသားတွေရဲ့ပြောပြချက်အရ ခမရ – ၂၃၈ စစ်သားများ ဒီဇင်ဘာလ ၃ ရက်နေ့မှာ ကျနော့်သား စိုင်းစိုးနဲ့အတူ ရွာကိုရောက်လာကြပြီး ပေါက်တူးတလက်ကိုတငှားခဲ့တယ်။ သူတို့ ကျနော့်သားကို မျက်စိပုဝါစည်းကာ သေနတ်နဲ့ပစ်သတ်လိုက်ပြီး ကျင်းတူးမြှုပ်လိုက်ကြတယ်။ ကျနော် ဒီလောက်အသေးစိတ် ကျနော့်မိန်းမကိုတောင် မပြောပြဖူးဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူ့ဆီမှာ ဒါတွေကို နားထောင်နိုင်စွမ်းအားရှိမှာမဟုတ်ဘူး။ ကျနော့်သားရဲ့ ဦးခေါင်းကိုသေနတ်နဲ့ပစ်ပြီး သတ်လိုက်တာပါ။ သူ့ရဲ့အလောင်းကို စစ်ဆေးကြည့်တဲ့အခါ ဦးနှောက်အပိုင်းအစများနှင့် ဦးခေါင်းခွံကျိုးပဲ့နေတာကို တွေ့ရတယ်။

## ဇာတ်လမ်း (၃)

**လူတွေ့မေးမြန်းသည့် ရက်စွဲ။** ၃ မတ်လ ၂၀၁၁
**လူတွေ့မေးမြန်းသည့် နေရာ။** ပဲခူး၊ မြန်မာနိုင်ငံ
**နာမည် ဘယ်လိုခေါ်ပါသလဲ။** ဒေါ်ခင်ဆွေဦး
**ဘာအလုပ်အကိုင်လုပ်ကိုင်ပါသလဲ။** ဈေးရောင်း

**ခင်ဗျားသားနဲ့ ပတ်သက်ပြီး ဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတာကို ပြောပြပေးပါလား။**
အသက် ၁၄ နှစ် မပြည့်သေးတဲ့ မောင်မင်းဆွေဦးကို ဖေဖော်ဝါရီလ ၁ ရက်နေ့က တောင်တန်းအခြေစိုက် အမြောက်တပ် ၁၀၁၅ က အရာခံဗိုလ်မျိုးသန့်နဲ့ စစ်သားတဦးက လိမ်လည်ခေါ်ဆောင်ပြီး၊ ကျောက်လယ် လလရ (၇) ကို ပို့ဆောင်ပြီး ရောင်းစားခံလိုက်တယ်။ မောင်မင်းဆွေဦးဟာ ကျောက်လယ်ကနေ မြေလတ်စစ်သားစုဆောင်းရေးမှာ ဆေးစစ်ခံခဲ့ရပါတယ်။ သူ့မှာနလုံးရောဂါရှိတယ် စစ်တပ်ထဲမဝင်ချင်ဘူးလို့ငြင်းဆန်ပေမဲ့ တာဝန်ကျတဲ့ဆရာဝန်ဗိုလ်မှူးက လက်မခံပဲ ကျောက်လယ် လလရ (၇) ကို ပြန်လွှဲပေးခဲ့ပါတယ်။ နောက်ဆုံး ပင်ပေါင်းလေ့ကျင့်ရေးတပ် အမှတ် (၄) မှာ ၄ လ စစ်သင်တန်း တက်ခဲ့ရတယ်လို့ ဆိုပါတယ်။

## ဆွေးနွေးရန်

- ဘယ်လိုအမှုမျိုးက MRM သို့ တင်သွင်းနိုင်တဲ့အမှုတွေဖြစ်ပါသလဲ။
- အမှုတင်သွင်းနိုင်ဖို့လိုအပ်သော သတင်းအချက်အလက်အားလုံး သင့်လက်ထဲမှာ ရှိနေပြီလား။ (သတင်းအချက်အလက်များပြည့်စုံပါသလား)
- ဒီသတင်းအချက်အလက်တွေကို အသုံးပြုပြီး MRM သို့တင်သွင်းမည့် ပုံစံဖောင်ကို အောင်မြင်စွာ ဖြည့်နိုင်မလား။
- MRM ဖောင် ၂ စောင်ကို တယောက်တစုံစီဝေပြီး လက်တွေ့ဖြည့်စွက်စေပါ။ (မှတ်ချက် – ဖောင်ပုံစံသည် အချပ်ပို ၁ နှင့် ၂ တွင်ရှိသည်။)

## နားလည်မှုစစ်ဆေးခြင်း

- MRM အတွက် သတင်းအချက်အလက်ကောက်ယူတင်ပြနိုင်ပါက ကလေးတွေအတွက် ဘာအကျိုးကျေးဇူးများ ရရှိနိုင်မလဲ။

## လိုအပ်သောအရာများ

- ကလေးများအပေါ် အဆိုးဝါးဆုံးချိုးဖောက်မှု (၆)ခုနှင့် သက်ဆိုင်သော စာရွက်အပိုင်းများ
- ကလေးများအပေါ် အဆိုးဝါးဆုံးချိုးဖောက်မှု (၆)ခုနှင့် သက်ဆိုင်သော အဖြစ်အပျက် ဇာတ်လမ်းများ
- ကလေးများအပေါ် အဆိုးဝါးဆုံးချိုးဖောက်မှု (၆)ခုနှင့် သက်ဆိုင်သော မေးခွန်းများ
- MRM ဖောင်ပုံစံမိတ္တူများ

## လေ့လာရန်

- ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အမှတ် ၁၆၁၂
- လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများဆိုင်ရာ နိုင်ငံတကာ စာချုပ်စာတမ်းများ
- အစီရင်ခံခြင်းနှင့် စောင့်ကြပ်ခြင်းလုပ်ငန်းစဉ် MRM ယန္တယားတည်ထောင်ထားသော နိုင်ငံများအကြောင်း
- Children and armed conflict Report of the Secretary-General April 2011



သင်ခန်းစာ (၁၀)

# ဆန္ဒမွန်ကတိပြုမှုစာချွန်လွှာ

## ရည်ရွယ်ချက်

- လက်နက်ကိုင်အုပ်စုများအတွင်း ကလေးများကိုကာကွယ်ပေးခြင်းဆိုင်ရာ ဆန္ဒမွန်ကတိပြုမှုစာချွန်လွှာ အကြောင်း သိရှိလာစေရန်။
- ဆန္ဒမွန်ကတိပြုမှုစာချွန်လွှာရေးထိုးခြင်း၏ အကျိုးကိုသိလာစေရန်။
- လက်နက်ကိုင်အုပ်စုများအတွင်း ကလေးများကိုကာကွယ်ပေးခြင်းမူဝါဒများရေးဆွဲချမှတ်လာနိုင်စေရန်။

## လှုပ်ရှားမှု . . .

- အုပ်စု (၃)စုဖွဲ့ပြီး ကရင်အမျိုးသားအစည်းအရုံး/ကရင်လွတ်မြောက်ရေးတပ်မတော်နှင့် ယူနီဆက်ဖ် ရေးထိုးထားသော ကလေးစစ်သားအသုံးပြုမှု ရပ်တန့်ရေး ဆန္ဒမွန်ကတိပြုမှုစာချွန်လွှာများကို လေ့လာ စေပါ။

## ဆန္ဒမွန်ကတိပြုမှုစာချွန်လွှာ

**အမျိုးသားတံဆိပ်**
**အမြင့်ဆုံး ဗဟိုဌာနချုပ်**
**ကရင်အမျိုးသား အစည်းအရုံး**
**ကော်သူးလေ**

မတ်လ၊ ၄ ရက် ၂၀၀၇။

**ဆန္ဒမွန်ကတိပြုစာချွန်လွှာ**

ကလေးအခွင့်အရေးစာချုပ်တွင် ပြဋ္ဌာန်းထားသော အဓိပ္ပါယ်အရ ကလေးဆိုသည်မှာ အသက် ၁၈ အောက်လူတိုင်းကို ဆိုလိုခြင်းဖြစ်ကြောင်းကို အခိုင်အမာ ထောက်ခံပါသည်။

ကလေးများသည် ခန္ဓာကိုယ်ဖွံ့စည်းပုံအရနှင့် စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်လွယ်သူများဖြစ်သောကြောင့် အထူးနှင့်တင့်သင့်လျောက်ပတ်သော ကာကွယ်မှု၊ အကူအညီ၊ စောင့်ရှောက်မှုများလိုအပ်ကြောင်းကို ခြွင်းချက်မရှိ အသိအမှတ်ပြုပါသည်။

လုံခြုံမှုနှင့် ငြိမ်းချမ်းတဲ့အခြေအနေမှာ ကလေးများသည် အထူးကာကွယ်ခွင့်များနှင့် ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်တိုးတက်လာစေရန် ကလေးအခွင့်အရေးများ လိုအပ်ကြောင်းကို အခိုင်အမာယုံကြည်ပါသည်။

မိဘများနှင့် အုပ်ထိန်းသူများ၏ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် စည်းလုံးညီညွတ်မှု၊ တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ စိတ်ရှည်သည်းခံမှု၊ လူ့ဂုဏ်သိက္ခာရှိမှု၊ ငြိမ်းချမ်းမှုများကို ချစ်မြတ်နိုးသောစိတ်ဓာတ်များကို ပျိုးထောင်ပေးရန်နှင့် လူမှုဘဝထဲသို့ ကောင်းမွန်စွာဝင်ဆံ့နိုင်ရန် ကလေးတဦးချင်းဘဝမှစတင်၍ အပြည့်အဝလေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်သည်ဟု ရှုမြင်သုံးသပ်ပါသည်။

ထိုင်း၊ မြန်မာနယ်စပ်တလျှောက်ရှိကလေးများနှင့် မြန်မာပြည်တွင်းထဲရှိကလေးများ၏ ဘဝအခြေအနေတိုးတက်လာရန်အတွက် ပူးပေါင်းလုပ်ဆောင်မှု အရေးကြီးကြောင်းကို အသိအမှတ်ပြုပါသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးတိုင်း၏ ရိုးရာ၊ ဓလေ့၊ ထုံးတမ်းများ၏ တန်ဖိုးများကို ကာကွယ်တတ်လာရန်နှင့် ကလေးတိုင်း ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထားဂရုပြုပါသည်။

ဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးအဓွန့်ရှည်မှုကို ထိခိုက်နစ်နာအန္တရာယ်ဖြစ်စေသောနှင့် လက်နက်ကိုင်ပဋိပက္ခကြောင့် ကျယ်ကျယ်ပြန့်ပြန့် ကလေးများအပေါ် ရေရှည်အကျိုးဆက်များသက်ရောက်နိုင်သည့်ဆိုးကျိုးများအပေါ် စိုးရိမ်ပူပန်ပါသည်။

မြန်မာပြည်တွင်းနှင့် ထိုင်းမြန်မာနယ်စပ်တလျှောက်ရှိကလေးများသည် ကြိုတင်မှန်းဆ၍မရသော အခက်အခဲများအကြားတွင် နေထိုင်နေရသောကလေးများအတွက် အထူးစဉ်းစားပေးဖို့လိုအပ်ကြောင်းကို နားလည်သဘောပေါက်သည်။

ကလေးများကို စစ်သားအဖြစ် စုဆောင်းအသုံးပြုခြင်းကို ရှုံ့ချသည်။

ကလေးစစ်သားဆိုသည်မှာ အသက်(၁၈)နှစ်အောက် ရှိသူဖြစ်ပြီးအမြဲတမ်း စစ်တပ် (သို့မဟုတ်) အမြဲတမ်းမဟုတ်သော စစ်တပ် (သို့မဟုတ်) လက်နက်ကိုင် အုပ်စုများ၌ လက်နက်ကိုင်၍ တိုက်ပွဲတွင်ကိုယ်တိုင်ပါဝင်သည့်သူများကိုသာ ဆိုလိုခြင်းမဟုတ်ပဲ ထမင်းချက်၊ ပစ္စည်းထမ်း၊ သတင်းပို့၊ သူလျှိုစသောတာဝန်ထမ်း ဆောင်နေခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်အတွက်ဖြစ်စေ ခေါ်ယူထားသူများလည်း ကလေးစစ်သားအဖြစ်စေခိုင်းမှုတွင်အကြုံးဝင်သည် – ဆိုသော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို သဘောတူပါသည်။

လက်နက်ကိုင်အုပ်စုများနှင့် တပ်များအတွင်းဆက်စပ်ပတ်သက်နေသောကလေးများကို ကာကွယ်ဖို့ရန်ပြဌာန်းလိုက်သော အောက်ပါနိုင်ငံတကာစာချုပ် များကို ကြိုဆိုပါသည်။ **ကလေးများလက်နက်ကိုင်ပဋိပက္ခအတွင်း ပါဝင်ပတ်သက်ခြင်းဆိုင်ရာ နောက်ဆက်တွဲစာချုပ်။** ဤစာချုပ်သည် ကလေးများအား တပ်သားအဖြစ်လက်ခံခြင်းနှင့် လက်နက်ကိုင်တိုက်ပွဲအတွင်း ပါဝင်ခွင့်ပြုသည့်အသက်ကို ၁၈နှစ်သို့ တိုးမြှင့်သတ်မှတ်ထားသည်။ **အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်ဆုံးဖြတ်ချက် – ၁၈၂** တွင် **အဆိုးဝါးဆုံး ကလေးလုပ်အားစေခိုင်းမှုအဖြစ်** ကလေးများကို လက်နက်ကိုင်ပဋိပက္ခအတွင်းအသုံးပြုရန်အတွက် အဓမ္မတပ်သားသစ် စုဆောင်းခြင်းကို တားမြစ်ထားသည်။ **နိုင်ငံတကာရာဇဝတ်မှုတရားရုံးဆိုင်ရာ ရောမဥပဒေသ**တွင် အသက် ၁၅ နှစ်အောက်ကလေးများကို စစ်ထဲအမည်စာရင်းသွင်းခြင်း၊ တပ်သားအဖြစ်စုဆောင်းခြင်း၊ ပြည်တွင်းစစ်နှင့် နိုင်ငံတကာနှင့်ဖြစ်သောစစ်များအတွင်း စစ်မြေပြင်တွင်အသုံးပြုခြင်းကို စစ်ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားသည်။

လုံခြုံရေးကောင်စီ၏ ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ဆုံးဖြတ်ချက်အမှတ် ၁၆၁၂ (၂၀၀၅) နှင့် အခြားသောလက်နက်ကိုင် ပဋိပက္ခအတွင်းရှိ ကလေးများဆိုင်ရာ ဆုံးဖြတ်ချက်အမှတ်များနှင့် ဤလိုက်နာရန်လိုအပ်သည့် နိုင်ငံတကာ စံချိန်စံညွှန်းများကို လေးစားသိမှတ်ပြုသည်။

ကလေးအခွင့်အရေးစာချုပ်မှု၊ ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ နောက်ဆက်တွဲစာချုပ်မူများအရ လိုအပ်သလိုချက်ချင်းအရေးယူရန် လုပ်ဆောင်သွားပါရန် အောက်ပါအတိုင်း ကတိ၊ အဓိဌာန်ချကြေငြာအပ်ပါသည်။

၁) ကျွန်ုပ်တို့သည် ၁၈နှစ်အောက် ကလေးများကို မည်သည့်အခြေအနေတွင်ဖြစ်ပါစေ အပျော်တမ်းတပ်သား (အရံတပ်သား) အဖြစ်၄င်း၊ အဓမ္မအားဖြစ်သော်လည်းကောင်း စစ်တပ်ထဲသွင်းခြင်း။ အသုံးပြုခြင်းကို မပြုပါ။
၂) ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်အတွင်း ကလေးစစ်သားသစ်စုဆောင်ခြင်းနှင့် အသုံးပြုခြင်းများကိုကာကွယ်ရန် အတတ်နိုင်ဆုံးစစ်ဆေး အရေးယူဆောင်ရွက်သွားမည်။
၃) ကျွန်ုပ်တို့၏ ကတိ၊ အဓိဌာန်အတိုင်း နောက်ဆက်တွဲစာချုပ်မူများ၊ လိုက်နာသင့်သည်ပြဌာန်းချက်များကို စောင့်ထိန်းလိုက်နာမှုရှိ၊ မရှိ အခြေအနေများကို စောင့်ကြပ်ရန် လွတ်လပ်သောအဖွဲ့အစည်းများကို လာရောက်စစ်ဆေးဖို့ သဘောတူ၊ ခွင့်ပြုပါမည်။
၄) ကျွန်ုပ်တို့၏ အဖွဲ့အစည်းအတွင်းနှင့် ကျွန်ုပ်တို့နှင့် ဆက်စပ်နေသောလူမှုအသိုင်းအဝိုင်းအတွင်း နောက်ဆက်တွဲပြဌာန်းချက်များနှင့် မူများကို ကျယ်ကျယ်ပြန့်ပြန့်သိလာစေရန် အသိပညာပေးခြင်းနှင့် တိုးတက်လာစေရန် စနစ်တကျသင့်တင့်သောနည်းလမ်းအတိုင်း လုပ်ဆောင်သွားမည်။
၅) ကျွန်ုပ်တို့၏ စီရင်ပိုင်ခွင့်၊ ကာကွယ်နိုင်မှုနယ်နမိတ်အတွင်းရှိကလေးများကို တပ်သားအသစ်စုဆောင်းခြင်းနှင့် ရှေ့တန်းတွင်ရှိနေသောကလေးများကို စစ်မှုထမ်းအဖြစ်မှရပ်စဲခြင်း သို့မဟုတ် တာဝန်ထမ်းဆောင်နေရာမှထွက်ခွင့်ပြုခြင်း ကုလသမဂ္ဂလုံခြုံရေးကောင်းစီ၏ ဆုံးဖြတ်ချက်အမှတ် ၁၆၁၂ ဖော်ပြထားသည့်အတိုင်း ပြီးပြည့်စုံသော လက်တွေ့လုပ်ငန်းများ၊ ကုလသမဂ္ဂမှ နိုင်ငံအလိုက်ဆိုင်ရာအဖွဲ့များနှင့်တိုးမြင့်၍ အနီးကပ်ပူးပေါင်းလုပ်ဆောင်မှုများကို အတတ်နိုင်ဆုံးစစ်ဆေး အာမခံတာဝန်ယူသွားမည်။
၆) ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်အတွင်းရှိကလေးများကို လူမှုအသိုင်းအဝိုင်းအတွင်းသို့ပြန်လည်အသားကျပေါင်းစည်းနိုင်ရန် စစ်မှုထမ်းအဖြစ်မှရပ်စဲခြင်း သို့မဟုတ် တာဝန်ထမ်းဆောင်နေရာမှထွက်ခွင့်ပြုခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ကျန်းမာလာစေရန်အတွက် အန်ဂျီအိုများနှင့် နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများမှ သင့်တင့်သောအကူအညီများ ထောက်ပံ့ရာတွင် ပါဝင်ကူညီလုပ်ဆောင်ပေးမည်။
၇) လက်နက်ကိုင်ပဋိပက္ခအတွင်းကလေးများကို တပ်သားသစ်စုဆောင်းခြင်းနှင့် အသုံးပြုရန် ဦးတည်စေသောမည့်သည့် လုပ်ရပ်ကိုမဆို တားဆီးခြင်းအပါအဝင် နောက်ဆက်တွဲစာချုပ်ပါမူများ အတိုင်းအကောင်အထည်ဖော် ဆောင်ရွက်သောအခြားနိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်။

လက်မှတ်။ ––––

**စောဘသင်စိန်**
ဥက္ကဌ
ကရင်အမျိုးသားအစည်းအရုံး
(မှတ်ချက်။ သင်ကြားရေးရည်ရွယ်ချက်ဖြင့် ဘာသာပြန်ထားခြင်းဖြစ်သည်။ တရားဝင် ဘာသာပြန်ထားခြင်း မဟုတ်ပါ။ အတိအကျကိုသိရှိလိုပါက အချပ်ပိုတွင် ကြည့်ရှုပါ)

## ဆွေးနွေးရန်

- ဘာအကြောင်းအရာကို အဓိကရေးထားလဲ။
- ဘာတွေထူးခြားတာ တွေ့ရလဲ။
- ဘာ့ကြောင့် ဒီလိုစာချွန်လွှာကို လက်မှတ်ရေးထိုးတယ်လို့ ထင်လဲ။
- အခုလိုရေးထိုးလိုက်တဲ့အတွက် ဘာအကျိုးရှိနိုင်မယ်ထင်သလဲ။

(၂၀၁၀နှောင်းပိုင်းမှစပြီး ဂျီနီဗာကော ဟုခေါ်သော ဂျီနီဗာတောင်းဆိုမှုအဖွဲ့နှင့် မြန်မာနိုင်ငံရှိတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့အကြား သဘောတူလက်မှတ်ထိုးထားသည့် ဆန္ဒမွန်ကတိပြုမှုစာချွန်လွှာတွင်ပါသောအကြောင်းအရာများကို လေ့လာကြရအောင်)

ဗဟုသုတ

**လက်နက်ကိုင်ပဋိပက္ခများ၏ သက်ရောက်မှုများခံစားရသော ကလေးသူငယ်များအား ကာကွယ်ရေးနှင့် ပတ်သက်၍ ဂျီနီဗာတောင်းဆိုမှုအဖွဲ့ (Geneva Call) နှင့် ချုပ်ဆိုသော နားလည်မှုစာချွန်လွှာ (DoC)**

**သင့်လျော်သော အာဏာလုပ်ပိုင်ခွင့် ပေးထားသည့်ကိုယ်စားလှယ် (များ) မှတဆင့် လက်မှတ်ရေးထိုးထားသည့်**
**မိမိတို့၏ ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... အဖွဲ့သည်**

လက်နက်ကိုင် ပဋိပက္ခများသည် ကလေးသူငယ်များ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားတရပ်လုံး၏ လုံခြုံရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တခုလုံးအပေါ် အန္တရာယ်ပြုစေသောနှင့် ကျယ်ကျယ် ပြန့်ပြန့်ဖြစ်စေသော သက်ရောက်မှုများဖြစ်စေသည့် အပေါ် စိုးရိမ်မိစေခြင်း။

အရပ်သားပြည်သူများ အထူးသဖြင့် ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးကို ပဓာနထည့်သွင်းစဉ်းစားကာ ကလေးများအပေါ် စစ်ရေးလုပ်ဆောင်မှုများ၏ သက်ရောက်မှုများ သို့မဟုတ် အန္တရာယ်ဖြစ်စေမှုများမှ ကာကွယ်ပေးရန် ဆုံးဖြတ်ထားချက်များ၊ ထို့အပြင် ကလေးများ၏ အသက်ရှင်ရပ်တည်ခွင့်၊ လူ့ဂုဏ်သိက္ခာရရှိခွင့်၊ ပညာသင်ကြားခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့်များကို လေးစားခြင်းများကို ရရှိစေရမည် ဟုဆိုသော မိမိတို့၏ ဆုံးဖြတ်ထားချက်များကို ထပ်လောင်းအတည်ပြုစေခြင်း။

လက်နက်ကိုင်တပ်များနှင့် ဆက်စပ်ပတ်သက်မှုရှိနေသော ကလေးသူငယ်များသည် ဆန့်ကျင်ဘက် လက်နက်ကိုင်တပ်များ ၏ တိုက်ခိုက်မှုကို ခံရစရာအခြေအနေမှာ အထူးကျရောက်နေသည်ဟူ၍ အသိအမှတ်ပြုထားခြင်း။

နိုင်ငံတကာ ဥပဒေများ အထူးသဖြင့် ကလေးများကို အထူးကာကွယ်ပေးထားသည့် ဂျီနီဗာစာချုပ်များနှင့် ကလေးသူငယ် အခွင့်အရေးစာချုပ်နှင့် ၎င်း၏ နောက်ဆက်တွဲစာချုပ် ဖြစ်သော လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးများ ပါဝင်မှုဆိုင်ရာ စာချုပ်များတွင် ပါဝင်သည့် စံချိန်စံညွှန်းများ ကို ထည့်သွင်း စဉ်းစားခြင်း၊ ထို့အပြင် အသက်(၁၈) နှစ်အောက် ဖြစ်သူများကို စစ်မှုထမ်းစေခြင်းနှင့် အန္တရာယ်ရှိသော အခြေအနေများတွင် အသုံးပြုစေခြင်းအပေါ် မိမိတို့၏ တာဝန်ရှိခြင်းများကို ထင်ရှားပေါ်လွင်စေရန် ဆုံးဖြတ်ထားခြင်း။

အသက် (၁၅) နှစ်အောက် ကလေးငယ်များကို စစ်တပ်တွင်း၊ သို့မဟုတ် အဖွဲ့အုပ်စုများအတွင်းဝင်ရောက်ရန် စုဆောင်းခြင်း၊ သို့မဟုတ် အန္တရာယ်ရှိသော အခြေအနေမျိုးထဲတွင် တက်ကြွစွာပါဝင်စေခြင်းများအပေါ် အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုတရားရုံး ဥပဒေသများက ရာဇဝတ်မှု အဖြစ်သတ်မှတ်ထားသည်ကို သတိမူမိခြင်း။

အဖွဲ့အစည်းတစုံတရာအနေနှင့် လက်နက်ကိုင်တိုက်ပွဲမှာ ကလေးသူငယ်များအပေါ် ဥပဒေမဲ့ ပြုမူမှုအတွက် မည်သည့်အကြောင်းပြချက်ဖြင့်ဖြစ်စေ အကြောင်းပြချက်ပေးနိုင်သည် ဟူသောအဆိုကို ငြင်းပယ်ခြင်း။

နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ စံချိန်စံညွှန်းများသည် လက်နက်ကိုင်ပဋိပက္ခများတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အားလုံးအပေါ် သက်ရောက်မှုရှိပြီး တာဝန်ရှိစေသည် ဆိုသောအချက်ကို လက်ခံခြင်း။

ယခုချမှတ်ထားသော အဓိဋ္ဌာန်သည် မိန်းကလေးနှင့် ယောကျ်ားလေးများ နှစ်မျိုးစလုံးအပါအဝင် ကလေးများအားလုံးကို ကာကွယ်ပေးသည်ဟု အထူးထပ်လောင်း ပြောဆိုခြင်း။

**ထို့အပြင် ဤဆောင်ရွက်ပေးစရာ လုပ်ဆောင်ချက်များ (DoC) ၏ ရည်မှန်းချက်များအတွက် အောက်ပါအချက်ကို နားလည်သဘောပေါက်ထားပါသည်။**

“ကလေးသူငယ်များ”ဆိုသည်ကို အသက် (၁၈) နှစ်အောက် အရွယ်ရှိသူများဟု အဓိပ္ပါယ်သတ်မှတ်ထားကြောင်း၊အသက် (၁၈) နှစ် ပြည့် – မပြည့် မသိနိုင်သောနေရာများ၌ သူ – သူမ ကို ကလေးသူငယ်အဖြစ် သဘောထားရမည် ဖြစ်ကြောင်း။

ထိုအတွက်ကြောင့် အောက်ပါအခြေအနေသတ်မှတ်ချက်များကို အဓိဋ္ဌာန်ပြုအပ်ပါသည်။

၁) အန္တရာယ်ရှိသော အခြေအနေများတွင် ကလေးသူငယ်များအား အသုံးပြုခြင်းအား လုံးဝပိတ်ပင်ခြင်းကို ခိုင်မာစွာ ကျင့်သုံးပါမည်။

၂) ကလေးသူငယ်များကို ဆန္ဒရှိသည့်ကြောင့်ဖြစ်စေ၊ အတင်းအကျပ်ဖြစ်စေ မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့များသို့ဝင်ရောက်ရန် စေခိုင်းခြင်း မရှိစေရန် သေချာအောင်လုပ်ဆောင်ပါမည်။ ကလေးသူငယ်များကို မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့များသို့ ဝင်ရောက်စေခြင်း၊ သို့မဟုတ် ဆက်လက်ရှိနေစေခြင်းများ ခွင့်မပြုပါ။

၃) ကလေးသူငယ်များကို မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်နွယ်ပတ်သက်စေခြင်းများ သို့မဟုတ် ဆက်လက်ပါဝင်ပတ်သက်စေခြင်းများကို မည်သည့်အခါမှ မပြုမူပါ။ ဆက်နွယ်ပတ်သက်မှုဟုဆိုရာတွင် စစ်ပွဲများနှင့်အခြားလုပ်ငန်းများတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားနည်းဖြင့် ကူညီဆောင်ရွက်မှုဖြစ်စေ၊ မည်သည့်နည်းမျိုးကိုမဆို ဆိုလိုသည်။ ကလေးသူငယ်များကို ထိုသို့လုပ်ဆောင်မှုများရှိပါက ယခုနားလည်မှုစာချွန်လွှာ၏ အပိုဒ် (၅) အရ ထိုကလေးများကို ဖြစ်နိုင်သမျှ အစောဆုံးအချိန်တွင် ပြန်လွှတ်ပေးမည်။

၄) စစ်ဆင်ရေးအချိန်များအတွင်း မိမိတို့၏ လက်နက်ကိုင်အဖွဲ့များနှင့် အတူ ကလေးသူငယ်များ လိုက်ပါနေခြင်းများ မရှိစေရန်နှင့် စစ်ဆင်ရေးအချိန်အတွင်း မိမိတို့ထိမ်းချုပ်ထားသောနယ်မြေဒေသထဲ၌ ကလေးများရှိမနေရအောင် လုပ်ဆောင်နိုင်မည့် အချက်များအားလုံးကို သေချာအောင် လုပ်ဆောင်ပါမည်။

၅) လက်နက်ကိုင်ပဋိပက္ခနှင့်ပတ်သက်၍ ချုပ်နှောင်ခြင်း၊ သို့မဟုတ် ထောင်ချခြင်းခံရသော ကလေးသူငယ်များအပေါ် သူတို့၏ အသက်အရွယ်နှင့် လိင်ကွဲပြားမှုအလိုက် ညှာတာစွာ ဆက်ဆံမည်ဖြစ်ပြီး သူတို့၏လွတ်လပ်မှုကို ဖယ်ရှားလိုက်ခြင်းသည် အခြားနည်းများ မရှိတော့သည့် နောက်ဆုံးလုပ်ဆောင်ချက်မျိုးဖြစ်ရမည်ဖြစ်ပြီး သင့်လျော်သည့် အတိုဆုံး အချိန်မျိုးသာ ဖြစ်ရမည်။ ကလေးအရွယ်အချိန်အတွင်း ကျူးလွန်သည့် ပြစ်မှုတခုခုကြောင့် မည်သူတဦးတယောက်ကိုမှ သေဒဏ်ချမှတ်ခြင်း၊ သို့မဟုတ် အပြစ်ပေးခြင်း လုပ်ဆောင်မည် မဟုတ်ပါ။

၆) မိမိတို့၏လက်နက်ကိုင်တပ်ဖွဲ့များအတွင်းမှ ကလေးများကို ပြန်လွှတ်ပေးခြင်းနှင့် ပါဝင်ပတ်သက်နေမှုများကို ရပ်ဆိုင်းခြင်းများကို လုပ်ဆောင်ပါက လုံခြုံစိတ်ချသော နည်းလမ်းများဖြင့် လုပ်ဆောင်ရမည်။ ဖြစ်နိုင်သော အခြေအနေများရှိပါက ကလေးကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အထူးပြုလုပ်ဆောင်နေသောအခြားသူများနှင့် ပူးပေါင်းလုပ်ဆောင်မည်။

၇) မိမိတို့အာဏာကျင့်သုံးနေသော နေရာဒေသများ အတွင်းရှိကလေးများကို သင့်လျော်သော အခြေအနေမျိုးတွင် လူသားချင်း စာနာကူညီသော အဖွဲ့များ သို့မဟုတ် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ လိုအပ်သည့်အကူအညီများနှင့် စောင့်ရှောက်မှုများ ထောက်ပံ့ပေးခြင်းများ လုပ်ဆောင်မည်။ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် အခြားအရာများအပြင် မိမိတို့သည်–

(က) ကလေးများအနေဖြင့် လုံလောက်သော အစားအစာများ၊ စိတ်ပိုင်းနှင့် လူမှုအထောက်အကူများ အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုများ၊ ပညာရေးနှင့် ဖြစ်နိုင်သော အခြေအနေမျိုးတွင် အပမ်းဖြေမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများ ရရှိခံစားနိုင်အောင် လိုအပ်သည့် လုပ်ဆောင်ပေးခြင်းများကို လုပ်ဆောင်ပေးမည်။

(ခ) ကလေးများအပေါ် လိင်ပိုင်းနှင့် အခြားသောနည်းများဖြင့် အကြမ်းဖက်ခြင်းများ မရှိအောင်ကာကွယ်ပေးမည်။

(ဂ) လိုအပ်နေသောကလေးများကို မျက်နှာလိုက်ခြင်းမရှိဘဲ လူသားချင်းစာနာသော အကူအညီများကိုပေးနိုင်အောင် လုပ်ဆောင်ပေးမည်။

(ဃ) ကလေးများကို သူတို့၏မိသားစုများနှင့် ပြန်လည်ပေါင်းစည်းနိုင်ရန် မျက်နှာလိုက်ခြင်းမရှိဘဲ လုပ်ဆောင်နေသော လူသားချင်းစာနာမှု အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ပံ့ပိုးပေးမည်။

(င) စာသင်ကျောင်းများ သို့မဟုတ် ကလေးများအဓိက အသုံးပြုနေသော အခြားပရိဝုဏ်များကို စစ်ရေးအရအသုံးပြုခြင်းကို ရှောင်ကြဉ်မည်။

၈) မိမိတို့၏ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ ဌာနများ၊ စစ်ဖက်ဆိုင်ရာ အကြီးအကဲများနှင့် တိုက်ပွဲဝင်များမားမိမိတို့၏ယခု အဓိဋ္ဌာန်ပြုထားချက်များအား အကောင်အထည်ဖော်ခြင်းနှင့် တည်မြဲစေခြင်းတို့ ဖြစ်စေရန် သတင်းအချက်အလက်များ ဖြန့်ဖြူးပေးခြင်းနှင့် သင်တန်းများ ပို့ချပေးခြင်းများအပါအဝင် လိုအပ်သော အမိန့်ကြေညာချက်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်သွားမည်။ စစ်ဖက်ဆိုင်ရာ အကြီးကဲများနှင့် ထိပ်ပိုင်းအရာရှိများသည် မိမိတို့၏လက်အောက်ငယ်သားများအတွက် တာဝန်ရှိသည်။ ယခုအချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိသည့်အခါမျိုးတွင် ထိုချိုးဖောက်မှုများကို ချက်ချင်းရပ်တံ့စေခြင်း၊ သင့်တော်သလို စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်ခြင်းနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများအရ အရေးယူခြင်းများကို လုပ်ဆောင်မည်။

၉) ဂျီနီဗာတောင်းဆိုမှုအဖွဲ့ **(Geneva Call)** နှင့်အပြင် ထိုအဖွဲ့နှင့်ရည်ရွယ်ချက်အတူတူ ဆက်သွယ်လုပ်ဆောင်နေသည့်အခြားလွတ်လပ်သည့် နိုင်ငံတကာအဖွဲ့များနှင့် နိုင်ငံတော်အဆင့်အဖွဲ့များအား ယခုအဓိဋ္ဌာန်ပြုချက်များကိုစောင့်ကြပ်ရန်နှင့် ဆန်းစစ်နိုင်ရန်အတွက် ခွင့်ပြု၍ပူးပေါင်းဆောင်ရွက် လုပ်ဆောင်သွားမည်။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ရှိစေရန် ရည်ရွယ်ချက်များအရ လိုအပ်သည့်အတိုင်း ထိုသို့စောင့်ကြပ်မှုများနှင့် ဆန်းစစ်မှုများလုပ်ဆောင်ရာတွင် မိမိတို့လှုပ်ရှားနေသည့် နယ်မြေဧရိယာများ အားလုံးသို့ သွားရောက်ခွင့်နှင့် စစ်ဆေးမှုများ၊ လိုအပ်သည့်သတင်းများနှင့် အစီရင်ခံချက်များ ထုတ်ပြန်ပေးခြင်းများ ပါဝင်သည်။

၁၀) ယခုအဓိဋ္ဌာန်ပြုချက်ကို လူသားချင်းစာနာမှု စံချိန်စံညွှန်းများ အထူးသဖြင့် နိုင်ငံတကာလူသားချင်းစာနာမှု ဥပဒေများ၊ လူ့အခွင့်အရေးများနှင့် ပတ်သက်၍ စံနမူနာဖြစ်စေသည့် မူဝါဒများ၏ ခြေလှမ်းတလှမ်း အနေဖြင့်ဖြစ်စေ သို့မဟုတ် ပိုမိုကျယ်ပြန့်သော အဓိဋ္ဌာန်၏ အစိတ်အပိုင်းတခု အနေဖြင့်ဖြစ်စေ မှတ်ယူကျင့်သုံးမည်။ ထို့အပြင် လက်တွေ့ပတ်ဝန်းကျင်တွင် အမှန်တကယ်လေးစားစွာ ကျင့်သုံးမှုများနှင့် လက်နက်ကိုင်ပဋိပက္ခနှင့် ပတ်သက်၍ လူသားချင်းစာနာမှုဆိုင်ရာ အဆင့်အတန်း စံချိန်စံညွှန်းများ နောက်ထပ်တိုးပွားလာအောင် အထောက်အကူ ဖြစ်စေမည်။

၁၁) ယခုနားလည်မှုစာချွန်လွှာသည် ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့က ပြဋ္ဌာန်းခဲ့သော ဂျီနီဗာစာချုပ်၏အပိုဒ် (၃) တွင် ပါဝင်သည့် စာသားအရ မိမိတို့၏တရားဝင်မှုဆိုင်ရာ အဆင့်အတန်း အပေါ်သက်ရောက်ခြင်း မပြုစေရ။

၁၂) မိမိတို့၏ လိုက်နာဆောင်ရွက်မှုများနှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများနှင့်ပတ်သက်၍ ဂျီနီဗာတောင်းဆိုမှုအဖွဲ့ အနေဖြင့် လူအများသိရှိစေရန်

လုပ်ဆောင်နိုင်သည်ကို မိမိတို့သဘောပေါက်နားလည်သည်။

၁၃) အခြားလက်နက်ကိုင် အဖွဲ့များအနေဖြင့် ယခုနားလည်မှု စာချွန်လွှာအပေါ် စိတ်ဆန္ဒရှိလာပြီး သက်ဝင်ယုံကြည် လာနိုင်ကြောင်းကိုသိမြင်၍ ထိုသို့ဖြစ်လာအောင် မိမိတို့အနေဖြင့် လုပ်ဆောင်သွားမည်။

၁၄) မိမိတို့အဖွဲ့တွင် လက်နက်ကိုင်ပဋိပက္ခနှင့် ကလေးများဆိုင်ရာ အခြားပူးတွဲ ကြေညာချက်များရှိပါက ယခုနားလည်မှု စာချွန်လွှာသည် ထိုကြေညာချက်များနှင့် လိုက်လျောညီထွေ ကိုက်ညီမှုရှိစေမည်။

၁၅) ယခုနားလည်မှုစာချွန်လွှာတွင် ချွင်းချက်ထား လက်မှတ်ထိုးခြင်းများသည် စာချွန်လွှာ၏ ရည်ရွယ်ချက်နှင့် ဦးတည်ချက်များ၊ နိုင်ငံတကာလူသားချင်း စာနာမှုဥပဒေများနှင့် ကလေးအခွင့်အရေးဆိုင်ရာစာချုပ်၏ လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲစာချုပ်ပါ အဖွဲ့ဝင်နိုင်ငံများ လိုက်နာရမည့် အနိမ့်ဆုံး တာဝန်ရှိမှုနှင့် ကိုက်ညီရမည်။ လက်မှတ်ထိုးပြီးပြီးချင်း ထိုအချက်များကို ရေးသားဖော်ပြရမည်ဖြစ်ပြီး ကလေးသူငယ်များ အခွင့်အရေးအပေါ် အမြင့်ဆုံးနှင့် အဖြစ်နိုင်ဆုံး လေးစားမှုများ ရရှိနိုင်စေရန်အတွက် ထိုချွင်းချက်များအပေါ် ပုံမှန်လေ့လာဆန်းစစ်သွားမည်။ ဂျီနီဗာကောအဖွဲ့သည် ထိုသို့ချွင်းချက်ထားခြင်းများအပေါ် ခွင့်ပြုနိုင်မှုနှင့် ပတ်သက်၍ နောက်ဆုံးဆုံးဖြတ်နိုင်သောသူ ဖြစ်သည်။

၁၆) ယခုနားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးပြီး ဂျီနီဗာပြည်ထောင်စုနှင့် မြို့တော်ဒေသက ထိန်းသိမ်း စောင့်ရှောက်ရန် လက်ခံလိုက်သည့် အချိန်မှစ၍ အတည်ပြုသက်ရောက်စေမည် ဖြစ်သည်။

## လက်တွေ့ဘဝနှင့် ဆက်စပ်ပေးခြင်း

အုပ်စုငယ် (၃)ဖွဲ့ ဖွဲ့မည်။

- ဤစာချွန်လွှာကိုလက်မှတ်ရေးထိုးခြင်းအားဖြင့် နောက်ဆက်တွဲဘယ်လို အကျိုးကျေးဇူးတွေ ရရှိနိုင်မလဲ။
- တကယ်လို့သာ မိမိအဖွဲ့မှဤစာချွန်လွှာတခု လက်မှတ်ထိုးမည်ဆိုရင် ဘာတွေပြင်ဆင်ဖို့လိုအပ်မလဲ။
- ဆန္ဒမွန်ကတိပြုမှုစာချွန်လွှာတခုထဲမှာ ပါဝင်ကတိပြုထားတဲ့အချက်တွေကို အမှန်တကယ်လေးစားလိုက်နာမှုရှိစေရန် နောက်ဆက်တွဲ ဘာတွေလုပ်သင့်သလဲ။

## အဖြေရှာလုပ်ဆောင်ခြင်း

- ဤစာချွန်လွှာကို မိမိတို့အဖွဲ့မှ လက်မှတ်ရေးထိုးသည့်အဆင့်သို့ရောက်ရှိလာစေရန် မိမိအနေဖြင့် မည်သို့စတင်လုပ်ဆောင်သွားမလဲ။

## ရှိနှင့်ပြီးသောအရာများ

- ကရင်အမျိုးသားအစည်းအရုံး၊ ကရင်လွတ်မြောက်ရေးတပ်မတော်နှင့် ယူနီဆက်ဖ်ရေးထိုးထားသော ကလေးစစ်သားအသုံးပြုမှုရပ်တန့်ရေး ဆန္ဒမွန်ကတိပြုမှုစာချွန်လွှာမိတ္တူ
- လက်နက်ကိုင်ပဋိပက္ခများ၏ သက်ရောက်မှုများခံစားရသော ကလေးသူငယ်များအား ကာကွယ်ရေးနှင့်ပတ်သက်၍ ဂျီနီဗာတောင်းဆိုမှုအဖွဲ့၏ နားလည်မှုစာချွန်လွှာ

## လေ့လာရန်

- KNU/KNLA Deed of commitment with UNICEF
- KNPP/CNF Deed of commitment with UNICEF
- Deed of commitment on children affected by armed conflict with Geneva Call

သင်ခန်းစာ (၁၁)

# ဒီဒီအာလုပ်ငန်းစဉ်

- ပဲရစ်ဥပဒေသ နှင့် ဒီဒီအာတို့၏ အဓိပ္ပာယ်များကိုသိရှိစေရန်။
- နိုင်ငံတကာတွင်ပြုလုပ်ခဲ့သည့် ကလေးများအားပြန်လည် ထူထောင်ရေးလုပ်ငန်းများအား လုပ်ဆောင်မှုအတွေ့အကြုံများကိုလေ့လာပြီး သင်ခန်းစာယူတတ်လာစေရန်။
- DDR အစီအစဉ်ကို စတင်အကောင်အထည်ဖော် လုပ်ဆောင်မည့်နည်းလမ်းများ ရှာဖွေလုပ်ဆောင်တတ်လာစေရန်။

**လှုပ်ရှားမှု . . .**

